# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း (၃) ရက် ၊ သောကြာနေ့ ၊ (21-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေးနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဧပြီ ၂၀**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးနာယကအဖွဲ့နှင့်ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေးနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


ကုန်ခံသုံးသွားသောစွမ်းအားများ

DAGON MALTA FRESH

နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ရတနာပုံ
၂၀၁၂ ခုနှစ် မေ ၂၀ ရက်
အယ်ဒီတာ့အာဘော်

## ရေကိုအကျိုးရှိစွာ သုံးစွဲပါ

လူ့အဖွဲ့အစည်းအတွင်းရှိ လူမှုဘဝများ ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်ပြီး နေ့စဉ်အသုံးပြုနေကြရသော အရာဝတ္ထုတစ်ခုမှာ "ရေ"ဖြစ်သည်။ "ရေအသက်တစ်မနက်"ဟုလည်း သုံးနှုန်း၍ ရေ၏ အရေးပါပုံကို ရည်ညွှန်းဖော်ပြကြသည်။

မိမိတို့နိုင်ငံတွင် ရေအရင်းအမြစ်များ ပေါများစွာတည်ရှိသည်ဟု ဆိုနိုင်သော်လည်း မိုးခေါင်ရေရှားဒေသများ၌ နွေရာသီရောက်လျှင် သောက်သုံးရေအခက်အခဲကြုံတွေ့နေရဆဲဖြစ်သည်။ အဆိုပါအခက်အခဲကို ဖြေရှင်းဆောင်ရွက်ကြရာတွင် ရေသယ်ယာဉ်ကြီးများဖြင့် မိုးခေါင်ရေရှားဒေသရှိ ကျေးရွာများအရောက် သောက်သုံးရေဖြန့်ဝေပေးနေသည်ကို နှစ်စဉ်မြင်တွေ့ကြရသည်။ ချောင်းအတွင်းရှိ လက်ယက်တွင်းငယ်များမှ ရေတစ်အိုးရရန် စိတ်ရှည်စွာစောင့်ဆိုင်းခပ်ယူကြရသည့် ကျေးရွာသူ၊ ကျေးရွာသားများအဖို့ ရေသယ်ယာဉ်ကြီးများဖြင့် လာရောက်၍ သောက်သုံးရေဖြန့်ဝေပေးခြင်းမှာ လက်ငင်းလူမှုဘဝအတွက် များစွာအကျိုးဖြစ်ထွန်းစေသည်။

ရေက လူတစ်ဦး၏ ခန္ဓာကိုယ်တွင် သုံးပုံနှစ်ပုံ နေရာယူထားပြီး ရေဓာတ်ခန်းခြောက်ပါက ခန္ဓာကိုယ်အတွက် လိုအပ်သောရေဓာတ်ကို ဖြည့်တင်းရန်လိုအပ်သည်။ ရေကို နေ့စဉ်မှန်မှန်မှီဝဲသောက်သုံးကြရပြီး ခန္ဓာကိုယ်တစ်ခုလုံးသို့ သက်စောင့်ဓာတ်အဖြစ် လှည့်ပတ်ရောက်ရှိရာ ကျန်းမာသောခန္ဓာကိုယ်ကို ဖြစ်ပေါ်စေနိုင်သည်။ ရေဓာတ်နှင့်အာဟာရဓာတ်ရရှိစေရေး မှီဝဲအသုံးပြုကြရန်အတွက် ရေကိုအခြေခံ၍ ထုတ်လုပ်ထားသော စားသောက်ကုန်ဖျော်ရည်အမျိုးမျိုးကို ကျန်းမာရေးနှင့်သင့်လျော်အောင် စီမံထုတ်လုပ်လာကြသည်ဟု ဆိုနိုင်သည်။

ပထဝီဝင်ပညာရှင်တို့၏အဆိုအရ ကမ္ဘာမြေ၏ လေးပုံသုံးပုံကို ရေပြင်ကဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။ ထိုမျှများပြားသော ရေပမာဏမှ နှစ်ရာခိုင်နှုန်းကသာ လူတို့သောက်သုံးနိုင်သည့် ရေချိုပမာဏဖြစ်ကြောင်းလည်း တွက်ချက်ဖော်ပြကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားမှုကို ရင်ဆိုင်ကြုံတွေ့နေကြရပြီး အဆိုပါအခက်အခဲမှာ ကမ္ဘာ့နိုင်ငံများအဖို့ ခေါင်းခဲစရာဖြစ်လာသည်။

မိမိတို့နိုင်ငံတွင် မြေအရင်းအမြစ်ကြွယ်ဝပေါများသည်ဟုဆိုနိုင်သော်လည်း ရေကိုတန်ဖိုးရှိရှိသုံးစွဲကြရန် လိုအပ်နေသည်။ ရေကိုအကျိုးရှိစွာ သုံးစွဲခြင်းသည် ရေကိုချွေတာနိုင်ခြင်းဖြစ်၍ လိုအပ်သောပမာဏကိုသာ ချင့်ချိန်သုံးစွဲခြင်းဖြစ်ရာ ကုန်ကျစရိတ်ကို ကာမိစေမည်ဖြစ်သည်။ ရေကိုအကျိုးရှိစွာသုံးစွဲကြရာ၌ လျှော်ဖွပ်ဆေးကြောကြရာတွင် အသုံးပြုသောရေကို သစ်ပင်များကိုလောင်းခြင်း၊ ပက်ဖျန်းခြင်း၊ ရေပိုက်ခေါင်းကို အသုံးမပြုသေးဘဲ ဖွင့်ထားမှုမှ ရှောင်ကြဉ်ခြင်း၊ ပေါက်နေသောရေပိုက်များ၊ ရေထွက်ပေါက်များကို အလဟဿမဖြစ်အောင် ပြုပြင်ခြင်းတို့ ပါဝင်ပေသည်။

နွေရာသီတွင် ပူပြင်းခြောက်သွေ့မှုနှင့်အတူ ရေလိုအပ်ချက်ပိုမိုရှိလာသော်လည်း ရေတွင်း ရေကန်များ၌ ရေလျော့နည်းနေတတ်သည့်အချိန်ဖြစ်ရာ ၎င်းအချက်ကို ကောင်းစွာသတိမူအပ်ပေသည်။ မြန်မာလူ့အဖွဲ့အစည်း၌ ရေတွင်းရေကန်များကို မွန်မြတ်သော၊ ကောင်းကျိုးအထူးပြုသောနေရာဌာနများအဖြစ်သတ်မှတ်ကာ တူးဖော်ဆောက်လုပ်လှူဒါန်းလေ့ရှိသည်။

သို့ဖြစ်ပေရာ အသက်တမျှ တန်ဖိုးကြီးမားသောရေကို အနည်းငယ်မျှပင်ဖြစ်စေ အလဟဿမဖြစ်စေဘဲ အကျိုးရှိရှိသုံးစွဲကြရန်နှင့် ရေတွင်း၊ ရေကန်၊ ရေအရင်းအမြစ်ပေါ်ထွက်ရာနေရာများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ယခုနှစ်ထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား စိန်တလုံးသရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရာတွင် ဈေးကောင်းရရှိနေ



**မန္တလေး မေ ၂၀**

ယခုနှစ်ထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား စိန်တလုံးသရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံ ဈေးကွက်သို့ စမ်းသပ်ကာလအနေဖြင့် တင်ပို့ ရောင်းချနေခြင်းများရှိကြောင်း၊ ယခုနှစ်တွင် တရုတ်နိုင်ငံ ကုန်သွယ်ရေးလမ်းကြောင်း ဖွင့်လှစ်လိုက်သည့်အတွက် ပေါ်ဦးပေါ်ဖျား စိန်တလုံးသရက်သီးများကို တင်ပို့ရောင်းရာတွင် ဈေးကောင်းရရှိနေကြောင်း၊ ယခုနှစ်သရက်ရာသီတွင် ရောင်းချရသည့် ဈေးနှုန်းများမှာ သရက်သီး အလုံး ၁၀၀ ပါ ချပ်ဖာတစ်ဖာလျှင် တရုတ်ငွေ ယွမ် ၁၁၀ မှ ၁၄၀ ဈေးနှုန်းဖြင့် ရောင်းချနေရသည့်အတွက် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"တရုတ်နိုင်ငံ ဈေးကွက်ကို စပြီးတင်ပို့ရောင်းချနေကြပါတယ်။ ဈေးကောင်းတွေ ရရှိနေပါတယ်။ ဒီနှစ်က အရည်အသွေးကောင်း သရက်သီးပဲ ဈေးကောင်းရနိုင်တာပါ။ တချို့က ဈေးကောင်းရပြီဆိုပြီး အရည်အသွေးမပြည့်မီဘဲ ခူးရောင်းလိုက်ကြတာကြောင့် ကျန်တဲ့တောင်သူတွေ နစ်နာကြပါတယ်။ နှစ်တိုင်း ကြုံတွေ့နေရပါတယ်။ တောင်သူအချင်းချင်းနားလည်မှုရှိဖို့လိုပါတယ်။ ဒီနှစ်မှာတော့ သရက်စိုက်တောင်သူတွေ၊ ပွဲစားတွေအနေနဲ့ ဒါကိုဂရုစိုက်လိုက်မယ်ဆိုရင် ဈေးကွက်အနေအထား ပိုကောင်းလာမှာပါ။ အခုလောလောဆယ်မှာတော့ တင်ပို့ရောင်းချနေတာဆိုရင် တစ်ရက်ကို ၁၂ ဘီးကားနဲ့ လေးစီး၊ ငါးစီးလောက် ပုံမှန်သွားရောက်နေပါတယ်။ သရက်သီးက လှိုင်လှိုင်တော့ မထွက်သေးပါဘူး။ အလှိုင်ဆုံးဖြစ်မှာကတော့ မေလကုန် မေလဆန်းကစပြီး ကောင်းမှာပါ။ စပေါ်ပေါ်ချင်းကို ဈေးကောင်းရရှိနေပါတယ်"ဟု ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။ (၁၈၅)

## မန္တလေးဈေးကွက်တွင် ပဲယဉ်း အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၃၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး မေ ၂၀**

မန္တလေးဈေးကွက်တွင် ပဲယဉ်း အရောင်းအဝယ် ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၅၃၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲယဉ်းကို ယခုလက်ရှိ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုများပြားလာကြောင်း၊ ယခုလတ်တလော ပဲယဉ်းများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိပဲယဉ်းအသစ်တွေ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ ပြည်ပဘက်ကို အဓိကထားတင်ပို့တဲ့ ပဲယဉ်းအသစ်တွေကို ပြည်တွင်းမှာဝယ်ယူမှုများတာကြောင့် ဈေးကောင်းပြန်ဖြိုးရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဧပြီလ ပထမပတ်အတွင်းက ပဲယဉ်းဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ပဲယဉ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၃၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေး ကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်း အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ အခုလတ်တလော ပြန်ပြီးများလာတယ်။ ပဲယဉ်းအပြင် အချို့ကုန်စည်တွေလဲ အရောင်းအဝယ်ဖြစ်ပါတယ်။ အခုကတော့ ပဲယဉ်းက အဝယ်လိုက်နေတာကြောင့် ဈေးကောင်းပြန်ရနေတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

## မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး မေ ၂၀**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် အသစ်ဘီးအရောင်းအဝယ် အေးနေပြီး အဟောင်းဈေးကွက်နှင့်အရစ်ကျရောင်းချမှု ပို၍ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

တစ်ပတ်ရစ် ဆိုင်ကယ်ဈေးကွက်တွင်လည်း ဘီးကြောကောင်း မွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများမှာ ငွေကျပ် ၄၅၀၀၀၀ ခန့် ဆိုင်ကယ်များ ပို၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်း မှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းအမျိုးအစားမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးကျော်စိုးထံမှ သိရသည်။

မန္တလေးကားဈေးကွက်တွင် မော်ဒယ်မြင့်ဘယ်မောင်းနှင့်တန်ဖိုးမြင့်ကားများ အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းအသင့်အတင့်ရှိသော ကားအမျိုးအစားများမှာ အရောင်းဖြစ်နေကြောင်း မန္တလေးမြို့လမ်း ၆၀ ကားဝိုင်းမှ သိရသည်။

ယခုအခါ ငွေကျပ်သိန်း ၃၅၀ အောက်MDY လိုင်စင်ကားဟောင်းများ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဗစ်၊ မာစတာဒီမီယို၊ ၃စ်ရှိစသည့်ကားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း၊ ၃စ်ရှိအမျိုးအစားများတွင် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၀၀ ခန့်ဈေးတန်းရှိကားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း၊ နံပါတ်ထွက်ပြီးသား အယ်လ်ဖတ်၊ ကလူဂါ၊ ကရောင်းနှင့် ရွှေငါးမာ့ခ်တူး ကားများလည်း အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ယခုအခါ နှစ်နှစ်ဆယ်သက်တမ်းဝင် အရည်ကျိုကားများမှာ ငွေကျပ် သိန်း ၁၂၀ ခန့်နှင့် အမည်ပေါက်စလစ် ဈေးနှုန်းမှာ ငွေကျပ် ၁၂၅ သိန်းခန့်ထိ ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောက်သည်အဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟိုပုံးမြို့နယ် ထီဆိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး ဧပြီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထီဆိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဒေါ်လှယမင်းဌေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထီဆိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသားအသင်းသူ ၇၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# တန့်ဆည်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၄၅၁၇ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၄၅၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး လျာထား ၃၃၀၀၀ ဧကကို ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၄၅၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်က တန့်ဆည်မြို့နယ်မှာ နွေစပါးဧက ၉၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့တယ်။ ဒီနှစ် နွေစပါးဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ နွေစပါး ၄၅၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အထွက်နှုန်းကောင်းဖို့ စိုက်ပျိုးနည်းစနစ်တွေမှန်ကန်စေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

နွေစပါးစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများပေးခြင်း၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ လယ်ယာမြေဧက ၁၀၀၀ ကို စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်



**နေပြည်တော် ဧပြီ ၂၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ လယ်ယာမြေဧက ၁၀၀၀ ကို စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသတင်းများအရ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနသည် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရာတွင် အဓိကကျသည့်အခြေခံအချက်ဖြစ်သည့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများကို တစ်နိုင်ငံလုံးတွင် ပေါ်ထွန်းလာစေရေးအတွက် အရှိန်အဟုန်မြင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က မြေလွတ်၊ မြေရိုင်း(လယ်လုပ်)များကို စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာ၌ ၁၉၅ ဧက၊ ကော့မူးတာကျေးရွာ၌ ဧက ၁၅၀ နှင့် ကော့သင်းကျေးရွာ၌ ၁၅၅ ဧက စုစုပေါင်းမြေလွတ်၊ မြေရိုင်း(မြေလုပ်) ဧက ၅၀၀ ကို စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ဘားအံမြို့နယ် ရသေ့ပုံကျေးရွာ၌ လယ်ယာမြေဧက ၁၀၀၊ လှိုင်းဘွဲ့မြို့နယ် ကော့မြတ်ကြီးကျေးရွာ၌ လယ်ယာမြေဧက ၃၀၀ စုစုပေါင်းလယ်ယာမြေဧက ၄၀၀ ကို စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ကရင်ပြည်နယ်၌ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဧက ၁၀၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးရာတွင် ဘားအံမြို့နယ် မောက်မယ်လာကျေးရွာ၌ လယ်ယာမြေဧက ၃၀၀၊ လှိုင်းဘွဲ့မြို့နယ် ထန်းကုန်းကျေးရွာ၌ လယ်ယာမြေဧက ၃၀၀ နှင့် ရွာကိုင်းကောင်းကျေးရွာ၌ ဧက ၁၅၀၊ ကော့ကရိတ်မြို့နယ် ကော့တာကျေးရွာ၌ လယ်ယာမြေဧက ၂၅၀ စုစုပေါင်းလယ်ယာမြေဧက ၁၀၀၀ ကို စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် အဆင့်မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

SKL

# ဖြူးမြို့နယ် ကျွဲနွယ်ဂုတ်ကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဖြူး ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျွဲနွယ်ဂုတ်ကျေးရွာ၌ ကျေးရွာတွင်းကျောက်ရောမြေလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ကျွဲနွယ်ဂုတ်ကျေးရွာ၌ ကျေးရွာတွင်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ကျွဲနွယ်ဂုတ်ကျေးရွာ၌ လမ်းအရှည် ပေ ၂၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ရောမြေလမ်း ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၈၀ ဖြင့် ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။ **ကိုညို**

# အမ်းမြို့နယ် သလူမော်ကျေးရွာ၌ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်နှစ်ကန် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**အမ်း ဧပြီ ၂၀**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ သလူမော်ကျေးရွာ၌ ရေရရှိရေးအတွက် ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်နှစ်ကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သလူမော်ကျေးရွာ၌ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်နှစ်ကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

အမ်းမြို့နယ် သလူမော်ကျေးရွာ၌ အလျား ၁၈ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်နှစ်ကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၁၉ သန်းအသုံးပြု၍ တင်ဒါအောင်မြင်သည့် ရွှေထူးကြီးကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် သလူမော်ကျေးရွာရှိ အိမ်ခြေ ၃၀၄ အိမ်၊ လူ ၂၀၃၈ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**



# ယဉ်ကျေးမှုနှင့် စာရိတ္တဖွံ့ဖြိုးမှုအစ ပြည်သူ့နီတိက

မောင်ဖြိုးသူ(ကြို့ပင်ကောက်)

မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲများ ကျင်းပကြလေ့ရှိသည်။ ထို့ပြင် ဝါလကင်းလွတ် သီတင်းကျွတ်ပြီဆိုမှဖြင့် သက်ကြီးရွယ်အိုများကို လူငယ်များက ပူဇော်ကန်တော့ကြသည်မှာလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု၏ ချစ်စရာဓလေ့ပင်ဖြစ်သည်။

သို့သော်. . . သို့သော်. . .

"နှစ်သစ်ကူးအခါသမယနဲ့ ဝါလကင်းလွတ်သီတင်းကျွတ်ပြီဆိုတာနဲ့ ရှေ့ပြေးလုပ်ရှားမှုရယ်လို့ ပြောရမလား၊ ဂါရဝပြုကန်တော့တယ်ဆိုရမလား၊ ဝါဒကွဲပြားနေကြတဲ့ ကန်တော့ကြတာတွေကတော့ နေရာတိုင်းမှာပဲကွ"

"ဟုတ်တယ်ကွ။ သက်ကြီးရွယ်အိုတွေ၊ အဘိုးအဘွား၊ အဖေ၊ အမေတွေ၊ ဆရာ၊ ဆရာမတွေကို မင်္ဂလာတရားနဲ့အညီ ငယ်ရွယ်သူတွေက ကန်တော့နေကြတာဟာ **"ပူဇာစ ပူဇနေယျာနံ"** ပူဇော်ထိုက်သူကို ပူဇော်တဲ့ မင်္ဂလာတရားမို့ စဉ်လာမပျက် ဆက်လက်ထိန်းသိမ်းနေသင့်တယ်ကွ"

**"သုံးပါးရတနာ မိဘများနှင့် ဆရာသမားကို ပူဇော်လေ ချမ်းသာကိုပေး ဆက်ဆံရေး မျှော်တွေး သုံးချက်ပေ"** လို့ လူမိုက်ကို ရှောင်လွှဲကြဖို့၊ ပညာရှိကို မှီဝဲဆည်းကပ်ကြဖို့၊ အနဋ္ဌောအနဋ္ဌင်ါးပါးကို ပူဇော်ကြဖို့ ၃၈ ဖြာ မင်္ဂလာထဲက ဆက်ဆံရေးမင်္ဂလာအဖြစ် တို့ငယ်စဉ်ကလေးဘဝက သင်ကြားခဲ့ရတယ်လေ"

"တို့ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွေနဲ့ စာသင်ကျောင်းတွေမှာ ဗုဒ္ဓစာပေကို သင်ကြားခဲ့ရတော့ **"ဆည်းကပ်ပူဇော်တယ်"** ဆိုတဲ့စကားရဲ့ လေးနက်မှုကို ခံစားနားလည်ခဲ့ရတယ်ကွ။ အခုခေတ်ကာလမှာတော့ ၃၈ ဖြာ မင်္ဂလာဆိုတာ ဘာမှန်းမသိကြတော့ဘဲ လူကြီးတွေကို ကန်တော့ရင် မုန့်ဖိုးရမယ်ဆိုတဲ့အသိပဲ ရှိနေကြတယ်ကွ။ ကန်တော့တာ၊ ပူဇော်တာကို အလေးအနက်မထားကြတော့ဘူးကွာ"

"ကန်တော့ကြတာကို ထားပါဦးကွာ။ သွားလာနေထိုင်၊ ပြောဆိုမှုအစုစုမှာ လူငယ်တချို့ဟာ **"ပြည်သူ့နီတိကျင့်ဝတ်"** မရှိကြတာက တော်တော်ဆိုးနေတယ်ကွ"

ပင်စင်လာရောက်ထုတ်ကြရင်းက လက်ဖက်ရည်ဆိုင်တွင် စကားလက်ဆုံကျနေသော ပင်စင်စားအဘိုးကြီးများ၏ စကားဝိုင်းမှစကားသံများက ကျွန်တော့်ကို ဖမ်းစားသွားလေရာ ကျွန်တော်ကစိတ်ပါဝင်စားစွာ နားစိုက်ထောင်နေခဲ့သည်။

"ကားပေါ်မှာ၊ လမ်းပေါ်မှာ၊ အသက်အရွယ်ကြီးသူတွေကို တိုးဝှေ့ပြီးတိုက်မိရင် Sorry တစ်ခွန်းနဲ့ပဲ ဝတ်ကျေတမ်းကျေပြောသွားကြတယ်။ စကားပြောကြရင်လဲ ဗန်းစကားတွေညှပ်ပြီး ညစ်တီးညစ်ပတ်စကားတွေကို ပြောဆိုလေ့ရှိကြတယ်"

"အေးကွ မင်းပြောသလိုပဲ ကိုယ့်ထက်ကြီးသူတွေရဲ့အပေါ်က ကျော်လွှားသူက ကျော်လွှား၊ သက်ကြီးရွယ်အိုတွေနဲ့ ကိုယ်ဝန်သည်တွေကော သံဃာတော်တွေကိုပါ နေရာမဖယ်ပေးကြဘဲ ခပ်တည်တည်နဲ့ ထိုင်နေနိုင်ရက်ကြတယ်။ တော်တော်ရိုင်းစိုင်းနေကြတယ်ကွ"

"အဲဒါ ပြည်သူ့နီတိကျင့်ဝတ်ကို မသိကြလို့ပေါ့ကွာ။ မသိဆို သင်ကြားပို့ချမှုကလည်း ရှိမှမရှိတော့တာလေ။ တို့ကလေးဘဝကနဲ့တော့ ကွာပါ့ကွာ"

ထိုစကားက ကျွန်တော့်ခံစားချက်နှင့်ကိုက်ညီနေသဖြင့် ကျွန်တော့်နှလုံးသားကို ရိုက်ခတ်တုန်လှုပ်သွားစေခဲ့သည်။

သက်ကြီးရွယ်အိုများကို ရိုသေရမှန်းမသိကြသူများကို စင်ကာပူနိုင်ငံမှ အလေ့အထများ မြင်တွေ့ကြစေချင်သည်။ စင်ကာပူနိုင်ငံမှာ ကားပေါ်မှာရော ရထားပေါ်မှာပါ သက်ကြီးရွယ်အိုများကို အမြဲနေရာပေးကြသည်။ နေရာဖယ်ပေးလေ့ရှိကြသည်။ အိမ်ရာများတွင်လည်း အိုမင်းမစွမ်းသူများအတွက် ကားရပ်နားရန်နေရာ သီးခြားပေးထားသည်။

သို့သော် စင်ကာပူနိုင်ငံ ရထားပေါ်မှာ သက်ကြီးရွယ်အို ကျွန်တော်တို့ဇနီးမောင်နှံကို နေရာမပေးကြဘဲ မသိကျိုးကျွန်ပြုမှု ထိုင်နေကြသူများက မြန်မာမိန်းကလေးနှစ်ဦးဖြစ်နေလေရာ ရင်နင့်ဖွယ်၊ ရှက်ရွံ့ဖွယ် ကြုံတွေ့ခဲ့ရဖူးသည်။

ယနေ့ လူငယ်အများစုသည် **"ပြည်သူ့နီတိကျင့်ဝတ်"** ကို ကြားဖူးမှ ကြားဖူးကြပါလေစ။

**"နီတိ"** ၏ လိုရင်းအဓိပ္ပာယ်မှာ **"လမ်းညွှန်ခြင်း၊ ဆောင်ခြင်း"** ပင်ဖြစ်သည်။ ကောင်းမွန်သည်ကို လမ်းညွှန်ပြီး အကျိုးစီးပွားကိုဆောင်ခြင်းသည် **"နီတိ"** ပင်ဖြစ်သည်။

❖ ကျွန်တော်တို့နိုင်ငံသည် တခြားသောနိုင်ငံများထက် မှုခင်းနည်းပါးသည့်နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် ၁၈ စက္ကန့်တိုင်းမှာ အကြမ်းဖက်မှုတစ်ခုဖြစ်ပွားသည့် နိုင်ငံရှိသကဲ့သို့ လူသတ်မှုအများဆုံးနိုင်ငံ၊ အဓမ္မကျင့်မှုအများဆုံးနိုင်ငံများလည်းရှိနေကြသည်။ ထိုနိုင်ငံများထက် ကျွန်တော်တို့နိုင်ငံက ရာဇဝတ်ပြစ်မှုများနည်းပါးရခြင်းမှာ "ဓမ္မနီတိ"၊ "လောကနီတိ"၊ "ရာဇနီတိ" ဟူသော နီတိကျင့်ဝတ်များ၏ ဆုံးမပဲ့ပြင်မှုနှင့် "ဓမ္မသတ်"၊ "ရာဇသတ်" များ၏ ထိန်းချုပ်မှုအောက်တွင် နှစ်ပေါင်းထောင်ချီပြီး ရင့်ကျက်သိမ်မွေ့ယဉ်ကျေးသည့် ရိုးရာဓလေ့များကြောင့်ပင်ဖြစ်သည်။ ❖

**"လောကဿ ဟိတံ နေတီတိ နီတိ"**

လောကဿ = လောကကြီး၏(တစ်နည်းအားဖြင့်)လူအများ၊ ပြည်သူအများ၏။
ဟိတံ = အကျိုးစီးပွားကို။
နေတီတိ = ရွက်ဆောင်တတ်၏။
ဣတိ-တသ္မာ = ထို့ကြောင့်
နီတိ = နီတိမည်၏ဟု ဖွင့်ဆိုထားသည်။

ဘာတွေကို လမ်းညွှန်ပြီး ဘာတွေကိုဆောင်စေတာလဲဆိုပါမူ လူ့ဘဝ အသက်ရှင်ရပ်တည်နေသမျှကာလပတ်လုံး လူမှုဆက်ဆံရေးနယ်ပယ်မှာ ပြည်သူ့နီတိကျင့်ဝတ်များနှင့် ကင်းလွတ်သည် ဘာမျှမရှိပေ။

အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ သူ့အဆင့်၊ သူ့အလွှာအလိုက် လိုက်လျောညီထွေ ကိုက်ညီနေသည့် ကျင့်ဝတ်များရှိနေသည်။

အနိမ့်ဆုံးအဆင့်ကို ဆိုရပါမူ။ **"ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား"** ကြရမည်။ ကလေးဘဝကတည်းက **"ရိုသေထိုက်သူကို ရိုသေကြရမယ်"** ဟု ၃၈ ဖြာ မင်္ဂလာတရားတော်နှင့်အညီ သင်ကြားပေးထားကြရန် လိုအပ်လှသည်။

အမှန်တကယ်တော့ **"သိင်္ဂါလောဝါဒသုတ်လာ"** မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ အရှင်ကျင့်ဝတ်၊ ကျွန်ကျင့်ဝတ်၊ ဒါယကာကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်များသည် ပြည်သူ့နီတိကျင့်ဝတ်များပင်ဖြစ်ကြသည်။

မူလတန်းကျောင်းသား၊ ကျောင်းသူအရွယ်ကတည်းက **"ဘိုးဘေးသောက်ရင် ပါးစပ်က တပျတ်ပျတ်မမြည်ရဘူး။ မိဘအရင်မစားသောက်ရဘူး။ အိမ်ပေါ်မှာ ဖြေသံပြင်းပြင်းနှင်းရင် ဆင်းရဲတတ်တယ်။ မိဘဆရာတွေနဲ့ ကိုယ့်ထက်အသက်ကြီးသူတွေရဲ့ရှေ့ကဖြတ်သွားရင် ကိုယ်ကိုညွှတ်သွားရမယ်။ သံဃာတော်တွေရဲ့ အရိပ်ကိုမနင်းမိစေရဘူး"** စသည်ဖြင့် နားလည်သဘောပေါက်အောင် ရှေ့ဆောင်လမ်းပြပေးနေကြရန်လိုသည်။

အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူအရွယ်တွင် ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ချင်းစာနာမှု၊ လူကြီးမိဘဆရာသမားများ၏ ပြောဆိုဆုံးမ၊ လမ်းညွှန်မှုများကို နာခံတတ်မှု၊ စည်းကမ်းရှိမှု၊ တာဝန်ကျေပွန်မှု၊ စကားပြောချိုသာမှု၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးသိမ်မွေ့မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု အစုစုတို့ကို သင်ကြားပို့ချလေ့ကျင့်ပျိုးထောင်ပေးကြစေချင်သည်။

အသက်အရွယ်ပေါ်မူတည်ပြီး လုပ်အားတန်ဖိုးချစ်မြတ်နိုးအောင်၊ နိုင်ငံနှင့် လူမျိုးကိုချစ်အောင်၊ စုပေါင်းဆောင်ရွက်တတ်အောင်၊ တရားသည်နှင့် မတရားသည်ကို ခွဲခြားတတ်အောင်၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိအောင်၊ အတက်အကျသဘောကို နားလည်ပြီး အားကျအတုယူချင်အောင်၊ တာဝန်သိစိတ်နှင့် တာဝန်ကျေပွန်အောင်၊ သစ္စာတရားကို ခိုင်မြဲစွာကျင့်သုံးတတ်အောင်၊ စည်းကမ်းရှိအောင်၊ နူးညံ့သိမ်မွေ့အောင်၊ လူမှုရေးတာဝန်ကျေပွန်အောင်၊ သက်ဆိုင်ရာဘာသာရေးကို ရိုသေကိုင်းရှိုင်းလာအောင်၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တတ်အောင် သာဓကဥပမာများဆောင်ပြီး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်လှပေသည်။

သာဓကဆောင်ကြသည့်နေရာမှာ "ကဗျာ၊ ပုံပြင်၊ ဝတ္ထုများနှင့် ကျောင်းသင်ဘာသာရပ်များထဲကဖြစ်စေ၊ မြင်သာသိသာသည့် လက်တွေ့ဖြစ်ရပ်မှန်များထဲကဖြစ်စေ" ထုတ်နုတ်ပြီး ကလေးသူငယ်များ၏ နှလုံးသားထဲမှာ စွဲမြဲနေအောင် အခါအခွင့်သင့်သလို လေ့ကျင့်ပေးကြစေချင်သည်။

ဥပမာ-ကဗျာထဲက ဆိုပါစို့။ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှု၊ ကြိုးစားမှု၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးမှု၊ ညာတာမှု၊ ဇွဲသတ္တိရှိမှု၊ အကျင့်စာရိတ္တကောင်းမှုများကို ကလေးသူငယ်များ အားကျအတုယူကြစေရေးအတွက် လိုက်ဖက်ကိုက်ညီသည့် ကဗျာကိုရွတ်ဆိုပြပြီး ဆွဲဆောင်ပုံသွင်းကြရန် လိုပေသည်။

**"အရုဏ်ဦးက ကြယ်နီဖြာ**
**ဗိုလ်ချုပ်အောင်ဆန်းပါ။**
**တို့မြန်မာပြည် အမှောင်တွင်း**
**သူခေါင်းဆောင်လို့လင်း။**
**စိတ်ရင်းမှန်လို့ သစ္စာတည်**
**ဗိုလ်ချုပ်အာဇာနည်။**
**တို့ပြည်ကောင်းအောင် သူ့သယ်ပိုး**
**သူ့ဂုဏ် ဘယ်မညှိုး။**
**ရိုးသားဖြောင့်မတ် သူ့မူရာ**
**ငယ်ငယ်ကတည်းကပါ။**
**မြန်မာပြည်သူ့အချစ်ပန်း**
**ဗိုလ်ချုပ်ဦးအောင်ဆန်း။ ။**

**"စာရိတ္တပညာ"** ဆိုသည့် စာအုပ်ကလေးထဲမှ ထိုကဗျာကို ရုပ်ပုံကားချပ်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်များနှင့် ရှင်းပြကြပါမူ ကလေးသူငယ်များ အားကျအတုယူလာကြပေလိမ့်မည်။

ပုံပြင်ထဲက သာဓကများအဖြစ် **"မုဆိုးကြီးတတ်၊ ဈိုင်းလည်ပြတ်"**၊ **"သမင်နှင့်ကျား"**၊ **"ဆင်ဆိုးကြီးနှင့် ဘီလုံးငှက်မလေး"**၊ **"ယုန်နှင့်လိပ်အပြေးပြိုင်ပွဲ"** ပုံပြင်များကို စိတ်ပါဝင်စားလာအောင် ရှင်းပြကြရင်း သင်ခန်းစာရအောင် စွမ်းဆောင်ပေးကြရန်လိုသည်။

လေ့ကျင့်ပျိုးထောင်မှုမှန်ကန်လျှင် မှန်ကန်သည့်အလျောက် ထွန်းတောက်ထူးချွန်သူများ ပွားများလာပေမည်။ စာရိတ္တကောင်းမွန်ပြီး တာဝန်ကျေပွန်သူများ ထွန်းကားလာပေမည်။

ဟိုး. . . ယခင်က မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ဆရာ၊ ဆရာမ လမ်းညွှန် **"စာရိတ္တပညာ"** စာအုပ်များ ပေးအပ်ခဲ့ကာ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစာများနှင့်ညှပ်၍ သင်ကြားပေးခဲ့ဖူးသည်။ အကျိုးလည်းရှိခဲ့ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က **"စာရိတ္တမဏ္ဍိုင်"** တည်ဆောက်ရာတွင် မိဘနှင့် မူလတန်းကျောင်းဆရာ၊ ဆရာမများသည် အရေးပါဆုံးဗိသုကာကြီးများဖြစ်ကြသည်ဟု ရေးသားခဲ့သည်။

ယခုတော့ နွေရာသီကျောင်းပိတ်ရက်များတွင် **"ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ"** ဖွင့်လှစ်နိုင်ကြသည့်နေရာဒေသများတွင်သာ လူငယ်များ၊ လေ့လာသင်ကြားခွင့်ရနေသည်။

လက်ရှိ ကလေးလူငယ်ပမာဏနှင့် နှိုင်းဆကြည့်ပါမူ အလွန်ပင်အားနည်းလှပေသည်။

ကျွန်တော်တို့နိုင်ငံသည် တခြားသောနိုင်ငံများထက် မှုခင်းနည်းပါးသည့်နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် ၁၈ စက္ကန့်တိုင်းမှာ အကြမ်းဖက်မှုတစ်ခုဖြစ်ပွားသည့် နိုင်ငံရှိသကဲ့သို့ လူသတ်မှုအများဆုံးနိုင်ငံ၊ အဓမ္မကျင့်မှုအများဆုံးနိုင်ငံများလည်း ရှိနေကြသည်။

ထိုနိုင်ငံများထက် ကျွန်တော်တို့နိုင်ငံက ရာဇဝတ်ပြစ်မှုများ နည်းပါးရခြင်းမှာ **"ဓမ္မနီတိ"**၊ **"လောကနီတိ"**၊ **"ရာဇနီတိ"** ဟူသော နီတိကျင့်ဝတ်များ၏ ဆုံးမပဲ့ပြင်မှုနှင့် **"ဓမ္မသတ်"**၊ **"ရာဇသတ်"** များ၏ ထိန်းချုပ်မှုအောက်တွင် နှစ်ပေါင်းထောင်ချီပြီး ရင့်ကျက်သိမ်မွေ့ယဉ်ကျေးသည့် ရိုးရာဓလေ့များကြောင့်ပင်ဖြစ်သည်။

ဤအစဉ်အလာကောင်းကို ဆက်လက်ထိန်းကျောင်းကြသင့်သည်။ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟု ဆိုခဲ့ကြသည့်နှယ် **"ယဉ်ကျေးမှုနှင့် စာရိတ္တဖွံ့ဖြိုးမှုအစ ပြည်သူ့နီတိက"** ဟု ဆိုချင်သည်။

ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီသာ သွားလာ၊ ပြုမူ၊ ပြောဆိုနေထိုင်နိုင်ကြပါလျှင် လူ့လောကကြီးသည် အနိဋ္ဌာရုံများကင်းဝေးပြီး အေးချမ်းသာယာသည့် ဣဋ္ဌာရုံများနှင့်ပြည့်စုံကာ လူသားတိုင်း နေပျော်ဖွယ်ဘဝကို ရရှိခံစားနိုင်ကြမှာ မြေကြီးလက်ခတ်မလွဲ၊ အသေအချာပဲရယ်လို့ ဟစ်ကြွေးလိုက်ချင်ပါတော့သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့ရန် မှတ်ပုံတင်လျှောက်ထားလိုသည့်ကုမ္ပဏီများ စိတ်ဝင်စားမှုအဆိုပြုလွှာများ တင်ပြလျှောက်ထားနိုင်

**ရန်ကုန် ဧပြီ ၂၀**

တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့ရန် မှတ်ပုံတင်လျှောက်ထားလိုသည့် ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှု(Expression of Interest-EOI) အဆိုပြုလွှာများ တင်ပြလျှောက်ထားနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ တင်ပို့ရောင်းချလိုသည့် ကုမ္ပဏီများကို မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံချုပ်ဆိုထားသော အပင်ကျန်းမာရေးဆိုင်ရာလိုအပ်သဘောတူစာချုပ်အရ Sanitary and Phytosanitary(SPS) Protocol သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နှစ်စဉ်ပုံမှန်စိစစ်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်၊ ဆန်ကွဲတင်ပို့ခွင့်မှတ်ပုံတင်လျှောက်ထားလိုသည့်ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာများတင်ပြလျှောက်ထားနိုင်ကြောင်း သိရသည်။

စိတ်ဝင်စားမှုအဆိုပြုလွှာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနတွင်လည်းကောင်း၊ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့နိုင်ရေး နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group)(မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်) တွင်လည်းကောင်း ရယူနိုင်ကြောင်း သိရသည်။

အဆိုပါ စိတ်ဝင်စားမှုအဆိုပြုလွှာများတင်ပြလျှောက်ထားရာတွင် Hard Copy, Soft Copy(Word File)များဖြင့် ယခုနှစ် မေ ၁၉ ရက်နောက်ဆုံးထား၍ အဆိုပြုတင်ပြလျှောက်ထားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချနေရကြောင်း၊ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲဝယ်ယူနေသည့်ဖောက်သည် ဈေးကွက်နိုင်ငံအချို့မှာ ဆန်သာဝယ်ယူပြီး အချို့မှာဆန်ကွဲကိုသာ ဝယ်ယူနေကြောင်း၊ တရုတ်နိုင်ငံကမူ မြန်မာနိုင်ငံမှ ဆန်ရော ဆန်ကွဲကိုပါဝယ်ယူမှုရှိနေကြောင်း၊ ပြီးခဲ့သည့်မတ်လအတွင်းက ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရောင်းချပေးခဲ့ရာတွင် တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁၂၈၈၂ တန်နှင့် ဆန်ကွဲတန်ချိန် ၂၅၅၈၀ တင်ပို့ ရောင်းချပေးခဲ့ရကြောင်း သိရသည်။ (၃၃၆)



# မက်မန်းမြို့နယ် ဆွတ်ပိုးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မက်မန်း ဧပြီ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆွတ်ပိုးကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မက်မန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်၊ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆွတ်ပိုးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆွတ်ပိုးကျေးရွာ၌ အလျားပေ ၅၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၂ သန်းဖြင့် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဆွတ်ပိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့်ဘာသာရေးကိစ္စရပ်များကို အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

# စာအုပ်စာပေ တို့မိတ်ဆွေ

- စာအုပ်တွေနှင့် စာပေသည်
  လှ လှ ပါပေသည်၊
  သူတို့တွေသည် လင်းရောင်ပြ
  လူ့ဘဝကိုဗျ။

- သူတို့ပြလို့ မြင်ရသည်
  အလင်းဘဝဆီ၊
  အမှောင်သည် ဖယ်ခွာလို့
  အလင်းရောင်နီပျို့။

- ပိတ်ဆို့နေတဲ့ ဉာဏ်ရောင်ဝါ
  ဖယ်ခွာလင်းလို့သာ၊
  ပညာဆိုတာ လူ့ဘဝ
  အလင်းရောင်နီစ။

- အသိဉာဏ်ကို ပွံ့ပိုးတာ
  ပညာအလင်းပါ၊
  မှားမှန်ကိုလေ ခွဲခြားပြ
  အရေးကြီးပေလှ။

- ပညာမတတ်က အကန်းလို
  ဘဝနေကြညို၊
  ဦးကျည်ပွေ့လို ကြိုးစားမှ
  ပညာအမွေရ။

- ပညာရွှေအိုး သည်အရာ
  ဦးထိပ်ပန်ဆင်ပါ၊
  သူသာလျှင် အဓိက
  ရှေ့ကိုဦးဆောင်ပြ။

- ပညာမတတ် သည်အခါ
  မှားမှန်မသိပါ၊
  ဝေဝေကာ ဝါးတားတား
  ရယ်စရာဖြစ်နေဗျား။

- သို့ပေကားမို့ ကြိုးစားကာ
  ပညာအလင်းရှာ၊
  ထိုမှသာလေ လူ့ဘဝ
  နေရကြိုးနပ်စွ။

- စာအုပ်စာပေ လူ့မိတ်ဆွေ
  စာနှင့်အတူနေ၊
  မနေပါက အလင်းမရ
  အမှောင်ထုတွေ့ကျ။

- ကြိုးကြပါလို့ အတူနေ
  စာအုပ်တွေနဲ့လေ၊
  သူတို့တွေဟာ မိတ်ဆွေဗျ
  လွန်စွာအကျိုးငှ
  လူ့ဘဝမိတ်ဆွေဗျ
  လောကအလွန်လှ။ ။

**ပြေအေးသက်**

# နိုင်ငံတကာ သတင်းများ

## ဆူဒန်နိုင်ငံရှိ လေတပ်သား ၁၇၇ ဦးကို အီဂျစ်စစ်ဘက် ပြန်လည်ခေါ်ထုတ်

**ခါတွမ် ဧပြီ ၂၀**

ဆူဒန်နိုင်ငံ၌ရှိနေသော အီဂျစ်လေတပ်မှတပ်ဖွဲ့ဝင် ၁၇၇ ဦးတို့ကို အီဂျစ်စစ်ဘက်က လေကြောင်းခရီးဖြင့် ပြန်လည်ခေါ်ထုတ်သွားပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆူဒန်စစ်ဘက်၏ ပြိုင်ဘက်အုပ်စုဖြစ်သည့် အာရ်အက်စ်အက်ဖ် အမည်ရှိပြည်သူ့စစ်အုပ်စုက ဆူဒန်မြောက်ပိုင်းမြို့တစ်မြို့ကို သိမ်းယူခဲ့ပြီးနောက် ဆူဒန်မြောက်ပိုင်းသို့ ရောက်ရှိနေသော အီဂျစ်လေတပ်သားများကို အီဂျစ်စစ်ဘက်က ပြန်လည် ခေါ်ထုတ်သွားခြင်း ဖြစ်သည်။

အဆိုပါ အီဂျစ်လေတပ်သားများသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်တွင် ပါဝင်ရေးအတွက် ဆူဒန်နိုင်ငံမြောက်ပိုင်း ဒွန်ဂိုလာအမည်ရှိမြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဒွန်ဂိုလာမြို့အတွင်းရှိ အီဂျစ်လေတပ်သား ၁၇၇ ဦးကို အီဂျစ်စစ်ဘက်က လေယာဉ် လေးစင်းဖြင့် ယနေ့တွင် ပြန်လည်ခေါ်ထုတ်သွားပြီဖြစ်ကြောင်း ဆူဒန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အီဂျစ်တပ်ဖွဲ့ဝင်များအား ပြန်လည်ခေါ်ထုတ်မှုကို အီဂျစ်စစ်ဘက်က တရားဝင်သတင်းထုတ်ပြန်ခဲ့ခြင်း မရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆူဒန်နိုင်ငံ၌ ဆူဒန်စစ်ဘက်နှင့် အာရ်အက်စ်အက်ဖ် ပြည်သူ့စစ်အုပ်စုတို့ကြား တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

KKO

## ဆာနားမြို့ ဥပုသ်လငွေလှူဒါန်းပွဲ၌ လူပြိုမှုဖြစ်ပွား အနည်းဆုံး ၇၈ ဦးသေဆုံး

**ဆာနား ဧပြီ ၂၀**

ယီမင်နိုင်ငံ ဆာနားမြို့ စာသင်ကျောင်းတစ်ကျောင်း၌ ရာမဒန် ဥပုသ်လအတွင်း ကုန်သည်များ ပေးလှူမည့်ငွေကြေးများကို ရယူရန် ယနေ့တွင် လူအများအပြားစုရုံးနေစဉ် လူပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၇၈ ဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လူတစ်ဦးစီအတွက် လှူဒါန်းမည့်အလှူငွေ ယီမင်ရီယယ်လ် ၅၀၀၀(အမေရိကန်ဒေါ်လာ ကိုးဒေါ်လာ)ကို ရယူရန် လူရာပေါင်းများစွာစုရုံးနေစဉ် လူပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အလှူငွေ ပေးအပ်ပွဲအတွက် စာသင်ကျောင်းတံခါးကို ဖွင့်ပေးလိုက်ချိန်တွင် အလုအယက်ပြေးဝင်လာကြသော လူအုပ်ကြီးကြောင့် လူပြိုမှု စတင်ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ယီမင်ဆေးဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။

လူပြိုမှုဖြစ်စဉ်အတွင်း ဒဏ်ရာရသူ ၇၇ ဦးထိ ရှိခဲ့ပြီး ၁၂ ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း ဟူသီသူပုန်အုပ်စု၏ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဟူသီအုပ်စုတာဝန်ရှိသူများသည် အလှူငွေပေးအပ်ပွဲ အခမ်းအနားစီစဉ်သူကုန်သည်နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်း၍ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ရှစ်နှစ်ကြာ စစ်ရေးပဋိပက္ခများနှင့် ရင်ဆိုင်နေရသည့် ယီမင်နိုင်ငံ၌ ယီမင်ပြည်သူ ၁၃ သန်းကို ကုလသမဂ္ဂက စားနပ်ရိက္ခာ ဖြည့်ဆည်းပေးနေရခြင်းဖြစ်ကြောင်း သိရသည်။

KKO



## အမေရိကန်နျူကလီးယားလောင်စာများ ဇာပိုရစ်ဇီယာ၌အသုံးပြုမှု ရုရှားရပ်ဆိုင်းမည်



**မော်စကို ဧပြီ ၂၀**

ရုရှားတပ်များ ထိန်းချုပ်မှုအောက်ရှိ ဇာပိုရစ်ဇီယာနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ အမေရိကန်ထုတ်နျူကလီးယားလောင်စာများ အသုံးပြုမှုကို အမြန်ဆုံးရပ်ဆိုင်းရန် ရုရှားနိုင်ငံကစီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူကရိန်းတောင်ပိုင်း၌ တည်ရှိပြီး ဥရောပ၏အကြီးဆုံးနျူကလီးယားစွမ်းအင်စက်ရုံဖြစ်သည့် ဇာပိုရစ်ဇီယာကို ရုရှားတပ်များက ပြီးခဲ့သည့်နှစ်မတ်လအတွင်း ထိန်းချုပ်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုခေတ်အတွင်း အဓိကတည်ဆောက်ခဲ့သော ဇာပိုရစ်ဇီယာသည် မူလက ရုရှား နျူကလီးယားလောင်စာများကိုအသုံးပြုခဲ့သော်လည်း ၂၀၁၄ ခုနှစ်မှစ၍ ရုရှားလောင်စာများ သုံးစွဲမှုကို တစ်ဆင့်ချင်းလျှော့ချခဲ့ပြီး အမေရိကန်နျူကလီးယား လောင်စာများကို ပြောင်းလဲသုံးစွဲခဲ့သည်။

သို့သော်ဇာပိုရစ်ဇီယာ၌ အမေရိကန်နျူကလီးယားလောင်စာများ သုံးစွဲမှုကို အမြန်ဆုံးရပ်ဆိုင်း၍ ရုရှားနျူကလီးယားလောင်စာများ ပြန်လည်အသုံးပြုမည်ဖြစ်ကြောင်း ရုရှားအစိုးရ၏ ရော့စ်အီနာဂို အက်တမ် နျူကလီးယားစွမ်းအင်ကုမ္ပဏီတာဝန်ရှိသူများက ရုရှားမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိအချိန်တွင် ဇာပိုရစ်ဇီယာ၌ လေးနှစ်စာအသုံးပြုနိုင်မည့် အမေရိကန်နျူကလီးယားလောင်စာများ ရှိနေသေးကြောင်း သိရသည်။

သို့သော် ရုရှား၏နျူကလီးယားလောင်စာနည်းပညာမှာ ပို၍ သာလွန်ကောင်းမွန်မှုကြောင့် ရုရှားလောင်စာများကို အမြန်ဆုံး ပြန်လည် အသုံးပြုမည်ဖြစ်သည်ဟု ရော့စ်အီနာဂိုအက်တမ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## အမေရိကန်ရေတပ်၏ ပထမဆုံးမောင်းသူမဲ့ရေပေါ်ကင်းထောက်ယာဉ် ဟော်မုဇ်ရေလက်ကြား၌မောင်းနှင်

**နယူးယောက် ဧပြီ ၂၀**



အမေရိကန်ရေတပ်သည်၎င်း၏ ပထမဆုံးမောင်းသူမဲ့ ရေပေါ်ကင်းထောက်ယာဉ်ကို မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြားဒေသ၌ ဧပြီ ၁၉ ရက်တွင် အသုံးပြုခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဟော်မုဇ်ရေလက်ကြားအတွင်း မောင်းနှင်ခဲ့သည့် အယ်လ် ၃ ဟားရစ်အာရေဘီးယန်း ဖောက်စ်မက်စ်-၁၃အမည်ရှိ အဆိုပါ မောင်းသူမဲ့ရေယာဉ်ကို အီရန်တော်လှန်ရေး အစောင့်တပ်က စောင့်ကြည့် နေခဲ့သော်လည်း မည်သည့်ပြဿနာမျှမရှိခဲ့ကြောင်း အမေရိကန်ရေတပ်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါမောင်းသူမဲ့ကင်းထောက်ရေယာဉ်ကို အမေရိကန်ရေတပ်စစ်သင်္ဘောနှစ်စီးက လိုက်ပါစောင့်ကြည့်ပေးခဲ့ကြောင်း သိရသည်။

ကိုယ်ထည်အလျား ၁၃ မီတာရှိသော ၎င်းမောင်းသူမဲ့ကင်းထောက်ရေယာဉ်၌ အာရုံခံစနစ်များနှင့် ကင်မရာများတပ်ဆင်ထားကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း အီရန်စစ်ဘက်သည် ဟော်မုဇ်ရေလက်ကြားအတွင်း စမ်းသပ်မောင်းနှင်နေသောအမေရိကန်ရေပြင်သုံး မောင်းသူမဲ့ယာဉ်အချို့ကို ယာယီသိမ်းယူခဲ့ဖူးသော်လည်း နောက်ပိုင်းတွင် ယင်းဖြစ်စဉ်မျိုး မရှိတော့ကြောင်း သိရသည်။

ကမ္ဘာ့စွမ်းအင်ဈေးကွက်အတွက် အရေးကြီးသည့် ဟော်မုဇ်ရေလက်ကြားဒေသ၌ အီရန်နှင့် အမေရိကန်ရေတပ်သင်္ဘောများကြားမကြာခဏ တင်းမာမှု ဖြစ်ပွားတတ်ကြောင်း သိရသည်။

KKO

## လျှပ်စစ်ကားဘက်ထရီနည်းပညာသစ်များဖွံ့ဖြိုးရေးအတွက် ဒေါ်လာ ၁၅ ဘီလီယံကျော် တောင်ကိုရီးယားအသုံးပြုမည်

**ဆိုးလ် ဧပြီ ၂၀**

ခေတ်မီလျှပ်စစ် ဘက်ထရီနည်းပညာများ ဖွံ့ဖြိုးရေးအတွက် ၂၀၃၀ ပြည့်နှစ်ထိ အမေရိကန်ဒေါ်လာ ၁၅ ဒသမ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံရန် တောင်ကိုရီးယားအစိုးရနှင့် တောင်ကိုရီးယား ထိပ်တန်းဘက်ထရီကုမ္ပဏီကြီးများက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမာထည်လျှပ်ဆောင်ပစ္စည်းသုံးဘက်ထရီ (Solid State batteries) ထုတ်လုပ်မှုနည်းပညာအပါအဝင် လျှပ်စစ်ဘက်ထရီနည်းပညာများ ဖွံ့ဖြိုးရေးအတွက် ၂၀၃၀ ပြည့်နှစ်ထိ အမေရိကန်ဒေါ်လာ ၁၅ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း တောင်ကိုရီးယားစက်မှုဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဘက်ထရီနည်းပညာများ ဖွံ့ဖြိုးရေးအတွက် အစိုးရနှင့် ဘက်ထရီကုမ္ပဏီများ ပူးပေါင်းရင်းနှီးမြှုပ်နှံခြင်းဖြင့် အမာထည်လျှပ်ဆောင်ပစ္စည်းသုံးဘက်ထရီများကို အခြားနိုင်ငံထက်စော၍ စီးပွားဖြစ်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့အကြီးဆုံးလျှပ်စစ်ကားဘက်ထရီကုမ္ပဏီငါးခုအနက် သုံးခုမှာ တောင်ကိုရီးယား အခြေစိုက် အယ်လ်ဂျီကုမ္ပဏီ၊ ဆမ်ဆောင်းကုမ္ပဏီနှင့် အက်စ်ကေကုမ္ပဏီများ ဖြစ်ကြသည်။


အဆိုပါတောင်ကိုရီးယားကုမ္ပဏီသုံးခုတို့သည် ကမ္ဘာ့လျှပ်စစ်ကားဘက်ထရီဈေးကွက်၏ ဈေးကွက်ဝေစုလေးပုံတစ်ပုံကို ထိန်းချုပ်ထားသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ လျှပ်စစ်ကားဘက်ထရီထုတ်လုပ်မှုကုမ္ပဏီကြီးများသည် ခရီးအကွာအဝေး ပိုမိုမောင်းနှင်နိုင်သော၊ စွမ်းအင်စုစည်းပေးနိုင်စွမ်းပိုမြင့်မား၍ သမားရိုးကျ လစ်သီယံအိုင်ယွန်ဘက်ထရီများထက်ပို၍ ဘေးကင်းလုံခြုံသောဘက်ထရီနည်းပညာသစ်များဖော်ထုတ်ရန် အပြိုင်ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်ရှိ ရုရှားအာကာသယာဉ်မှူးနှစ်ဦးက အာကာသစခန်းပြင်ပ၌တပ်ဆင်ထားသော အပူထုတ်စနစ်ကို နေရာရွှေ့ပြောင်းပေးခဲ့



**မော်စကို မေ ၂၀**

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်ရှိ ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် အာကာသစခန်းပြင်ပ၌ တပ်ဆင်ထားသော အပူထုတ်စနစ်ကို နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၁၉ ရက်က ရေးသားတင်ပြထားသည်။

ရုရှားအာကာသယာဉ်မှူးများဖြစ်ကြသည့် ဆာဂေးပရိုကိုယက်ဗ်နှင့်ဒီမီထရီပီတာလင့်တို့သည် အဆိုပါ အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုကို မေ ၁၈ ရက် ညပိုင်းမှ မေ ၁၉ ရက် နံနက်ပိုင်းအချိန်ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ခုနစ်နာရီနှင့် ၅၅ မိနစ် ကြာမြင့်ခဲ့သည်။

အဆိုပါရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် အပူထုတ်စနစ်ကို ရုရှားပင်မကိုယ်ထည်တစ်ခုမှ အခြားရုရှားပင်မကိုယ်ထည်တစ်ခုသို့ ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ရုရှားအာကာသယာဉ်မှူးများ ရွှေ့ပြောင်းပေးခဲ့သည့် အပူထုတ်စနစ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က အတ္တလန်တစ် လွန်းပြန်ယာဉ်ဖြင့် လွှန်ခဲ့သော ၁၃ နှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအပူထုတ်စနစ်သည် အရွယ်အစားကြီးမားပြီး အလေးချိန်ကီလိုဂရမ် ၅၇၀ ထိရှိရာ ၎င်းစနစ်ကို ဥရောပအာကာသအေဂျင်စီ၏ စက်ရုပ်လက်တံအကူအညီဖြင့် ရုရှားအာကာသယာဉ်မှူးများက နေရာရွှေ့ပြောင်းခဲ့ခြင်းဖြစ်သည်။

ရုရှားအာကာသယာဉ်မှူးများသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၅ ရက်ကပင် ၎င်းအပူထုတ်စနစ်ကို နေရာရွှေ့ပြောင်းရန် စတင်ကြိုးစားခဲ့သော်လည်း ပြဿနာတချို့ကြောင့် ကြန့်ကြာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ KKO


## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ခရုပတ်ခွေကြယ်စုနှစ်ခု ဝင်တိုးတိုက်မှုဖြစ်စဉ်ကို ဓာတ်ပုံရိုက်ကူးပေးနိုင်ခဲ့

**ဝါရှင်တန် မေ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် ခရုပတ်ခွေကြယ်စုနှစ်ခု ဝင်တိုးတိုက်မှုဖြစ်စဉ်ကို ဓာတ်ပုံရိုက်ကူးပေးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက မေ ၁၉ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါကြယ်စုနှစ်ခုဝင်တိုက်မှုဖြစ်စဉ်ကို ဂျိမ်းစ်ဝက်ဘ်၏ကျေးဇူးကြောင့် ယခုမှပင်ဓာတ်ပုံရိုက်ကူးနိုင်ခြင်းဖြစ်သော်လည်း ၎င်းဖြစ်စဉ်သည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၇၀၀ ကပင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းကြယ်စုနှစ်ခုဝင်တိုးတိုက်မှုကြောင့် ပေါ်ထွက်လာသောအလင်းအားသည် နေအစင်းပေါင်းတစ်ထရီလီယံတို့က ထုတ်ပေးနိုင်သော အလင်းအားထက် ပိုများကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။



ထို့ပြင် ကြယ်စုနှစ်ခုဝင်တိုးတိုက်မှုဖြစ်စဉ်ကြောင့် ကြယ်သစ်များစွာလည်း ဖွဲ့စည်းဖြစ်ပေါ်နေကြောင်း သိရသည်။

Arp 220 ဟူ၍ အမည်ပေးထားသည့်၎င်းကြယ်စုနှစ်ခုဝင်တိုက်မှုဖြစ်စဉ်သည် ကမ္ဘာမြေနှင့်အလင်းနှစ်သန်း ၂၅၀ အကွာတွင်ဖြစ်ပွားနေခြင်းဖြစ်သည်။

နေအဖွဲ့အစည်းတည်ရှိရာ နဂါးငွေ့တန်းကြယ်စုသည်လည်း Arp 220 ဖြစ်စဉ်ကဲ့သို့ပင် တစ်ချိန်ချိန်တွင် အိမ်နီးချင်းကြယ်စုဖြစ်သော အင်ဒရိုမီးဒါးကြယ်စုနှင့် ဝင်ရောက်တိုးတိုက်မိလိမ့်မည် ဖြစ်ကြောင်း သိရသည်။

KKO

## ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများ ခြောက်လကြာမစ်ရှင်၏ စတုတ္ထမြောက်နှင့် နောက်ဆုံးအကြိမ်မြောက် အာကာသဟင်းလင်းပြင်အတွင်းထွက်ခွာမှုပြုလုပ်ခဲ့

**ပေကျင်း မေ ၂၀**

တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၅ အာကာသ ယာဉ်မှူးများသည် ခြောက်လကြာမစ်ရှင်၏ စတုတ္ထမြောက်နှင့် နောက်ဆုံးအကြိမ်မြောက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုကိုပြုလုပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၁၉ ရက်က ရေးသားတင်ပြထားသည်။

ရှန်ကျိုး-၅ အာကာသယာဉ်မှူးများဖြစ်ကြသည့် ဖိုင်ကျန်လောင်းနှင့် ကျန်းလူတို့၏ မေ ၁၅ ရက်တွင် ဝန်တီယန်ပင်မကိုယ်ထည် လေလုံပေါက်မှတစ်ဆင့် တီယန်ကောင်းအာကာသစခန်းပြင်ပသို့ စတုတ္ထအကြိမ်မြောက် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

တီယန်ကောင်း အာကာသစခန်းပြင်ပသို့ရောက်နေချိန်အတွင်း တရုတ်အာကာသယာဉ်မှူး နှစ်ဦး အာကာသစခန်း အအေးပေးစနစ်ပြင်ပအစိတ်အပိုင်းများကို တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

လုပ်ငန်းတာဝန်များပြီးဆုံးပြီးနောက် တရုတ်အာကာသယာဉ်မှူးနှစ်ဦးသည် တီယန်ကောင်း အာကာသစခန်း ယာဉ်အတွင်းသို့ အောင်မြင်စွာ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများသည် ရှန်ကျိုး-၁၆ အာကာသယာဉ်မှူးများ တီယန်ကောင်းအာကာသစခန်းယာဉ်သို့ ဆိုက်ရောက်ချိန်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရ သည်။

ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးသုံးဦးတို့သည် လာမည့်လအတွင်း ကမ္ဘာမြေအပြန်ခရီး စတင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

KKO

# HEALTH

## အားဖြည့်အချိုရည်သောက်သုံးသော ပုံစံ-၂ ဆီးချိုလူနာများ သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေမြင့်မား

**နယူးယောက် မေ ၂၀**

သကြားဓာတ်ထည့်သွင်းထားသည့် အားဖြည့်အချိုရည်များကို ရေ သို့မဟုတ် လက်ဖက်ရည်များထက်ပို၍သောက်သုံးသော ပုံစံ-၂ ဆီးချိုရောဂါလူနာများမှာ ရောဂါအကြောင်းအမျိုးမျိုးကြောင့် အသက်ဆုံးပါးချိန်မတန်ဘဲ အသက်ဆုံးပါးနိုင်ခြေ မြင့်မားလာနိုင်ကြောင်း ယူပီအိုင်သတင်းဌာနက မေ ၁၉ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဟားဗတ် တီအိတ်ချ်ချန်ဆေးကျောင်းမှ သုတေသနပညာရှင်များသည် အမျိုးသမီး ၉၀၀၀ ကျော်နှင့် အမျိုးသား ၃၀၀၀ ကျော်တို့၏ ၁၈ နှစ်တာကာလ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ထွက်ပေါ်လာသော ရလဒ်များအရ သကြားဓာတ်ပါ အချိုရည်များကို ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်ဖွယ်ရာပမာဏထက် ပိုမိုသောက်သုံးသူ ပုံစံ-၂ ဆီးချိုလူနာများမှာ သေချိန်မတန်ဘဲ သေဆုံးရနိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါလူနာများအနေဖြင့် သကြားဓာတ်ပါအချိုရည်များကို နေ့စဉ်သောက်သုံးရာတွင် ပုံမှန်ထက်တစ်ဘူးပိုသောက်တိုင်း အကြောင်းတရားအားလုံးကြောင့် သေဆုံးနိုင်ခြေမှာ ရှစ်ရာခိုင်နှုန်းထိ မြင့်မားနေတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လက်ဖက်ရည်နှင့် ရေကဲ့သို့ ကျန်းမာရေးနှင့်လျော်ညီသည့် သောက်ဖွယ်ရာများကို ပုံမှန်သောက်သုံးသည့် ပုံစံ-၂ ဆီးချိုလူနာများတွင်မူ ရောဂါအကြောင်းအမျိုးမျိုးကြောင့် သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေမှာ ပုံမှန်ထက် ၁၆ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။ KKO

## စိတ်ကျဝေဒနာကို ထိန်းချုပ်ပေးနိုင်ပါက နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**လန်ဒန် မေ ၂၀**

စိတ်ပိုင်းဆိုင်ရာကုထုံးများဖြင့် စိတ်ကျဝေဒနာကို ထိန်းချုပ်ပေးနိုင်ပါက နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ယူပီအိုင်သတင်းဝက်ဘ်ဆိုက်က မေ ၁၉ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များသည် စိတ်ကျဝေဒနာနှင့် နှလုံးရောဂါတို့ကြား ဆက်စပ်မှုကိုဖော်ထုတ်ရေးအတွက် လူပေါင်း ၆၃၀၀၀၀ ကျော်၏ အီလက်ထရွန်နစ် ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ စိတ်ကျဝေဒနာကို ကုထုံးများဖြင့် ထိန်းချုပ်ထားပါက လူနာများ၌ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ပြီး အချို့ဖြစ်စဉ်များတွင် ၁၅ ရာခိုင်နှုန်းထိ နှလုံးရောဂါဖြစ်နိုင်ခြေ ကျဆင်းနေတတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ကျဝေဒနာ သက်သာကောင်းမွန်မှုသည် နှလုံးရောဂါဖြစ်နိုင်ခြေ ၁၂ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ ကျဆင်းလာမှုနှင့်ဆက်စပ်နေကြောင်း ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် စိတ်ကျဝေဒနာနှင့် နှလုံးရောဂါဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုကိုလေ့လာရာတွင် အသက်အရွယ်၊ လိင်၊ လူမျိုးနှင့် လူမှုစီးပွားနောက်ခံများကိုပါ ထည့်သွင်းတွက်ချက်ခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် စိတ်ကျဝေဒနာ သက်သာ ကောင်းမွန်လာမှုနှင့် နှလုံးရောဂါဖြစ်နိုင်ခြေ ကျဆင်းမှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသန ပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။ KKO



နိုင်ငံတကာ

# အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃၂) ပွဲကြိုသုံးသပ်ချက်များ

M L

**ဖူလ်ဟမ် Vs လိဒ်**

**ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၂၃ (ည ၀၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖူလ်ဟမ် ၂ – ၀ လိဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |
| လိဒ် | – | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(ရှုံး) |

ဖူလ်ဟမ်အသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းကျဆင်းလာပြီး ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကို တွေ့ရမှာပါ။ လက်ရှိ လိဒ်အသင်းကတော့ တန်းဆင်းဇုန်အန္တရာယ်က ရုန်းထွက်ဖို့ကြိုးပမ်းနေတာကြောင့် ပြိုင်ပွဲတိုင်းကို တိုက်စစ်မြှင့် အာရုံစိုက်ကစားနေရတာဖြစ်ပါတယ်။ ဒါကြောင့် တန်းမဆင်းရဖို့ အစွမ်းကုန်ကြိုးပမ်းရမဲ့ လိဒ်ကိုအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖူလ်ဟမ် ၁ – ၂ လိဒ်**

**ဘရန့်ဖို့ဒ် Vs အေဗီလာ**

**ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဗီလာ ၄ – ၀ ဘရန့်ဖို့ဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| အေဗီလာ | – | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

ဘရန့်ဖို့ဒ်အသင်းဟာ အသင်းလိုက်ကစားအားကောင်းပေမဲ့ နောက်ဆုံးသုံးပွဲဆက် ခံစစ်ပိုင်းကပေးဂိုးများနေပြီး နိုင်ပွဲပျောက်ဆုံးနေပါတယ်။ အေဗီလာကတော့ ပုံစံကောင်းပြန်လည်ရရှိနေသလို တိုက်စစ်က ပွဲတိုင်းဂိုးရရှိနေတာကြောင့် အခုပွဲစဉ်မှာ ဘရန့်ဖို့ဒ်အသင်းကို ဖိအားပေးအနိုင်ယူဖို့ ပြင်ဆင်လာမှာပါ။ ဒါကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အေဗီလာကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘရန့်ဖို့ဒ် ၀ – ၁ အေဗီလာ**

## အီတလီစီးရီးအေ ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်

M L

**လာဇီယို Vs တိုရီနို**

**ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လာဇီယို ၀ – ၀ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| တိုရီနို | – | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(သရေ) |

လာဇီယိုအသင်းဟာ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲရရှိခဲ့ပေမဲ့ အိမ်ကွင်းတိုက်စစ်ပိုင်းကတော့ ဂိုးရဖို့ရုန်းကန်နေရတာဖြစ်ပါတယ်။ တိုရီနိုကတော့ လေးပွဲဆက်နိုင်ပွဲမရဘဲ ရလဒ်ဆိုးရွားနေပေမဲ့ အဝေးကွင်းတိုက်စစ်ပိုင်းက သုံးပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့ပြီး ထိပ်တိုက်တွေ့ဆုံမှုမှာလဲ သရေရလဒ်ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အနည်းဆုံး သရေတစ်မှတ်ရယူမဲ့ တိုရီနိုကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လာဇီယို ၁ – ၁ တိုရီနို**

### အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်ကစားသမားဘယ်လင်ဟမ်ကိုခေါ်ယူရန်အတွက် ဘရာဟမ်ဒီယက်ဇ်ကို အလိုက်ပေးကမ်းလှမ်း၍ ပြောင်းရွှေ့ကြေး လျှော့ချနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ဘရိုက်တန်အသင်းက အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် ကာစီဒိုနှင့် မက်အယ်လစ်စတာတို့၏နေရာတွင် ဆက်ဆူအိုလို အသင်းမှ လိုပက်ဇ်၊ ဖရာတက်စတီတို့နှင့် အစားထိုးရန် ပြင်ဆင်လျက်ရှိသည်။ ML

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ တွေ့ဆုံ



**မန်ချက်စတာ ဧပြီ ၂၀**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် တွေ့ဆုံနေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို အိမ်ကွင်းတွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သဖြင့် ဒုတိယအကျော့အဝေးပွဲစဉ်တွင် အပြန်အလှန်တိုက်စစ်ဆင်မှုများဖြင့် ဖိအားမရှိဘဲ ကစားနိုင်ခဲ့သောကြောင့် တစ်ဂိုးစီဖြင့်ပြီးဆုံးခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုးတစ်ဂိုးဖြင့် ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ယူ၍ ဆီမီးဖိုင်နယ်အဆင့်သို့ နှစ်နှစ်ဆက်တိုက် တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းသည် အဝေးကွင်းတွင် သွားရောက် ကစားခဲ့ရသော်လည်း ဘိုင်ယန်မြူးနစ်အသင်းကို တန်ပြန်တိုက်စစ်မှ ပြန်လည်ဖိအားပေးနိုင်ခဲ့ရာ ပွဲကစားချိန် ၃၇ မိနစ်တွင် ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း တိုက်စစ်မှူး ဟာလန်းဂိုးမဝင်ခဲ့သဖြင့် သရေရလဒ်ဖြင့်သာ ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်း ပွဲကစားချိန် ၅၇ မိနစ်တွင် ဟာလန်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက ချေပဂိုးရရှိရေး အကြိတ်အနယ်ကြိုးပမ်းမှုကြောင့် ပွဲချိန် ၈၃ မိနစ်တွင် ကီမစ်က ပင်နယ်တီမှ ချေပဂိုးရရှိခဲ့သဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်ဖြင့် မန်စီးတီးအသင်းက အနိုင်ရခဲ့သည်။

ချန်ပီယံလိဂ် ဆုဖလားရရှိရန် ရည်မှန်းထားသည့် မန်စီးတီးအသင်းသည် ယခုနှစ်ဆီမီးဖိုင်နယ်တွင်လည်း ချန်ပီယံဆု ၁၄ ကြိမ်ထိ ရရှိထားသည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့်သာ တွေ့ဆုံနေပြီးပြီးခဲ့သည့်နှစ်က ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် တူညီနေသဖြင့် အချိန်ပိုဆက်လက်ကစားခဲ့ရာ ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသောကြောင့် ယခုတစ်ကြိမ်တွေ့ဆုံမှုတွင် ရီးရဲလ်မက်ဒရစ်အသင်းကို အနိုင်ယူ၍ ရှုံးကြွေးပြန်ဆပ်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ML

## တိုက်ဂါးဝုဒ် ၂၀၂၁ ခုနှစ် ယာဉ်တိမ်းမှောက်စဉ်က ရရှိခဲ့သည့် ညာဘက်ခြေချင်းဝတ်ဒဏ်ရာ ထပ်မံခွဲစိတ်ကုသမှုခံယူရမည်

**ဝါရှင်တန် ဧပြီ ၂၀**

ဂေါက်သီးရိုက်လောက၏ထာဝရအကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားစာရင်းတွင် ပါဝင်နေသည့်တိုက်ဂါးဝုဒ်သည် ညာဘက်ခြေချင်းဝတ်ဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်ဂါးဝုဒ်သည် မကြာသေးမီက ကျင်းပသွားခဲ့သည့် Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသည်။

ဒဏ်ရာပြဿနာဖြင့် ရုန်းကန်နေရပြီးနောက် ဆေးစစ်မှုပြုလုပ်သွားခဲ့ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက ယာဉ်တိမ်းမှောက်မှုကြောင့် အသက်ဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ယာဉ်တိမ်းမှောက်စဉ်က ရင်ဆိုင်ခဲ့ရသောခြေထောက်ဒဏ်ရာက ပြန်လည်နာကျင်လာခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအတွက်ကြောင့် တိုက်ဂါးဝုဒ်သည် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည့်အတွက် မည်သည့်ကာလထိ အနားယူရမည်ကိုမသိရသေးကြောင်းလည်း တိုက်ဂါးဝုဒ်က အတည်ပြုသွားခဲ့သည်။

တိုက်ဂါးဝုဒ်က "ကားမှောက်တုန်းကထိခဲ့တဲ့ ခြေထောက်ဒဏ်ရာ ပြန်နာလာတဲ့အတွက် စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ စစ်ဆေးမှုအရ ခွဲစိတ်ကုသမှုခံယူရမယ်လို့ ဆရာဝန်က အကြံပြုထားတဲ့အတွက် ခွဲစိတ်ကုသမှု ခံယူသွားမှာဖြစ်ပါတယ်။ ကားမှောက်ပြီးနောက်ပိုင်းမှာ ကျွန်တော့် ခန္ဓာကိုယ်က ပုံမှန်အတိုင်း လှုပ်ရှားနိုင်ဖို့အတွက် ရုန်းကန်နေရတယ်။ ပြိုင်ပွဲဝင်နေပေမဲ့လဲ လက်စွမ်းကောင်းဖို့အတွက် ကြံ့ခိုင်မှုကောင်းဖို့ပဲ ဦးစားပေးပြင်ဆင်နေရတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်း ဘယ်လောက်ထိ ကျန်နေသေးသလဲဆိုတာကို ကိုယ့်ကိုယ်ကိုယ်တောင်မသိတော့တဲ့ အခြေအနေဖြစ်နေတယ်။ သေချာတာတစ်ခုကတော့ ကျွန်တော့်ခြေထောက်တွေ အရင်အတိုင်း ပြန်မကောင်းနိုင်တော့ပါဘူး"ဟု ပြောကြားခဲ့သည်။ AZL

## လာဇီယိုအသင်းက တောင်ပံကစားသမား ဇာကာနီကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

**မက်ဒရစ် ဧပြီ ၂၀**

လာဇီယိုအသင်းသည် တောင်ပံတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ဇာကာနီကို နှစ်နှစ်စာချုပ်ဖြင့် သက်တမ်းတိုးနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိ ဇာကာနီသည် လာဇီယိုအသင်းနှင့်လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံ ၃၇ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး အသင်းတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်အသင်းမှ ခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်လာခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက နောက်ထပ် နှစ်နှစ်သက်တမ်းတိုးရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဇာကာနီအနေဖြင့် သက်တမ်းတိုးသဘောတူညီမှုတွင် လက်ရှိရရှိနေသည့် တစ်နှစ်လုပ်ခ ယူရို ၁ ဒသမ ၈ သန်းထက် နှစ်ဆပိုမိုရရှိမည့် သဘောတူညီချက်လည်း ပါဝင်ခဲ့သည်။



တောင်ပံ ကစားသမားဇာကာနီသည် ၂၀၂၁ ခုနှစ်က ဗီရိုနာအသင်းမှ လာဇီယိုအသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့ရာ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ယခုနှစ်တွင် လာဇီယိုအသင်းက သုံးနှစ်စာချုပ်ဖြင့် အပြီးသတ်ခေါ်ယူခဲ့ပြီး ကစားသမား၏ ပုံစံကောင်းပြသနိုင်မှုကြောင့် အသင်းတာဝန်ရှိသူများက လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးခဲ့ပြီး ၎င်းကို ဆက်လက်ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

# အနောက်အုပ်စု၏ဖိအားများကြားကပင်လျှင် ခိုင်မာအားကောင်းနေသော ရုရှား-တရုတ်ကုန်သွယ်မှု

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလဲယန်နှင့် ပြင်သစ်သမ္မတ အင်မြူရယ်မက်ခရွန်တို့သည် မကြာသေးမီက ရုရှားသို့သွားရောက်ခဲ့သည့် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ခရီးစဉ်ပြီးနောက် ယူကရိန်းအရေးနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအပေါ် လွှမ်းမိုးနိုင်ရေး ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသအနေဖြင့် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် ရုရှား-ယူကရိန်း ပဋိပက္ခစတင်ချိန်မှစ၍ ခေ့စပ်ညှိနှိုင်းပေးနိုင်ရေးကြိုးပမ်းရင်းကြားနေနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသလို ရုရှားနိုင်ငံကို စစ်ရေးအရအကူအညီပေးသွားရန်လည်း ငြင်းဆန်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့် နီးစပ်သောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရှိပြီး ၎င်း၏ နိုင်ငံခြားရေးမူဝါဒနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံဆောင်ရွက်သွားရန် ဆွယ်တရားဟောသည့် တတိယနိုင်ငံ၏ပြောဆိုချက်ကိုလည်း လက်ခံသွားမည်မဟုတ်ချေ။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ဂန်၏ အဆိုအရ ကမ္ဘာကြီးမတည်ငြိမ်မှုမြင့်တက်လာလေလေ တရုတ်နှင့် ရုရှားတို့အနေဖြင့် ဆက်ဆံရေးပိုမိုတိုးမြှင့်သွားရန် အရေးကြီးလေလေပင်ဖြစ်ကြောင်း၊ တရုတ်နှင့် ရုရှားတို့ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘာကြီးအတွက် မောင်းနှင်အားများရရှိလာမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်ဟု သိရသည်။

လွန်ခဲ့သောလအတွင်း ရုရှားသို့ သွားရောက်ခဲ့သည့် တရုတ်သမ္မတရှီကျင့်ဖျင်၏ တရားဝင်ခရီးစဉ်ရည်ရွယ်ချက်များအနက် တစ်ချက်မှာ နှစ်နိုင်ငံကြားမဟာဗျူဟာမြောက်ဆက်ဆံရေးကို အဆင့်သစ်တစ်ရပ်သို့ မြှင့်တင်ရန်၊ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန်ဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ၎င်း၏ နိုင်ငံခြားရေးမူဝါဒကို လွတ်လပ်စွာကျင့်သုံးလျက်ရှိကြောင်း အနောက်အုပ်စုကို သတိပေးတပ်လှန့်ခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် ရုရှားတို့အတွက်မူ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အနောက်အုပ်စု၏စီးပွားရေးလွှမ်းမိုးမှုအောက်မှ လွတ်လပ်စွာရပ်တည်နိုင်မှုထိန်းသိမ်းထားသည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည့်အပြင် နှစ်နိုင်ငံစလုံး၏ အမျိုးသားအကျိုးစီးပွားများအတွက်လည်း အပြန်အလှန်အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။ နှစ်နိုင်ငံစလုံး၏ စီးပွားရေးလုပ်ငန်းများသည် မျှော်မှန်းထားသည့်အတိုင်း အကျိုးဖြစ်ထွန်းလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် တစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်များကို အပြန်အလှန် ဖြည့်ဆည်းပေးနိုင်စွမ်းရှိနေသောကြောင့်ပင်ဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်မှုတွင် တိုးတက်မှုများဖြစ်ပေါ်နေခြင်းသည် နှစ်နိုင်ငံကြား အံဝင်ခွင်ကျဖြစ်နေသောဆက်ဆံရေးကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလမှာပင် ရုရှား-တရုတ် ကုန်သွယ်ရေးကျဆင်းမှုသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ကျဆင်းမှုဖြစ်ပေါ်ခဲ့ခြင်းမရှိပေ။ ကိုဗစ်-၁၉ အလွန်ကာလတွင်လည်း နှစ်နိုင်ငံကြားကုန်သွယ်မှုတန်ဖိုးသည် ယခင်ကထက်ပင် ကျော်လွန်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ရုရှားနှင့်တရုတ်ကြား ကုန်သွယ်မှုတန်ဖိုးသည် နှစ်ရာခိုင်နှုန်းအောက်သာကျဆင်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင်မူ ယခင်ကထက် ကုန်သွယ်မှုတန်ဖိုးမြင့်တက်လာခဲ့ကာ အမေရိကန်ဒေါ်လာ ၁၄၇ ဘီလီယံထိ ရှိခဲ့သည်။

ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ လက်ရှိပထဝီနိုင်ငံရေးဆိုင်ရာအခြေအနေအပြင် အမေရိကန်နှင့် အနောက်အုပ်စုများ၏ ရုရှားနိုင်ငံအပေါ် စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုချမှတ်သည့်မူဝါဒသည် ဒေါ်လာငွေသုံးစွဲမှုအလားအလာကျဆင်းလာစေပြီး တရုတ်ယွမ်ငွေသုံးစွဲမှုမြင့်တက်လာစေခဲ့သည်။ ၂၀၂၂ ခုနှစ်



ပထမလေးလပတ်ကာလအတွင်း ရုရှား-တရုတ် ကုန်သွယ်မှုသည် အနည်းငယ်ကျဆင်းလာခဲ့သော်လည်း ဒုတိယလေးလပတ်ကာလတွင် ပြန်လည်မြင့်တက်လာခဲ့ပြီး နှစ်ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာဘီလီယံ ၁၉၀ ထိရောက်ရှိခဲ့သဖြင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းလာမှုကို ထင်ဟပ်ပေါ်လွင်လာစေခဲ့သည်။

ရုရှားစီးပွားရေးတွင် အမေရိကန်ဒေါ်လာသုံးစွဲမှုလျော့နည်းလာခြင်းသည် တရုတ်ယွမ်ငွေဖြင့် ပေးချေမှုမြင့်တက်လာစေခဲ့သည်။ ရုရှားနိုင်ငံခြားငွေကြေးဈေးကွက်တွင် တရုတ်ယွမ်၏ ရှယ်ယာတန်ဖိုးသည် ၂၀၂၂ ခုနှစ်အစပိုင်းတွင် တစ်ရာခိုင်နှုန်းခန့်သာရှိခဲ့ရာမှ တတိယလေးလပတ်ကာလတွင် ၄၀ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းထိ ခုန်တက်လာခဲ့သည်။ လစဉ်ကုန်သွယ်မှုတန်ဖိုးတွင် တရုတ်ယွမ်ငွေသည် အမေရိကန်ဒေါ်လာထက်ကျော်လွန်လျက်ရှိကြောင်း ရုရှားငွေကြေးလဲလှယ်မှု နေ့စဉ်အစီရင်ခံစာက ဖော်ပြလျက်ရှိသည်။

ရုရှားနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ယူကရိန်းပဋိပက္ခမဖြစ်ပွားမီ နှစ်နှစ်လောက်ကတည်းကပင် အနောက်အုပ်စု၏ပိတ်ဆို့မှုကြောင့် အရှေ့ဘက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုပိုမိုလုပ်ဆောင်လာခဲ့သည်။ တရုတ်နိုင်ငံ၏ တိုးတက်ပြောင်းလဲလာမှုကို အကောင်းမမြင်သော အမေရိကန်နှင့်မတူညီသည့်အချက်မှာ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကို အပြန်အလှန် အကျိုးဖြစ်ထွန်းမှုအဖြစ် ရှုမြင်ထားလျက်ရှိသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကိုခြိမ်းခြောက်မှုအဖြစ် ရှုမြင်ထားခြင်းမရှိကြောင်း၊ နှစ်နိုင်ငံကြား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအတွက် ကြီးမားသောအလားအလာကို ယူဆောင်လာမည့် စိန်ခေါ်မှုတစ်ရပ်အဖြစ်သာ ရှုမြင်ထားကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်လာမှုကို ရုရှားစီးပွားရေးအတွက် အခွင့်အလမ်းအဖြစ် အသုံးချသွားနိုင်ကြောင်း ရုရှားသမ္မတပူတင်က ၂၀၁၂ ခုနှစ်တွင် တတိယအကြိမ်မြောက် သမ္မတသက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခံရပြီးနောက် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် စီးပွားရေးဆိုင်ရာ နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရရှိလာမည့်အလားအလာကောင်းသော အကျိုးအမြတ်များကို အမိအရဆုပ်ကိုင်သွားနိုင်ရေးသည် ရုရှားနိုင်ငံအတွက် ရှင်းလင်းပြတ်သားသော ဖိတ်ခေါ်မှုပင်ဖြစ်သည်။ ရုရှားနိုင်ငံအနေဖြင့် ဗလာဒီဗော့စတော့ခ်မြို့၌ အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (APEC) ထိပ်သီးဆွေးနွေးပွဲပြုလုပ်ချိန်၌ အခွင့်အလမ်းကောင်းတစ်ရပ်ကိုဆုပ်ကိုင်နိုင်ခဲ့သည်။ ထိုအချိန်က အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများသည် ရုရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်နေဆဲဖြစ်ပြီး ၎င်းတို့နေရာတွင် အစားထိုးသွားရန်ဆွေးနွေးသွားမည့်အခြေအနေမရှိသေးပေ။ အမှန်တော့ ရုရှားနိုင်ငံသည် အခြားနိုင်ငံများနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးချဲ့နိုင်ရေးအတွက် ထိုကဲ့သို့ APEC ထိပ်သီးဆွေးနွေးပွဲလက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေ ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ၎င်း၏ရပ်တည်ချက်အားလုံးကိုပြောင်းလဲကျင့်သုံးလာခဲ့သည်။ ရုရှားသမ္မတပူတင်က ၎င်း၏အစိုးရအဖွဲ့သည် ရုရှားစီးပွားရေးကို ချန်လှပ်ထားခဲ့သည့် အနောက်အုပ်စုမှ ကုမ္ပဏီများနေရာတွင် တရုတ်စီးပွားရေးလုပ်ငန်းများနှင့် အစားထိုးသွားရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ယခင်က ရုရှားကုမ္ပဏီများသည် ၎င်းတို့၏ကုန်ထုတ်လုပ်မှုစက်ရုံများ အဆင့်မြှင့်တင်ရန် ဥရောပမှပစ္စည်းများကို ဝယ်ယူခဲ့သည်။ လက်ရှိအချိန်တွင် ဥရောပသမဂ္ဂမှပိတ်ဆို့မှုများကြောင့် ရုရှားကုမ္ပဏီများသည် တရုတ်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို ပိုမိုတိုးမြှင့်ရှာဖွေလာလျက်ရှိသည်။

တရုတ်ကားထုတ်လုပ်သူများအနေဖြင့်လည်း ရုရှားနိုင်ငံတွင် ဈေးကွက်များရရှိလျက်ရှိသည်။ Haval၊ Geely၊ Changan၊ Great Wall နှင့် FAW တို့သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း ရုရှားနိုင်ငံ၌ အရောင်းရဆုံးထိပ်တန်းအမှတ်တံဆိပ် ၁၀ မျိုးထဲတွင် ပါဝင်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုမှ အကျိုးအမြတ်များ ဖြစ်ထွန်းလျက်ရှိသည်။ ရုရှား၏ သတ္တုတွင်းလုပ်ငန်းကြီးဖြစ်သည့် Udokan Copper သည် ကြေးနီသတ္တုတွင်းလုပ်ငန်းကြီးကို အပြီးသတ်တည်ဆောက်လျက်ရှိပြီး ၎င်းလုပ်ငန်းမှထွက်ရှိသည့် ကြေးနီများကို တရုတ်နိုင်ငံသို့ ရောင်းချသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ကြေးနီလိုအပ်ချက်ကို ရုရှားနိုင်ငံက တုံ့ပြန်ဖြည့်ဆည်းခြင်းဖြစ်ပြီး ကြေးနီသည် အစိမ်းရောင်စီးပွားရေးပြောင်းလဲမှုတွင် အရေးပါသော သတ္တုကုန်ကြမ်းအဖြစ် အသုံးပြုသွားနိုင်မည်ဖြစ်သည်။

ကမ္ဘာ့သတ္တုထုတ်လုပ်မှုအကြီးမားဆုံးကုမ္ပဏီများအနက်မှတစ်ခုဖြစ်သည့် ရုရှားသတ္တုကုမ္ပဏီကြီးဖြစ်သော Norilsk Nickel သည် ၎င်း၏ထုတ်ကုန်များကို တရုတ်နိုင်ငံသို့တင်ပို့သွားရန် စီစဉ်လျက်ရှိသည်။ ရုရှားရေနံဓာတုကုမ္ပဏီ Sibur နှင့် ZapSib တို့သည် ၂၀၂၀ ပြည့်နှစ်မှစ၍ Polyethylene နှင့် Polypropylene ပလတ်စတစ်များ စွမ်းအားပြည့်ထုတ်လုပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် အဆိုပါပလတ်စတစ်များလိုအပ်လျက်ရှိသော တရုတ်နိုင်ငံ၏အခက်အခဲကို ရုရှားနိုင်ငံက ဖြေရှင်းပေးသွားမည်ဖြစ်သည်။ ထို့ပြင် ရုရှား၏ Gazprom ကုမ္ပဏီအနေဖြင့်လည်း တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့များ တိုးမြှင့်တင်ပို့လျက်ရှိသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် တရုတ်နှင့် ရုရှားတို့ကြား စီးပွားရေးဆိုင်ရာ အပြန်အလှန် ဖြည့်ဆည်းဆောင်ရွက်မှုများအနက်မှ သာဓကတချို့သာဖြစ်သည်။

အမှန်တော့ အမေရိကန်အနေဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုများအပေါ် ထိန်းချုပ်ရန်ကြိုးပမ်းမှုများကြောင့် တရုတ်နှင့် အမေရိကန်တို့ကြား တင်းမာမှုများသည် အနာဂတ်တွင် ပိုမိုဆိုးရွားလာဖွယ်ရာရှိနေပြီး ရေရှည်တွင် စီးပွားရေးဆိုင်ရာထိပ်တိုက်ရင်ဆိုင်မှုများ မလွဲမသွေကြုံတွေ့လာရဖွယ်ရှိနေသည်။ ထို့ကြောင့် တရုတ်နှင့် ရုရှားတို့ကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုခိုင်မာအားကောင်းလာဖွယ်ရာရှိနေသည်။

**ကိုးကား**

- **Russia-China trade remains strong despite Western Pressure by Asia Times.**

**ဝင်းဇင်(သုတေသန)**

# ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့်စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သန်း ၄၀ ထုတ်ချေးပေးထားကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

**နွံ့ယဉ်**

# အုံမြို့နယ် Royal Dagon ပန်းချီပြခန်းတွင် နွေ အွန်လိုင်းပန်းချီပြပွဲကို မေ ၂၄ ရက်မှ မေ ၃၀ ရက်ထိ ပြသမည်



**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Royal Dagon ပန်းချီပြခန်းတွင် နွေ အွန်လိုင်းပန်းချီပြပွဲကို မေ ၂၄ ရက်မှ မေ ၃၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ Royal Dagon ပန်းချီပြခန်း တာဝန်ခံ ပန်းချီ မျိုးမြင့်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ နွေ အွန်လိုင်းပန်းချီပြပွဲတွင် နာမည်ရပန်းချီဆရာများဖြစ်သည့် ပန်းချီ အောင်သန်းညို၊ ပန်းချီဇော်မင်းမြတ်၊ ပန်းချီဇော်ဝင်း၊ ပန်းချီ စိုင်းကျော်လှ၊ ပန်းချီ မျိုးမြတ်မင်းတို့၏ အရောင်အသွေးစုံ ရေဆေးပန်းချီကား ၅၀ ကို ပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါရင့်ပန်းချီဆရာငါးယောက်ရဲ့ စိတ်တိုင်းကျ ရေဆေးပန်းချီကား ၅၀ ကို သီးသန့်စုစည်းပြီးတော့ ပြသမှာဖြစ်ပါတယ်။ ရေဆေးပန်းချီကားသီးသန့်ဖြစ်ပေမဲ့ လက်ရာစုံ၊ ရှုထောင့်စုံ၊ လှစုံအောင် စုစည်းထားပါတယ်"ဟု Royal Dagon ပန်းချီပြခန်းတာဝန်ခံ ပန်းချီ မျိုးမြင့်ဝင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄)လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈)လက်မစသည့် အရွယ်အစားအစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့်အနည်းဆုံးငွေကျပ် လေးသိန်းမှ အများဆုံး ငွေကျပ်သိန်း ၂၀ ထိ ရှိကြောင်း သိရသည်။ ASH

# Fast and Furious-11 ကို ဒါရိုက်တာ လက်တာရီးယား ရိုက်ကူးမည်

**နယူးယောက် မေ ၂၀**

Fast and Furious-11 ဇာတ်ကားကို ဒါရိုက်တာ လူးဝစ် လက်တာရီးယားက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က မေ ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဒါရိုက်တာ လူးဝစ်လက်တာရီးယားသည် Fast and Furious-10 ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

ဖန်တီးမှုပိုင်းဆိုင်ရာ သဘောထားကွဲလွဲမှုများကြောင့် Fast and Furious-10 မှ ဒါရိုက်တာ ဂျပ်စတင်း ထွက်ခွာခဲ့ပြီးနောက် ၎င်းဇာတ်ကားကို ဒါရိုက်တာ လက်တာရီးယားက တာဝန်ယူရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ လက်တာရီးယား ထပ်မံရိုက်ကူးပေးသည့် Fast and Furious-11ဇာတ်ကားသည် Fast and Furious ဇာတ်ကားများ၏ နောက်ဆုံး ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Fast and Furious-11 ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း၊ သို့ရာတွင် Fast and Furious-10 ဇာတ်ကားကိုမူ မေ ၁၉ ရက်တွင် ရုံတင် ပြသမည်ဖြစ်ကြောင်း သိရသည်။ KKO



# အမှတ်တရနွေ ရုပ်သံဇာတ်လမ်းတွဲကို မေ ၂၃ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် မေ ၂၀**

အမှတ်တရနွေအမည်ရှိ မြန်မာ ရုပ်သံဇာတ်လမ်းတွဲကို မေ ၂၃ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ဖန်တီးရိုက်ကူးပုံဖော်ခဲ့သူ ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြ၍ သိရသည်။

အမှတ်တရနွေ ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမ မူပိုင်နှင်းဆီ၏ ဝတ္ထုဇာတ်လမ်းကို ကြယ်စုသစ်က ဇာတ်ညွှန်းခွဲရေးသားထားခြင်းဖြစ်ပြီး Saung Nya Pyar Tho က ထုတ်လုပ်သူအဖြစ် ရိုက်ကူး ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကာလ ကလောမြို့လေးရဲ့ နွေဦးမှာဆုံတွေ့ခဲ့တဲ့ လူငယ်နှစ်ယောက်ရဲ့ လွမ်းဆွတ်ကြည်နူးဖွယ် ဇာတ်လမ်းလေးဖြစ်ပါတယ်။ ခေတ်တွေပြောင်းလဲသွားပေမဲ့လဲ အချစ်တွေမပြောင်းလဲဘဲ တန်ဖိုးမဖြတ်နိုင်တဲ့အမှတ်တရလေးတွေအဖြစ် ကျန်ခဲ့မှာကို ကြည့်ရှုရမဲ့ ဇာတ်လမ်းလေးဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။




အမှတ်တရနွေ ရုပ်သံဇာတ်လမ်းတွဲကို မေ ၂၃ ရက်မှစတင်၍ fortune tv ရုပ်သံလိုင်းတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၈ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ဇာတ်လမ်းတွဲတွင် အပိုင်း(၁၅)ပိုင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ဝါရင့်သရုပ်ဆောင်များဖြစ်ကြသည့် ဝါဝါဝင်းရွှေ၊ လင်းဇာနည်ဇော်၊ အဲဗားရက်မိုး၊ ဝင်းခန့်မိုး၊ သိမ့်မွေ့သင်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Godzilla×Kong ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကြေညာ

**နယူးယောက် မေ ၂၀**

Godzilla×Kong ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို Legendary Pictures ရုပ်ရှင်ကုမ္ပဏီက ကြေညာထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မေ ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

Legendary Pictures ၏ ကြေညာချက်အရ အထက်ပါဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်မှာ Godzilla×Kong: The New Empire ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် Godzilla Vs Kong(2021)ဇာတ်ကား၏ တိုက်ရိုက်နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Godzilla×Kong: The New Empire ဇာတ်ကားကို ဒါရိုက်တာ အဒမ်ဝင်းဂါ့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဆိုင်မွန်ဘားရက်က ရေးသားပေးထားပြီး ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Godzilla×Kong: The New Empire ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ် ၁၅ ရက်တွင် ရုံတင်ပြသရန် Legendary Pictures က စီစဉ်ထားကြောင်း သိရသည်။ KKO



# W Entertainment ရုပ်ရှင်ထုတ်လုပ်ရေးက ဗိဿနိုးကေရီ ပန်ထွာဒေဝီ ဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိ

**ရန်ကုန် မေ ၂၀**

W Entertainment ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးတင်ဆက်သည့် ဗိဿနိုးကေရီ ပန်ထွာဒေဝီ ရုပ်သံဇာတ်လမ်းတွဲကို မေ ၂၀ ရက်မှစ၍ ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲ ဒါရိုက်တာ ဆန်းမင်းက ပြောပြ၍ သိရသည်။

ဗိဿနိုးကေရီ ပန်ထွာဒေဝီ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဆန်းမင်းက ပုံဖော်ရိုက်ကူးလျက်ရှိကြောင်း၊ ရိုက်ကွင်းအားလုံးနီးပါးကို ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို မေ ၁၉ ရက်က သယ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရား၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ပန်ထွာဘုရင်မလို့ လူသိများတဲ့ ဗိဿနိုးဘုရင်မကြီးရဲ့ဘဝတစ်စိတ်တစ်ပိုင်းကို ရိုက်ကူးတင်ဆက်မှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲရဲ့ ထူးခြားချက်ကတော့ ပုံမှန်ရုပ်သံဇာတ်လမ်းတွဲလို ရိုက်ကူးမှာမဟုတ်ဘဲ ပြဇာတ်ဆန်ဆန်ရိုက်ကူးမှာဖြစ်ပါတယ်။ ဇာတ်လမ်းတွဲမှာ အပိုင်း(၂၀)လောက် ပါပါလိမ့်မယ်"ဟု ဒါရိုက်တာ ဆန်းမင်းက ပြောပြသည်။

ဗိဿနိုးကေရီ ပန်ထွာဒေဝီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ညီထွဋ်ခေါင်၊ မင်းတော်ဝင်၊ ရွှေပိုးအိမ်၊ ရဲရဲချမ်းချမ်းမိုး၊ ရွှေစင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်လမ်းတွဲကို fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting of board of patrons, leading committee for organizing auspicious ceremonies to mark full moon day of Kason- Buddha Day



Vice-Senior General Soe Win addresses the work coordination meeting.

**Nay Pyi Taw April 20**

A coordination meeting of the board of patrons and the leading committee for organizing ceremonies to mark the full moon day of Kason - Buddha Day was held at the meeting hall of the Ministry of Religious Affairs and Culture in Nay Pyi Taw at 2 pm today and Chairman of the Board of Patrons for Organizing Auspicious Ceremonies to mark the full moon day of Kason (Buddha Day) of the State Administration Council of the Republic of the Union of Myanmar Vice Chairman of the SAC Vice-Senior General Soe Win addressed the meeting.

Also present at the meeting were union ministers, the chairman of the Nay Pyi Taw Council, the commander of the Nay Pyi Taw Command, deputy ministers, permanent secretaries, directors general and officials.

First, the meeting began with a three-time recitation of Namo Tassa.

At the meeting, the Vice-Senior General delivered an address, saying as the full moon day of Kason (Buddha Day) marks the four significant events in the life of Thatbyinnyu Buddha or the lord of three world such as receiving divine prophecy, being given birth to, attaining enlightenment and entering Maha Parinibanna, according to the record known as prophecy, birth, bodhi trees and Parinibanna, Myanmar Buddhists regard the day as their holiest day.

As the Buddha attained enlightenment under the Maha Bodhi tree on the full moon day of Kason, Buddhists have organized ceremonies to mark the full moon day of Kason (Buddha Day) or festival to pour water at the foot of banyan trees as one of their 12 Myanmar traditional festivals.

As the Maha Bodhi tree was one of the seven birthmates of the would-be Buddha, Prince Siddhartha and contributed a lot to his enlightenment, it is regarded as one of the Pribawga Zedis. As pouring water at the foot of Maha Bodhi trees in Kason in summers, when groundwater has dried up, contributes to flourishing and longevity of Maha Bodhi trees and amounts to paying obeisance to the living Buddha, it will bring the same benefits of stability and prosperity of the country and peace of mind of all its citizens.

As the full moon day of Kason on which water is poured at the foot banyan trees is one of the holiests days of Buddhists, the United Nations General Assembly held on 13 December, 1999 designated the day as International Vesak day or Visakha day under its resolution 54/115.

The ceremony to offer water to Maha Bodhi trees in the precinct of the Uppatasanti Pagoda in Nay Pyi Taw in the past was organized by the Nay Pyi Taw Council and the pagoda board of trustees but it is the third year since the ceremony has been organized as a national level one.

On the full moon day of Kason, the ceremony will be organized on a grand scale as a national level one by scheduling five sessions such as offering alms and day meals to monks to commemorate the Buddha Day, holding paper reading session marking the Buddha Day, organizing Kason water offering ceremony, offering lights in processions and delivering Dhamma sermons in the precinct of the pagoda in the Nay Pyi Taw Union Territory.

With the Kason water offering ceremony, religious events on the Buddha Day will be held at the State level. To successfully hold the events, the Order No. 89/2023 to form the Patron Body and the Steering Committee was issued by the Office of State Administration Council on April 11. With the working committee, the Ministry of Culture and Religious Affairs, the steering committee, had given assignments on April 18 through forming 13 sub-committees.

The matter to select the four Sayadaws who will read papers on four significant events of the Buddha at the paper reader event on the Buddha Day was submitted to the Sitagu Sayadaw, chancellor of Sitagu Buddhist Academies, and three Rector Sayadaws of three Buddhist Academies and matter to enable the three Rector Sayadaws to act as a board of chairmen

The event to carry oil lamp posts will be held in accordance with the State level. For that event, 80 men and 1000 women have been prepared to participate in the event. It is believed that the event will be convenient and smooth as coordination has been already made with the ministries concerned to get the number of vehicles necessary ready for that event.

The ministries concerned need to properly decorate the vehicles which will participate in the parade of demonstration in accordance with the State level as the State-run media will broadcast a live show on the event.

As the Maha Mingalar ceremonies will be held in five parts, it is to systematically take security measures at the venues for the relevant events with a sense of consciousness and attentiveness on security until the end of events. Sub-committees are to carry out their tasks in accordance with the directives on COVID-19 prevention and control. The Vice-Senior General urged the attendees to openly present their suggestions to the meeting.

Then, Chairman of Leading Committee Union Minister U Ko Ko briefed on grandly holding the Kason Water Offering Ceremony and Mingalar events in Buddha Day at the State level and Deputy Minister U Aye Tun on the schedule of the ceremony and events.

Next, the sub-committees reported on their sector-wise tasks on the ceremony and events to the meeting.

Later, the Vice-Senor General made coordination on the suggestions and reports and gave necessary instructions.

100

# More large container ships dock at Yangon international ports in 2022-2023 FY



A container ship docked at Yangon port.

**Yangon April 20**

Large container ships docked the most at Yangon international ports in 2022-2023 FY, according to reports from the Myanma Port Authority (MPA).

More and more export and import activities have been carried out through the sea trade route in Myanmar's trade sector.

Therefore, in the current trade sector of Myanmar, the export and import activities from the border trade route is only about 29% and the export and import activities from the sea trade route has increased to 71%.

According to these conditions, the arrival of large international commercial ships at Yangon international ports has also increased.

Therefore, up to 1,390 international cargo ships docked at Yangon's international ports in 2022-2023 FY.

Among the large international cargo ships, there are 325 general cargo ships, 311 large oil tankers, 100 large tankers carrying cooking oil and 654 large container ships arrived at Yangon international ports in 2022-2023 FY, with the largest number of large container ships docked at Yangon international ports.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tamu border trade station earns a trade surplus of over US$3 million in 2022-2023 FY

**Tamu April 20**

The Tamu border trade station has achieved a trade surplus of more than US$3 million in 2022-2023 FY, according to reports from the Ministry of Commerce.

Tamu border trade station is a border trade station that conducts border trade with India, and although the volume of trade is lower than other border trade stations, it is a border trade station that can achieve annual trade surplus.

Therefore, as a border trade station, Tamu was able to generate annual trade surplus even though the volume of trade was low.

The decrease in trade volume of the Tamu border trade station in the 2021-2022 mini-budget period is due to the outbreak of Covid-19.

The border trade station is exporting various goods from Nan Phar Lone market to India, during the first week of April, which is the first week of the current fiscal year, and it is mainly importing hair from India as well.

336


The bridge on the border between Myanmar and India.

# Sudan conflict: 'I'm drinking water from the River Nile'

**Khartoum April 20**

After six days of fierce fighting that have brought normal life to a halt in Sudan's capital, Khartoum, I have left my house for the first time.

Although I can still hear explosions and gunfire across the city, I had no choice.

We have run out of water. So I have driven to the River Nile.

At home, I have been sheltering inside with my wife and children. Clashes have been happening near my house. When we hear shelling we hide under the furniture to try and protect ourselves.

The bombing has hit key infrastructure, like water pipes. So we have no running water and the electricity and internet supply is cutting in and out. So I went to a nearby store to try and buy water and essentials - but the shop was shut.

Many families, like mine, are in the same position - stuck in their houses for days on end, running out of water and food.

So I decided to risk the journey to one of the longest rivers in the world in search of drinking water.

I drove in my car. Most of the gas stations are closed, and the prices are getting higher. But I have fuel.

I've been reporting from Sudan for almost two decades.

I've covered protests and military coups before, but this coverage is the most difficult because it's happening right on the streets around me. It feels like death is all around us.

As I make my way to the river, groups of people, like me, are flocking to this area, which is one of the places where people are collecting water.

They come here to bathe, to wash things and to get drinking water.

In this part of Sudan the White and Blue Nile move in parallel before mixing together to form the Nile as it starts its course to Egypt.

As I stand on the west bank of the river, known as the White Nile, specifically in the Fatehab area of Omdurman, I can see in the distance plumes of smoke rising from the combat zone, where heavy fighting continues despite the promise of a 24-hour ceasefire from both sides.

BBC

# Yemen: Almost 80 die in Ramadan crush at Sanaa school

**Sanaa April 20**

At least 78 people have been killed in a crush at a school in Yemen's rebel-held capital, Sanaa, during a charity event for Ramadan, officials say.

The incident began after hundreds crowded into a narrow street in the Bab al-Yemen area late on Wednesday to get handouts of $9 (£7) from a merchant.

Video showed people screaming for help and others trying to pull them free.

Later footage appeared to show dozens of bodies on the ground, as well as shoes and clothing strewn over steps.

Officials from the rebel Houthi movement accused organisers of failing to co-ordinate with local authorities and said they had been detained.

Yemen has been devastated by a civil war that escalated in 2015, when the Iran-aligned Houthis seized control of large parts of the west of the country from the internationally-recognised government and a Saudi-led coalition intervened in an effort to restore its rule.

The fighting has reportedly left more than 150,000 people dead and triggered one of the world's worst humanitarian crises, with two thirds of the population - 21.7 million people - in need of some form of aid.

Poor people made their way to the Maeen School in central Sanaa on Wednesday night after being told that a local merchant would be handing out zakat (alms) to mark the end of the Islamic holy month of Ramadan.

The head of the Houthis' Supreme Revolutionary Council, Mohammed Ali al-Houthi, posted a photo on Twitter apparently showing hundreds of people queuing outside the school before the crush.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တောင်ကိုရီးယားက ယူကရိန်းကို စစ်ရေးအကူအညီပေးပါက ရုရှားက မြောက်ကိုရီးယားကို လက်နက်တင်ပို့ရန် ကမ်းလှမ်းနိုင်



တောင်ကိုရီးယားနိုင်ငံက ယူကရိန်းကို စစ်ရေးအကူအညီ စတင်ပေးမည်ဆိုပါက ရုရှားကလည်း မြောက်ကိုရီးယားနိုင်ငံကို အဆင့်မြင့်လက်နက်များတင်ပို့ရန် ကမ်းလှမ်းနိုင်ကြောင်း ရုရှားသမ္မတဟောင်း ဒီမီထရီမက်ဗီဒက်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတ Yoon Suk-yeol က ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေရှိသော ပေါ်လစီပြောင်းလဲမှုများအကြောင်း Reuters သတင်းဌာနနှင့် ဧပြီ ၁၉ ရက်က တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားခဲ့ပြီး အမေရိကန်ကို လာမည့်အပတ်အတွင်း သွားရောက်ရန်ရှိနေသည်။

"အရပ်သားတွေကို ပစ်မှတ်ထားတိုက်ခိုက်တာ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်တာ ဒါမှမဟုတ် စစ်ဘက်ဆိုင်ရာဥပဒေတွေကို ပြင်းထန်စွာချိုးဖောက်တာမျိုး နိုင်ငံတကာအသိုင်းအဝိုင်းက ခွင့်မပြုနိုင်တဲ့အခြေအနေမျိုးကြုံလာရင် လူသားချင်းစာနာထောက်ထားမှု ဒါမှမဟုတ် ငွေကြေးပံ့ပိုးမှုတွေအတွက်သာ ပံ့ပိုးမယ်ဆိုတဲ့အနေအထားမျိုး တွန်းအားပေးဖို့ ခက်ခဲနိုင်ပါတယ်။ စစ်ပွဲမှာပါဝင်နေတဲ့ အဖွဲ့တွေနဲ့ ကျွန်တော်တို့ရဲ့ဆက်ဆံရေး၊ စစ်မြေပြင်မှာဖြစ်ပေါ်တိုးတက်မှုတွေကို ထည့်သွင်းစဉ်းစားပြီး အသင့်တော်ဆုံးတွက်ချက်လုပ်ဆောင်သွားမှာပါ"ဟု Yoon Suk-yeol က ပြောကြားခဲ့သည်။

ရုရှားအမျိုးသားလုံခြုံရေးကောင်စီ၏ လက်ထောက်ဥက္ကဋ္ဌအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသည့် မက်ဗီဒက်က တောင်ကိုရီးယားသည် ယူကရိန်းကို သေစေလောက်သော စစ်လက်နက်ပစ္စည်းအကူအညီများပံ့ပိုးပေးရန် ကာလရှည်ကြာစွာ ငြင်းဆိုထားကြောင်း မှတ်ချက်ပြုခဲ့သည်။

"သူတို့ရဲ့ အရင်းနှီးဆုံးအိမ်နီးချင်းဖြစ်တဲ့ DPRK (ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ)က ကျွန်တော်တို့ရဲ့မိတ်ဖက်တွေဖြစ်တယ်။ ဒီနိုင်ငံမှာ အဆင့်မြင့်ရုရှားလက်နက်အသစ်တွေ တွေ့မြင်ရမယ်ဆိုရင် တောင်ကိုရီးယားနိုင်ငံမှာ နေထိုင်သူတွေက ဘယ်လိုပြောကြမလဲလို့ ကျွန်တော်သိချင်မိပါတယ်"ဟု မက်ဗီဒက်က လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံကို ဟန့်တားရာမှာ နှစ်နိုင်ငံကြား မြင်သာထင်သာရှိသည့် ရလဒ်များ ဘယ်လိုအောင်မြင်အောင် ဆောင်ရွက်သွားရမည်ဆိုသည်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်ဆွေးနွေးရန် စီစဉ်ထားကြောင်း တောင်ကိုရီးယားသမ္မတ Yoon Suk-yeol က Reuters ကို ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ အိမ်နီးချင်းထံမှ ထင်မြင်ယူဆထားသည့် ခြိမ်းခြောက်မှုအန္တရာယ်များကို ကာကွယ်ရန်အတွက် တောင်ကိုရီးယားတွင် အလွန်စွမ်းဆောင်ရည်မြင့်ပြီး စွမ်းအားမြင့်မားသော စစ်လက်နက်ပစ္စည်းများကို တီထွင်နေကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ပထမဆုံး အစိုင်အခဲလောင်စာသုံး တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

စစ်လက်နက်များ အဓိကထုတ်လုပ်နေသောနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံသည် စစ်ပွဲဇုန်များသို့ လက်နက်များပံ့ပိုးခြင်းမပြုရဟူသော နိုင်ငံ၏မူဝါဒကို ကိုးကား၍ ယူကရိန်းသို့ သေစေလောက်သော စစ်လက်နက်ပစ္စည်းအကူအညီများ ပေးပို့၊ ပံ့ပိုးခြင်းမှရှောင်ကြဉ်ခဲ့သည်။

Reuters သတင်းဌာနသို့ သမ္မတ၏ ပြောကြားချက်သည် အစိုးရမူဝါဒအပြောင်းအလဲကို အချက်ပြခြင်းမရှိကြောင်း သမ္မတရုံးကပြောကြားခဲ့သည်ကို ကိုးကား၍ Yonhap သတင်းဌာနကရေးသားဖော်ပြခဲ့သည်။

၁၅၅ မီလီမီတာအမြောက်များအတွက် အမြောက်ကျည် ငါးသိန်းခန့်ကို အမေရိကန်နိုင်ငံအား ထုတ်ချေးထားရန်စဉ်းစားခဲ့သည်ဟု တောင်ကိုရီးယား သတင်းမီဒီယာများက ပြီးခဲ့သည့်သီတင်းပတ်တွင် ဖော်ပြခဲ့သည်။ ယူကရိန်းနိုင်ငံဘက်ကလည်း ရုရှားနှင့် ပဋိပက္ခအတွက် ဤအမြောက်ကျည်အမျိုးအစားကို အပူတပြင်းလိုအပ်နေသည်ဟု သတင်းများထွက်ပေါ်နေသည်။

တောင်ကိုရီးယားအစိုးရ တာဝန်ရှိသူတစ်ဦးက Dong-A Ilbo သတင်းစာကို ယူကရိန်းအတွက် သွယ်ဝိုက်သောအကူအညီအဖြစ်ဖော်ပြခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသည် ရုရှားကိုရန်မလိုဘဲ နိုင်ငံတကာအသိုင်းအဝိုင်း၏ တာဝန်သိသောအဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း ပြသနိုင်သည်ဟု ဖော်ပြခဲ့သည်။

**Russia could arm North Korea if South sends weapons to Ukraine – Medvedev ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ရုရှားကို အမေရိကန်ထုတ် Kamikaze ဒရုန်းများဖြင့်တိုက်ခိုက်ခဲ့

ယူကရိန်းတပ်ဖွဲ့များသည် ရုရှားပိုင်နက်ကို ဒရုန်းများဖြင့် တိုက်ခိုက်လေ့ရှိရာ ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ထုတ် Kamikaze ဒရုန်းများကို အသုံးပြုတိုက်ခိုက်ခဲ့သည်ဟု Mash နှင့် SHOT အပါအဝင် မီဒီယာအများအပြားက ဧပြီ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့ကြသည်။

အမေရိကန်နိုင်ငံ AeroVironment ကုမ္ပဏီမှ ထုတ်လုပ်သည့် Switchblade ဒရုန်းသည် ယူကရိန်းပိုင်နက်နှင့်ထိစပ်နေသော ရုရှားနိုင်ငံ Belgorod ဒေသသို့ ကျရောက်မပေါက်ကွဲမီ ယူကရိန်းဘက်ခြမ်းမှ ရုရှားလေပိုင်နက်တွင်းသို့ ပျံသန်းဝင်ရောက်လာခဲ့ကြောင်း သတင်းများကဖော်ပြခဲ့ကြသည်။

Switchblade သည် ငုပ်လျှိုးထိုးဆင်း၍ ဇုံးကြဲတိုက်ခိုက်နိုင်စွမ်းရှိသည့် အသေးစား Kamikaze ဒရုန်းအမျိုးအစားလည်းဖြစ်သည်။ ၎င်းဒရုန်းသည် ၁၅ ကီလိုဂရမ်ထိ အလေးချိန်ရှိပြီး အမျိုးအစားကွဲပြားမှုပေါ်မူတည်၍ ၄၉ စင်တီမီတာနှင့် စင်တီမီတာ ၁၃၀ ကြားအရှည်ရှိသည်။

ရုရှားနှင့်ယူကရိန်းတို့ကြား ပဋိပက္ခများဖြစ်ပွားနေသည့်ကာလတွင် အထူးသဖြင့် ယူကရိန်းနှင့်ထိစပ်နေသော ရုရှားနယ်စပ်ဒေသများကို ယူကရိန်းတို့ဘက်က ဒရုန်းတိုက်ခိုက်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ ယူကရိန်းတို့၏ အချို့သော တိုက်ခိုက်မှုများသည် ရုရှားနိုင်ငံတွင်းရှိဒေသများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ကိုလည်း တွေ့ရသည်။ မတ်လတွင် ယူကရိန်းနယ်စပ်နှင့် အနီးဆုံးကီလိုမီတာ ၂၅၀ ခန့်အကွာ မော်စကိုမြို့တောင်ဘက် Tula ဒေသရှိ မြို့တစ်မြို့ကို ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ဒရုန်းသုံးစင်းဖြင့် တိုက်ခိုက်ခဲ့သည်။

ရုရှားနိုင်ငံ Belgorod မြို့ရှိ တိုက်ခန်းတစ်ခုတွင် ထိမှန်ပျက်ကျခဲ့သော ယူကရိန်းတို့၏ ဒရုန်းတစ်စင်းသည် သတ္တုအခွံပါရှိသော ဗြိတိန်ထုတ်ပလတ်စတစ်ဖောက်ခွဲရေးပစ္စည်းကို သယ်ဆောင်လာခဲ့ကြောင်း ဖေဖော်ဝါရီလတွင် Mash သတင်းဌာနက အစီရင်ခံရေးသားခဲ့သည်။

အနောက်အုပ်စုသည် ယူကရိန်းကို ရုရှားပိုင်နက်အတွင်းသို့ ပိုမိုနက်ရှိုင်းစွာ ထိုးစစ်ဆင်တိုက်ခိုက်နိုင်စေရန် ပံ့ပိုးနေသည်ဟု ရုရှားနိုင်ငံက အကြိမ်ကြိမ်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလတွင် ကျင်းပသော ဖက်ဒရယ်ညီလာခံမိန့်ခွန်းတွင် ယူကရိန်းကို နောက်ကွယ်က ကြိုးကိုင်နေသူများသည် နိုင်ငံ၏ မဟာဗျူဟာမြောက်ချူကလီးယားစွမ်းဆောင်ရည်ပိုင်ဆိုင်ထားသည့် လေကြောင်းဆိုင်ရာ အဆောက်အအုံများကို




ဒရုန်းဖြင့်တိုက်ခိုက်မှုတွင် တိုက်ရိုက်ပါဝင်ခဲ့ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် လူတစ်ကိုယ်သယ်ဆောင်သွားနိုင်သော တင့်ဖျက်ဒုံးကျည်များမှ ခြေလျင်တိုက်ခိုက်ရေးယာဉ်များ၊ တင့်ကားများနှင့် အမြောက်လက်နက်များထိ လက်နက်မျိုးစုံကို ယူကရိန်းနိုင်ငံအား ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

သို့သော်လည်း အမေရိကန်သည် ယူကရိန်းတပ်များကို ATACMS မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်များကဲ့သို့ တာဝေးပစ်လက်နက်များပေးအပ်ရန် အကြိမ်ကြိမ်ငြင်းဆိုခဲ့သည်။ အကယ်၍ အဆိုပါလက်နက်များအသုံးပြု၍ ရုရှားပိုင်နက်နယ်မြေကို ပစ်မှတ်ထားတိုက်ခိုက်မည်ဆိုပါက NATO နှင့် ရုရှားတို့ကြား ပဋိပက္ခဖြစ်နိုင်ခြေမြင့်မားလာနိုင်မှုအပေါ် စိုးရိမ်၍ အစဉ်တစိုက် ငြင်းဆိုခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Ukraine hits Russia with US-made kamikaze drone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ပန်းတနော်မြို့နယ်တွင် မွေးမြူရေးငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေ



**ပန်းတနော် ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ငါးမြစ်ချင်း တစ်ပိဿာလျှင်ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပန်းတနော်မြို့နယ် ဝင်းပြည့်စုံရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ဝင်းဝင်းဌေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် မတ်လအတွင်းက မွေးမြူရေးငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ထိသာ ဈေးရှိခဲ့ပြီး ဧပြီ ၁ ရက်မှ ယနေ့ထိ ငါးမြစ်ချင်းတစ်ပိဿာလျှင်ငွေကျပ် ၈၅၀၀ ထိ ဈေးရရှိနေကြောင်း၊ အဆိုပါမွေးမြူရေးငါးမြစ်ချင်းများ ဈေးကောင်းရရှိလာခြင်းသည် ငါးမဖမ်းရကာလ သတ်မှတ်ထားသော အချိန်ဖြစ်သည့်အတွက် မွေးမြူရေးငါးများကိုသာ အားထားရောင်းချ နေရခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးမြစ်ချင်းဈေးကောင်းလာပါတယ်။ ဒါ့ပြင် အခြားငါးတွေလဲ ဈေးကောင်းလာပါတယ်။ လက်ရှိမွေးမြူရေးငါးမြစ်ချင်းတွေ ဈေးကောင်းရရှိလာတာက ငါးမဖမ်းရကာလသတ်မှတ်ထားပြီး သဘာဝအလျောက်ဖမ်းဆီးရရှိတဲ့ ရေချိုငါးတွေရရှိမှု လျော့နည်းနေတာကြောင့်ဖြစ်ပါတယ်။ ဈေးကောင်းလာပေမဲ့ ငါးအရောင်းအဝယ်ကလဲ ပုံမှန်ထက်ရောင်းအားတက်နေပါတယ်။ ငါးဈေးကောင်းလာတော့ မွေးမြူသူတွေလဲ အဆင်ပြေနေတာတွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် ဝင်းပြည့်စုံရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဝင်းဝင်းဌေးက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ထွက်ရှိသည့် မွေးမြူရေးငါးမြစ်ချင်းများကို ဒေသဈေးကွက်အပြင် ပုသိမ်မြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့တင်ပို့ရာတွင် တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၁၇၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ပန်းတနော်မြို့နယ်တွင် ငါးမြစ်ချင်းမွေးမြူရေးလုပ်ငန်းရှင် ၁၉ ဦးထိရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရပ်စောက်မြို့နယ် နားဆံ(ရွာဟောင်း)ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေး

**ရပ်စောက် ဧပြီ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ(VRFP)စီမံကိန်းရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျိုင်းခမ်းကျေးရွာအုပ်စု နားဆံ(ရွာဟောင်း) ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် နားဆံ(ရွာဟောင်း) ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက နားဆံ(ရွာဟောင်း) ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၂၇ ဦးအား လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၂၀ ကို တစ်ဦးချင်း ထုတ်ချေးပေးခဲ့ကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်ထံမှ သိရသည်။

**မောင်ခိုင်**

# ယခုနှစ် ရွှေဘိုခရိုင်အတွင်း နွေနှမ်းဧက ၂၂၄၀၀ စိုက်ပျိုးပြီးစီး

**ရွှေဘို ဧပြီ ၂၀**

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် နွေနှမ်းဧက ၂၂၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ ရွှေဘိုခရိုင်တွင် နွေနှမ်း ၆၇၀၈၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိဧက ၂၂၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ရွှေဘိုခရိုင်မှာ နွေနှမ်းဧက ၆၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတယ်။ ဒီနေ့ထိ နွေနှမ်းဧက ၂၀၀၀၀ ကျော်စိုက်ပြီးပါပြီ။ နွေနှမ်းစိုက်ပျိုးတာ တိုးတက်လာဖို့ဆောင်ရွက်နေတယ်။ ဒါ့ပြင် အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် နွေနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၃၀၂ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၈၀၂၂ ဧက၊ ကျောက်မြောင်းမြို့တွင် ၇၆ ဧက စုစုပေါင်းဧက ၂၂၄၀၀ တို့ဖြစ်ကြောင်း၊ လျာထားချက်အနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၈၁၂၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၅၆၄၄ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၃၁၈ ဧက စုစုပေါင်း ၆၇၀၈၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် နွေနှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၄-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၃၆၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဆေးဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၇၀ |
| **(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

ကဆုန်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ ဗုဒ္ဓနေ့ဆိုင်ရာအခမ်းအနားဖြစ်သည့် "ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲအခမ်းအနား ကျင်းပခြင်း၊ ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်း၊ ဓမ္မသဘင်ဆင်ယင် ကျင်းပခြင်း" စသည့် အခမ်းအနားများကို အပိုင်း ငါးပိုင်းခွဲ၍ နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်...

ကျင်းပခြင်း" စသည့် အခမ်းအနားများကို အပိုင်း ငါးပိုင်းခွဲ၍ နိုင်ငံတော်အဆင့်နှင့် အညီ ခမ်းနားထည်ဝါစွာကျင်းပသွားမည် ဖြစ်ကြောင်း။

မဟာဓာတ်ပင်တော်များကို ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲနှင့်အတူ ဗုဒ္ဓနေ့ဆိုင်ရာအခမ်းအနားများကို နိုင်ငံတော် အဆင့်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊အဆိုပါ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာ မင်္ဂလာအခမ်းအနားများကျင်းပရေး နာယက အဖွဲ့နှင့် ဦးစီးကော်မတီဖွဲ့စည်းမိန့်ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံးက ဧပြီ ၁၀ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၈၉/၂၀၂၃ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သကဲ့သို့ ဦးစီးကော်မတီဖြစ်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ဧပြီ ၁၈ ရက်က လုပ်ငန်းကော်မတီနှင့်အတူ ဆပ်ကော်မတီ ၁၃ ခု ဖွဲ့စည်း၍ လုပ်ငန်း တာဝန်များပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အခမ်းအနားတွင် မြတ်စွာဘုရားရှင်ထူးခြား သည့် ဖြစ်တော်စဉ် ၄ ရပ်ကို စာတမ်းများ

# မကြာမီကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲသည် အနုပညာလောကအတွက်၊ ပြည်သူလူထုအတွက် အနှစ်သာရရှိပြီး စိတ်ဝင်စားမှုအရှိဆုံး အခမ်းအနားဖြစ်သဖြင့် အနုပညာရှင်များ၏ ဆန္ဒကိုနားထောင်ပြီး အကောင်းဆုံးပြင်ဆင်ထား

နေပြည်တော် ဧပြီ ၂၀

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်း အနား အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ အနု ပညာရှင်များအားလုံးက စိတ်တူကိုယ်တူဖြင့် မပျက်မကွက် ပူးပေါင်းပါဝင်တက်ရောက်ကြ စေလိုပါကြောင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များ အနက်မှ ဖက်ရှင်ဆုရွေးချယ်ချီးမြှင့်သွားမည်

တင်ပြသည်။

ထို့နောက် နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ပြည်ထဲရေးဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဒုတိယ မြို့တော်ဝန်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မှ တာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ အစည်းအဝေး တက်ရောက်လာကြသူများ သည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်း

# နေပြည်တော် (ခုတင် ၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးစက်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၀

နေပြည်တော် (ခုတင် ၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံး စက်ပစ္စည်းများနှင့် အလှူငွေများလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါဆေးရုံကြီးရှိ အုပ်ချုပ်မှုဆောင် အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားရာတွင် (ခုတင် ၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှာ မိသားစု သဖွယ် စောင့်ရှောက်ကုသပေးကြသည့် သမားတော်ကြီးများ၊ ဆရာဝန်ကြီးများ၊ကျန်းမာ ရေးဆိုင်ရာ ဝန်ထမ်းများနှင့် ဆေးရုံကြီး၏ ကျေးဇူးကို အထူးအလေးထားတုံ့ပြန်သော အားဖြင့် မိမိနှင့်မိသားစုများအနေဖြင့် ဤဆေးရုံကြီးအတွက် အသက်ရှူလမ်းကြောင်း

ထို့နောက် အလှူရှင်မိသားစုက ဆေးရုံ သုံးစက်ပစ္စည်းများဖြစ်သော ချွဲစုပ်စက်၊ အောက်ဆီဂျင်စက်တို့ကို လှူဒါန်းရခြင်းနှင့် ... (Wheel Chair)နှင့် ...

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေပြည်တော် (ခုတင် ၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး သည် ဗဟိုအဆင့်ဆေးရုံကြီးဖြစ်ပြီး အထူး သဖြင့် အရေးပေါ် ကုသဆောင်ရွက်ရမှုကိစ္စရပ်

ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးသည့်အခါ များစွာ အဆင်ပြေချောမွေ့ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဆေးရုံကြီး၏လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာကနေ ဖြည့်ဆည်းပေး သည့်အတွက် ကျေးဇူးတင်ရှိကြောင်းပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကိုကို နေပြည်တော် (ခုတင် ၁၀၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံး စက်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ် လှူဒါန်းစဉ်။




# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဖိုရမ်ကျင်းပ




မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bank of China (Hong Kong) Yangon Branch တို့ ပူးပေါင်းပြုလုပ်သည့်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာဖိုရမ် ကျင်းပစဉ်။

နေပြည်တော် ဧပြီ ၂၀

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bank of China (Hong Kong) Yangon Branch တို့ ပူးပေါင်းပြုလုပ်သည့်ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဖိုရမ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)၌

ဆိုင်ရာအစီအစဉ်များ၊ ဟောင်ကောင်အထူး အုပ်ချုပ်ခွင့်ရဒေသ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးမူဘောင်နှင့်Bank of China (Hong Kong) ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အသေးစိတ်ဆွေးနွေး တင်ပြကြရာ တက်ရောက်လာသည့်ဘဏ်များ နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို

ဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီး ဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေရေးရာ ဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊

(သတင်းစဉ်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် နမ့်ဝုတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဓာတ်အားထုတ်လုပ်နေမှုအခြေအနေများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၀**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ယနေ့မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ဆွေးနွေးပြီး နမ့်ဝုတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဓာတ်အားထုတ်လုပ်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားခွဲရုံမှူးများ၊ မြို့နယ်လျှပ်စစ်မှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုအချိန်သည် ပူပြင်းသောကာလ ဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အားများ ယခင်ကထက် ပိုမိုလိုအပ်လျက်ရှိကြောင်း၊ မြို့နယ်အသီးသီးတွင်လည်း ဓာတ်အားလိုအပ်ချက်များရှိနေသဖြင့် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ တစ်ပိုင်တစ်နိုင် ဓာတ်အားထုတ်လုပ်သွားနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ကျိုင်းတုံမှ မိုင်းခတ်သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းသည် ၇၀ ရာခိုင်နှုန်းခန့်နှင့် ကျိုင်းတုံမှ မိုင်းခုတ်၊ မိုင်းဆတ် ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းသည် ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်၍ ဓာတ်အားလိုင်းများ ရာနှုန်းပြည့်ပြီးစီးနိုင်ရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မဟာဓာတ်အားလိုင်းမှ ဓာတ်အားပိုမို ဖြန့်ဖြူးပေးနိုင်ရေးနှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သို့ပါ၍ ဓာတ်အားပိုမို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေသည့်လုပ်ငန်းများအပေါ် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံမြို့၏ တောင်ဘက် ၁၀ မိုင်ခန့်အကွာ နမ့်ဝုတ်ချောင်းပေါ်တွင် စက်တပ်ဆင်အင်အား ၃ မဂ္ဂါဝပ်ရှိ နမ့်ဝုတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဓာတ်အားပေးစက်များ မောင်းနှင်ဓာတ်အား ထုတ်လုပ်ပေးနေမှု၊ ဓာတ်အားပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားချိတ်ဆက် ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ရေလွှဲဆည်အတွင်း ရေဝင်ရောက်စီးဆင်းနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် ပါဝင်ဆောင်ရွက်သည့် ဘဏ်များနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဧပြီ ၂၀**

မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အနေဖြင့် လိုအပ်သောငွေကြေးထောက်ပံ့မှုများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တို့တွင် ဂျပန်နိုင်ငံမှရရှိခဲ့သော SME Two Step Loan များကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါစီမံကိန်းတွင် ပါဝင်သောဘဏ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ဆွေးနွေးမှာကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးက စီမံကိန်းအဆင့်(၁)တွင် ဘဏ်ခြောက်ဘဏ်မှတစ်ဆင့် ၂၀၂၃ ခုနှစ် မတ်လကုန်ထိ SME လုပ်ငန်းရှင် ၅၅၃ ဦးသို့ ချေးငွေကျပ် ၁၂၄ ဒသမ ၇၇၈ ဘီလီယံထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံကိန်းအဆင့်(၂) တွင် ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၃ ခုနှစ် မတ်လကုန်ထိ SME လုပ်ငန်းရှင် ၁၅၉၅ ဦးသို့ ချေးငွေကျပ် ၂၇၅ ဒသမ ၀၁၁ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း၊

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)ကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးဟူသော ဦးတည်ချက်နှင့်အညီ ဆောင်ရွက်ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း။

ဤစီမံကိန်းသည် နိုင်ငံတော်အတွက်၊ SME လုပ်ငန်းများအတွက်သာမက ပါဝင်ဆောင်ရွက်ပေးသည့် ဘဏ်များအတွက်လည်း အကျိုးကျေးဇူးရရှိစေသည့် စီမံကိန်းဖြစ်ကြောင်း၊ ချေးငွေများကို နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားစုံလင်အောင် ထုတ်ချေးရန်နှင့် ချေးငွေဆုံးရှုံးမှုမရှိစေရေး ဂရုပြုဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အစည်းအဝေးသို့ တက်ရောက်လာကြသော ဘဏ်များမှ တာဝန်ရှိသူများအနေဖြင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်ရန်နှင့် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများရှိက ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် စီမံကိန်းဒါရိုက်တာနှင့် တက်ရောက်ကြသည့် ဘဏ်များမှ တာဝန်ရှိသူများက စီမံကိန်းအဆင့်(၁)နှင့် အဆင့်(၂)တို့၏ Revolving Fund A/C များရှိ လက်ကျန်ငွေများကို ဆက်လက်ထုတ်ချေးမည့်အခြေအနေနှင့် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

အုပ်စု(က)တွင် အိမ်ရှင်ထိုင်းကလပ် Hongen Thakam အသင်း၊ မလေးရှားကလပ် Pahang Rengers အသင်း၊ အုပ်စု(ခ)တွင် အင်ဒိုနီးရှားကလပ် Black Steel အသင်း၊ ဗီယက်နမ်ကလပ် Thai Son Nam အသင်း၊ ဩစတြေးလျကလပ် Football Victoria အသင်းတို့ တစ်အုပ်စုတည်းကျရောက်ခဲ့ကြသည်။

VUC အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် မေ ၁ ရက် ဒေသစံတော်ချိန် ညနေ ၅နာရီတွင် Hongen Thakam အသင်းနှင့်ကစားရမည်ဖြစ်ပြီး အုပ်စုဒုတိယပွဲစဉ်အဖြစ် မေ ၃ ရက် ဒေသစံတော်ချိန် ညနေ ၅နာရီတွင် Pahang Rengers အသင်းနှင့် ကစားရမည်ဖြစ်သည်။

အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို မေ ၅ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်တို့ကို မေ ၇ ရက် တွင်လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံးအဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလစေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလကို ပညာပေးကာလအဖြစ်သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက လိုအပ်သည့်စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အပူဒဏ်နှင့်ကျန်းမာရေး

**အပူချိန်တိုးလာမှုကြောင့် ခန္ဓာကိုယ်ဇီဝဖြစ်စဉ်များအပေါ် ဆိုးရွားစွာ ထိခိုက်မှုများခံစားကြရသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့်ကျောက်ကပ်ရောဂါများအပြင် အရွယ်မတိုင်မီ သေဆုံးခြင်းများသည်လည်း အပူချိန်တိုးမြင့်လာမှုကို ကာလရှည်ခံစားနေရမှုများနှင့် သက်ဆိုင်နေကြောင်း ...**

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အပူပိုင်းဇုန်တွင် တည်ရှိသည့်အားလျော်စွာ နေရာဒေသအတော်များများသည် နွေရာသီတွင် အပူဒဏ်ခံစားရသည်မှာ နှစ်စဉ်နှစ်တိုင်း တွေ့ကြုံနေခြင်းဖြစ်သည်။ ကမ္ဘာ့ရာသီဥတုအခြေအနေအရ ၂၀၂၃ ခုနှစ်မှစ၍ ပူပြင်းခြောက်သွေ့သော အယ်နီညိုရာသီဥတုအမျိုးအစားသို့ ချင်းနင်းဝင်ရောက်လာနေပြီး ယခုနှစ်တွင် ရာသီဥတုပူပြင်းမှုဒဏ်ကို ယခင်နှစ်များထက် ပိုမိုခံစားရနိုင်သည်။

## အဓိကအချက်များ

ကမ္ဘာကြီးအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုပူနွေးလာသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အပူလှိုင်းဒဏ်ခံစားရသောလူဦးရေမှာ ၁၂၅ သန်းခန့်အထိ တိုးတက်လာသည်။ မြင့်မားသည့်အပူချိန်ကို ကာလတစ်ခုခံစားနေရပါက လူ့ခန္ဓာကိုယ်အနေဖြင့် ပြောင်းလဲမှုများဖြစ်ကာ အရွယ်မတိုင်မီသေဆုံးခြင်းအပါအဝင် ကျန်းမာရေးပြဿနာများ ရင်ဆိုင်ရနိုင်သည်။

ကမ္ဘာလုံးဆိုင်ရာ အပူချိန်တိုးမြင့်လာမှုသည် ၂၁ ရာစုတွင် လျင်လျင်မြန်မြန်ဖြစ်ပွားလာသည်။ အပူချိန်တိုးလာမှုကြောင့် ခန္ဓာကိုယ်ဇီဝဖြစ်စဉ်များအပေါ် ဆိုးရွားစွာ ထိခိုက်မှုများခံစားကြရသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့် ကျောက်ကပ်ရောဂါများအပြင် အရွယ်မတိုင်မီသေဆုံးခြင်းများသည်လည်း အပူချိန်တိုးမြင့်လာမှုကို ကာလရှည်ခံစားနေရမှုများနှင့် သက်ဆိုင်နေကြောင်း တွေ့ရှိရသည်။ ထို့ပြင် ပြင်းထန်သည့်အပူလှိုင်းများသည် အချိန်တိုအတွင်း ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများဖြစ်သည့် အပူလျှပ်ခြင်း၊ သတိလစ်မေ့မြောခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းများအထိ ခံစားရနိုင်သည်။ အပူလှိုင်းဒဏ်ခံစားရပါက ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဝန်ထုပ်ဝန်ပိုးဖြစ်ကာ မနိုင်ဝန်ထမ်းရခြင်းများဖြစ်စေနိုင်သည်။

အပူဒဏ်အန္တရာယ်နှင့်ပတ်သက်၍ ပြည်သူလူထုကြား အသိရှိမှုမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် လုံလောက်မှုမရှိသေးကြောင်း သိရသည်။ ကျန်းမာရေးဌာနဆိုင်ရာများအနေဖြင့် ၎င်းတို့ကျင့်သုံးနေသော အပူဒဏ်ဆိုင်ရာအသိပညာပေးမှုနှင့် အသိပညာကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရေး စီမံချက်များသည် လက်တွေ့ကျပြီး ထိရောက်မှုရှိကာ ကုန်ကျစရိတ်သက်သာမည့်နည်းလမ်းများကို ရှာကြံ၍ အများပြည်သူကြား၊ လူတစ်ဦးချင်းစီကြား၊ လူမှုအဖွဲ့အစည်းများကြား ထိထိရောက်ရောက်ရှိစေရန် စီမံဆောင်ရွက်ခြင်းဖြင့် လူ့အသက်များစွာကို ကယ်တင်နိုင်မည်ဖြစ်သည်။

## မည်သူတွေထိခိုက်နိုင်သလဲ

ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ လူသားတိုင်းသည် အပူဒဏ်ကို ခံစားရနိုင်သည်။ သို့ရာတွင် တချို့သောသူများတွင် ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားဘဝဆိုင်ရာများကြောင့် တခြားသူများထက်စာလျှင် အပူဒဏ်ပိုမိုခံစားရနိုင်သည်။ အသက်ကြီးသူများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ နေပူထဲတွင် အလုပ်လုပ်ရသူများ၊ ကာယလုပ်သားများ၊ အားကစားသမားများသည် ပိုမိုထိခိုက်ခံစားရနိုင်သည်။

## ကျန်းမာရေးအပေါ် အပူဒဏ်သည် မည်သို့သက်ရောက်ပါသလဲ

ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသော ပြင်ပအပူများသည် ခန္ဓာကိုယ်မှ ထိန်းညှိနိုင်သည့်ပမာဏထက် ကျော်လွန်လာပါက အပူဒဏ်ကြောင့် ကြွက်တက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဖောရောင်ခြင်း၊ မိတ်နှင့်ယားဖုများထွက်ခြင်း၊ မူးမေ့လဲကျခြင်း၊ သတိလစ်ခြင်း၊ ရုတ်တရက်သေဆုံးခြင်း စသည့်လက္ခဏာများ ခံစားရနိုင်သည်။ ထိုသို့ ချက်ချင်းလက်ငင်းခံစားရသည့်လက္ခဏာများအပြင် အပူဒဏ်ခံစားရပြီးနောက် ရက်အတန်ကြာနောက်ဆက်တွဲဆိုးကျိုးများခံစားရစေနိုင်သည်။ ထို့ပြင် ရာသီအလိုက် အပူချိန်မြင့်မားမှုကို ခံစားနေရသူများအနက် နဂိုနာတာရှည်ရောဂါအခံရှိသူများအနေဖြင့် ရောဂါများ ပိုမိုဆိုးရွားစွာခံစားရစေနိုင်သည်။

ထိုသို့ အပူဒဏ်ကြောင့် တိုက်ရိုက်ထိခိုက်မှုများအပြင် သွယ်ဝိုက်၍လည်း လူ့ကျန်းမာရေးကို ထိခိုက်နိုင်သည်။ အပူဒဏ်ကြောင့် လူ့အမူအကျင့်များပြောင်းလဲခြင်း၊ ကူးစက်ရောဂါများပြန့်ပွားခြင်း၊ အခြေခံလူမှုအဆောက်အအုံများဖြစ်သည့် လေထုအရည်အသွေး၊ စွမ်းအင်၊ ရေနှင့်သယ်ယူပို့ဆောင်ရေး စသည်တို့အပေါ်တွင်လည်း ရေရှည်တွင် ထိခိုက်မှုရှိနိုင်ကြောင်း တွေ့ရှိရသည်။

## အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သည့် လက္ခဏာများ

အပူဒဏ်ကြောင့် ခံစားရနိုင်သည့် လက္ခဏာများမှာ အပူမိသဖြင့် ကြွက်သားများနာကျင်ခြင်း၊ အပူကြောင့် သတိလက်လွတ်ဖြစ်ခြင်း၊ မြင့်မားသည့်အပူချိန်နှင့် ကြာရှည်ထိတွေ့လာသည်နှင့်အမျှ ရေနှင့်ဓာတ်ဆားများ ခန်းခြောက်လာခြင်း၊ ယင်းမှတစ်ဆင့် ကိုယ်ခန္ဓာ၏ အပူချိန်ထိန်းသည့်စနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်းနှင့် ဗဟိုအာရုံကြောစနစ် ထိခိုက်လာခြင်းတို့ဖြစ်စေတတ်သည်။ ခံစားရမည့်လက္ခဏာများအနေဖြင့် ပျို့အန်ချင်ဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ပူနေသော်လည်း ချွေးမထွက်ခြင်း၊ အရေပြားနီရဲခြင်း၊ ကြွက်သားအားနည်းခြင်း၊ ကြွက်တက်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ စိတ်ရှုပ်ထွေးနောက်ကျိလာခြင်း၊ ရောက်နေသည့်နေရာကိုမသိဖြစ်ကာ လှုပ်ရှားမှုနှေးကွေးလေးလံလာခြင်းနှင့် သတိလက်လွတ်ဖြစ်လာခြင်း စသည်တို့ခံစားရတတ်သည်။

## ရှေးဦးပြုစုခြင်း

အကယ်၍ သင်နှင့်သင့်ပတ်ဝန်းကျင်တွင် အပူဒဏ်ကြောင့် ရောဂါလက္ခဏာများ ခံစားနေရသူများရှိပါက အရိပ်ရအေးမြသည့်နေရာကိုရွှေ့ပြောင်းထားပြီး ပန်ကာနှင့် အဲကွန်းများဖွင့်ပေးခြင်း၊ မရှိလျှင် ယပ်ခတ်ပေးခြင်း၊ ခြေထောက်ဘက်ကိုမြှင့်ပေးကာ ပက်လက်အနေအထားရှိခြင်း၊ လည်ပင်း၊ ချိုင်း၊ ပေါင်ခြံတို့ကို ရေဖတ်တိုက်ပေးခြင်း၊ သတိရှိနေပါက ရေအေး၊ ဓာတ်ဆားရည်တို့ကို တိုက်ပေးခြင်းနှင့် ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပေးခြင်းတို့ကို ပြုလုပ်ပေးရန် လိုအပ်သည်။

## အပူဒဏ်ကာကွယ်ရေးလိုက်နာရန်အချက်များ

- မိမိနေအိမ်ကို အေးမြအောင်ဆောင်ရွက်ပါ။
- နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရလေဝင်လေထွက်ကောင်းသောနေရာ၌ နားနေပါ။
- ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် သွားလာလှုပ်ရှားခြင်းတို့ကို ရှောင်ကြဉ်ပါ။ မဖြစ်မနေသွားလာလုပ်ကိုင်ရမည်ဆိုပါက ထီး၊ ဦးထုပ်ဆောင်းပါ။
- အဖြူရောင် သို့မဟုတ် အရောင်ခပ်ဖျော့ဖျော့ချည်ထည်ပွပွများ ဝတ်ဆင်ပါ။
- အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။
- ခန္ဓာကိုယ်တွင် ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်စွာသောက်သုံးပါ။
- နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသည့်နေရောင်ခြည်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းများ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နေပူထဲမှပြန်ရောက်ပါက ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းများရှောင်ကြဉ်ပါ။
- အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများဖြစ်ပေါ်လာပါက အသက်အန္တရာယ်ထိခိုက်နိုင်သဖြင့် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ချက်ချင်းပို့ဆောင်ပါ။

ရာသီဥတုပူပြင်းလာသည်နှင့်အမျှ သင့်ကျန်းမာရေးကို ပိုမိုဂရုစိုက်ရန်လိုအပ်သည်။ အပူချိန်သည် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်မှ ရေနှင့်ဓာတ်ဆားများဆုံးရှုံးကာ အချိန်မီဆေးကုသမှုမခံယူလျှင် အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်နှိုးဆော်ထားသည့် အပူဒဏ်ဆိုင်ရာကာကွယ်ရေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ကိုဇေ**

# ၂၀၂၃ ခုနှစ် ဧပြီလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက် လျော့နည်းနိုင်ကာ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမှုခန့်မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သုံးရက်မှငါးရက်ခန့်နှင့် နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ဟုမ္မလင်းမြို့၊ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှတစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်ခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့်နှင့်တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

# မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲအခမ်းအနားကျင်းပ




မန္တလေးတိုင်း ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်များ ပေးအပ်စဉ်။

**မန္တလေး ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်ပွဲအခမ်းအနားကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး ခြောက်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာ စကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းတွင်ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များကို ခရိုင် ၁၁ ခုရှိ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌများထံသို့လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ခရိုင် ၁၁ ခုမှ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံသို့လည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

### လိုက်နာဆောင်ရွက်ရန်အချက်များ

➢ အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ။
➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
➢ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ။
➢ ရေများများသောက်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

❖ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
❖ ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
❖ အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

### အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီ၊ ၂၀၂၃)

---

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

---

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၆/ ၂၀၂၃)**
၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၂ ရက်
(၂၀၂၃ ခုနှစ် ဧပြီလ ၂၀ ရက်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့် အကွက်အမှတ်(၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**ကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် ဧပြီ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် တစ်နှစ်သင်တန်းဖြစ်သော အီလက်ထရွန်နစ်သင်တန်းနှင့် သုံးလသင်တန်းများဖြစ်သော စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက် သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို မေ ၁၅ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို တက်ရောက်လိုသူများသည် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်း သက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၉၆၆၀၇၁၂၊ ၀၉-၂၅၀၄၀၂၃၉၂ နှင့် ၀၉-၄၂၁၁၁၀၈၆၇ သို့ (ရုံးချိန်အတွင်း)ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအတွက် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော ခရီးစရိတ်နှင့် အိမ်ပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၁-၄-၂၀၂၃ (သောကြာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁း၅၀ | Keep it Nature |
| ၃။ | ၁၆း၂၀ | I Music |
| ၄။ | ၁၈း၂၀ | ဝုဏ်ယူအလွမ်း |
| ၅။ | ၂၁း၄၀ | ဇာတ်လမ်းအသွင် တေးသံစဉ် |

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အဌာရသမကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ အလှူတော်မင်္ဂလာပြုလုပ်

**နေပြည်တော် ဧပြီ ၂၀**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ အဌာရသမကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကို ဧပြီ ၁၉ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရန်အောင်မြင်ကျောင်းတိုက်၌ပြုလုပ်ရာ မဟာဗောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အဌာရသမကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ အလှူတော်မင်္ဂလာပြုလုပ်စဉ်။

ဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများ၊ ၎င်းတို့၏ မိဘများနှင့်အတူ လားရှိုးမြို့အတွင်း ရှင်လောင်းလှည့်လည်ပြသခဲ့ပြီး ရန်အောင်မြင်ကျောင်းတိုက်ရှိ ရန်အောင်မြင်ဘုရားအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှင်သာမဏေလောင်းများကို ဘိသိက်သွန်းခြင်း၊ ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများကို ဆံချမင်္ဂလာပြုလုပ်ပြီး ဆရာတော်ကြီးများက ရဟန်းလောင်း ၅၅ ပါးနှင့်ရှင်သာမဏေလောင်း အပါး ၉၀ တို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ပင့်သံဃာ ၂၄ ပါး၊ ကျောင်းတိုက်အတွင်း သီတင်းသုံးလျက်ရှိသော ဆရာတော်၊သံဃာတော်အပါး ၄၀၊ဒုလ္လဘရဟန်း ၅၅ ပါးနှင့် သာမဏေ အပါး ၉၀ စုစုပေါင်း ၂၀၉ ပါးတို့ကို သိမ်ဆင်းလောင်းလှူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဗောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဇမ္ဗူအေးအေတီ တပ်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေကြသည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဧည့်ပရိသတ်များနှင့် ဒေသခံပြည်သူများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အဌာရသမကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ အလှူတော်မင်္ဂလာပြုလုပ်စဉ်။

အဆိုပါ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်နှင့် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စုစုပေါင်း ၁၄၅ ပါးတို့ကို သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပပြုလုပ်

**နေပြည်တော် ဧပြီ ၂၀**

နေပြည်တော်တိုင်း စစ်ဌာနချုပ်၏ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချနာယကဆရာတော် ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကိတ္တိသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချနာယကဆရာတော်ထံမှ ပဋ္ဌာန်းအနုမောဒနာတရားနာယူကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



ပျဉ်းမနားမြို့ မင်္ဂလာဧယျာပါဠိတက္ကသိုလ်ကျောင်းတိုက် စာချနာယကဆရာတော်ထံ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ဧပြီ ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်ဦးရေ ၃၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၂၇၃ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၆၅၆ ဦး |

**နေပြည်တော် ဧပြီ ၂၀**

ဧပြီ ၁၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၈၇၂ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၃၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် ဇေယျမင်္ဂလာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၇၃ ပါးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။


# ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ၌ ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် သင်္ကန်းများဝတ်ဆင်၍ ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီခွဲခန့်တွင် ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများက သင်္ကန်းများဝတ်ဆင်၍ ရဟန်းသံဃာများအယောင်ဆောင်ကာ Mazda Titan Truck အမျိုးအစား မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ပုသိမ်ကြီးမြို့နယ်၊ မြကန်သာကျေးရွာတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရဟန်းသံဃာအယောင်ဆောင်ကာ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက် ထွက်ပြေးသွားသည့်နေရာပြပုံ




အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ယခုကဲ့သို့ သာသနာကိုခုတုံးလုပ်ပြီး မြင့်မြတ်သောရဟန်းသံဃာများဝတ်ဆင်သည့် သင်္ကန်းများကိုဝတ်ဆင်၍ ရဟန်းသံဃာအယောင်ဆောင်ကာ အောက်တန်းကျသော စိတ်ယုတ်စိတ်ဓာတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို အမြန်ဆုံး ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ထားဝယ်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်ကို လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အမျိုးသမီး တစ်ဦးသေဆုံး

**နေပြည်တော် မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်ကို လက်နက်ငယ်များဖြင့် ဆင်ခြင်တုံတရားမဲ့စွာအကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသမီးတစ်ဦး ကျည်ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျောက်မဲတောင်ကျေးရွာနေ ဒေါ်ခင်ပြုံးမြင့် ၆၅ နှစ်နှင့် ၎င်း၏မြေးဖြစ်သူ မသဲနုရွှေစင် ၁၅ နှစ်တို့သည် တောင်သုံးလုံးကျေးရွာနေ ကိုထွန်းမောင် ၃၉နှစ် မောင်းနှင်သည့် Honda Fit အမျိုးအစား မော်တော်ယာဉ်ဖြင့် ထားဝယ်မြို့မှ ကျောက်မဲတောင်ကျေးရွာသို့ ပြန်လာစဉ် သရက်ငုတ်ကျေးရွာအနီးသို့အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မသဲနုရွှေစင်တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်ကို ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(Happy Water) ၁၀ ကီလိုကျော်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(Happy Water) ၁၀ ကီလိုကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ည ၉နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် မြို့ရောင်လမ်းတွင် စိုင်းအောင်ဆာ မောင်းနှင်ပြီး စိုင်းပုခမ်းလိုက်ပါလာသည့် Crown မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှပလတ်စတစ်အိတ် ၂၉၅ အိတ်ဖြင့်ထည့်လျက် ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(Happy Water) ၁၀ ဒသမ ၀၃ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အလားတူ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ ဇော်လွင်မောင်သည် ၎င်းအသုံးပြုသည့် " Zaw Lwin Mg" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ပန်းတောကျေးရွာနေ လွမ်းမိုးကျော်သည် ၎င်းအသုံးပြုသည့် "Lwan Moe Kyaw" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွှန်ချမ်းသာ

# မိုးခေါင်မှုကြောင့် ပနားမားတူးမြောင်းတွင် ရေပမာဏကျဆင်းလာသဖြင့် ကုန်တင်သင်္ဘောကြီးများ ကုန်တန်ချိန်လျှော့တင်ရမည်



ပနားမားစီးတီး မေ ၂၀

ပနားမားနိုင်ငံတွင် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသောကြောင့် ပနားမားတူးမြောင်းတွင် ရေပမာဏ သိသိသာသာ ကျဆင်းလာသည့်အတွက် ကုန်တင်သင်္ဘောကြီးများ ကုန်တန်ချိန်လျှော့တင်ရမည်ဟု ပနားမားနိုင်ငံ ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း Marine Insight သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပနားမားတူးမြောင်းသည် ကမ္ဘာ့ရေကြောင်းကုန်သွယ်မှုအတွက် အရေးပါသော သင်္ဘောကြီးများ ဖြတ်သန်းသွားလာသည့် တူးမြောင်းဖြစ်ပြီး ပနားမားတူးမြောင်းမှာ မူလအနက်ပေ ၅၀ မှ မိုးခေါင်သည့်ပြဿနာကြောင့် လက်ရှိ တူးမြောင်းအနက်မှာ ၄၇ ဒသမ ၅ ပေသာရှိတော့ကြောင်း ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီနှစ်အတွင်း မိုးခေါင်တဲ့ပြဿနာကြောင့် ပနားမားတူးမြောင်းအတွင်းမှာ ရေပမာဏကျဆင်းနေပါတယ်။ ကျဆင်းလာတဲ့ ရေပမာဏကြောင့် သင်္ဘောကြီးတွေ ဖြတ်သန်းသွားလာဖို့ ခက်ခဲစေလိမ့်မယ်။ ကုန်တင်သင်္ဘောကြီးတွေ အနေနဲ့ ပုံမှန်တင်ဆောင်တဲ့ ကုန်တန်ချိန်ထက် လျှော့ပြီးတင်ဖို့ လိုအပ်လိမ့်မယ်"ဟု ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေပမာဏကျဆင်းလာသည့်အတွက် ကုန်တင်သင်္ဘောကြီးများအနေဖြင့် မူလတင်ဆောင်သည့် ကုန်ချိန်ပမာဏထက် လျှော့တင်ရမည်ဖြစ်ကြောင်း စည်းကမ်းသတ်မှတ်လိုက်ပြီး အဆိုပါစည်းကမ်းမှာ ယနေ့မှစ၍ အကျုံးဝင်မည်ဟု ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နိုင်းဆက်

# FAO နှင့် ဂျပန်ပူးပေါင်း၍ အရှေ့အာဖရိကရှိ မိုးခေါင်ရေရှားဒဏ်ခံရသူများကို ပံ့ပိုးရေးစတင်

နိုင်ရိုဘီ မေ ၂၀

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် ဂျပန်နိုင်ငံပူးပေါင်း၍ အရှေ့အာဖရိကရှိ မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ကြရသော လူမှုအသိုက်အဝန်းများကို ကူညီပံ့ပိုးရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း FAO ၏ မေ ၁၉ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ အနာဒိုလူသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

FAO နှင့် ဂျပန်နိုင်ငံတို့သည် အရှေ့အာဖရိကရှိ ဂျီဘူတီ၊ ကင်ညာနှင့် ယူဂန္ဒာနိုင်ငံတို့ရှိ မိုးခေါင်ရေရှားမှုဒဏ် ခံခဲ့ရသော စိုက်ပျိုးမွေးမြူရေးသမားများအတွက် အစားအစာ၊ ငွေသားနှင့် မရှိမဖြစ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကူညီပံ့ပိုးမှုလုပ်ငန်းများကို မေ ၁၉ ရက်က စတင်လုပ်ဆောင်ခဲ့ပြီး ဂျီဘူတီ၊ ကင်ညာနှင့် ယူဂန္ဒာနိုင်ငံတို့မှ မိုးခေါင်ရေရှားမှုဒဏ်ကြောင့် အဓိက အထိခိုက်ဆုံးအသိုင်းအဝိုင်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးသမားများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း FAO ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းက နိုင်ငံ သုံးနိုင်ငံအတွင်းရှိ အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုဒဏ်ကြောင့် စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရသော လူသန်းပေါင်းများစွာအတွက် အကျပ်အတည်းများကို လျော့ပါးသက်သာစေမည်ဖြစ်ကြောင်း အာဖရိက သမဂ္ဂဆိုင်ရာ ဂျပန်သံအမတ်ကြီး Horiuchi Toshihiko က ပြောကြားခဲ့သည်။

အာဖရိကဦးချိုဒေသသည် ငါးနှစ်ဆက်တိုက် မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရပြီး ကုလသမဂ္ဂ၏အဆိုအရ အာဖရိကအရှေ့ပိုင်းဒေသများတွင် စားနပ်ရိက္ခာမလုံလောက်မှု အခြေအနေသည် ဆက်လက်ရှိနေဦးမည်ဟုမျှော်လင့်ရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်ချက်မြင့်မားလာကာ ယခုနှစ် မေလထိ ခြောက်ကြိမ်မြောက် မိုးခေါင်ရေရှားမှု ဆက်လက်ဖြစ်ပေါ်ဦးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

AZH

# အမေရိကန်နိုင်ငံတွင် ကျန်းမာရေးနှင့်မညီညွတ်သည့်အဆင့်ကိုရောက်ရှိနေသော လေထုညစ်ညမ်းမှုဖြင့် လူပေါင်းသန်း ၁၂၀ ခန့် ကြုံတွေ့နေရ

နယူးယောက် မေ ၂၀

အမေရိကန်နိုင်ငံတွင် ကျန်းမာရေးနှင့်မညီညွတ်သည့်အဆင့်ကို ရောက်ရှိနေသော လေထုညစ်ညမ်းမှုဖြင့် လူပေါင်းသန်း ၁၂၀ ခန့် သို့မဟုတ် လူသုံးဦးတွင် တစ်ဦးနှုန်း ကြုံတွေ့နေရကြောင်း American Lung Association က ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာကို ကိုးကား၍ KXXV သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

လေ့လာမှုများစွာအရ အိုဇုန်းသို့မဟုတ် မီးခိုးမြူများ၊ အမှုန်အမွှားများ ညစ်ညမ်းမှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် လမစေ့ဘဲ ကလေးမွေးဖွားနိုင်ခြေကိုတိုးစေပြီး အဆုတ်ရောဂါနှင့် နှလုံးရောဂါတို့ကို ပိုမိုဆိုးရွားစေကာ အသက်တိုစေကြောင်း ဖော်ပြထားသည်။

အနောက်ပိုင်းရှိ ပြည်နယ်အများစုသည် အရှေ့ပိုင်းပြည်နယ်များထက် လေထုညစ်ညမ်းမှုအခြေအနေ ပိုမိုဆိုးရွားပြီး အနောက်ပိုင်းပြည်နယ်များတွင် နေထိုင်သူ ၁၈ သန်းကျော်သည် လေထုညစ်ညမ်းမှုအမြင့်မားဆုံး ဒေသများ၌ နေထိုင်သူများဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှု အဆိုးရွားဆုံးခရိုင်ဆယ်ခရိုင်သည် ကယ်လီဖိုးနီးယားပြည်နယ်မှဖြစ်ပြီး အဆိုပါခရိုင်များတွင် ၂၀၂၀ ခုနှစ် တစ်နှစ်တည်းအတွင်း တောမီးလောင်ကျွမ်းမှုအကြိမ် ၉၀၀၀ ကျော်ဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် PM 2.5 အမှုန်အမွှားကြောင့် ညစ်ညမ်းမှုများ ဖြစ်ပေါ်ကာ ပန်းနာရင်ကျပ်အပါအဝင် သိသာထင်ရှားသောကျန်းမာရေးပြဿနာများ ဖြစ်ပွားစေကြောင်း သိရသည်။

သို့သော် အဆိုပါအစီရင်ခံစာသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွက် အစီရင်ခံစာဖြစ်ပြီး ယခုအခါ လေထုညစ်ညမ်းမှုမှာ နိုင်ငံတစ်ဝန်းတွင် ယေဘုယျအားဖြင့် တိုးတက်ကောင်းမွန်လာကြောင်း American Lung Association ၏ ဥက္ကဋ္ဌဖြစ်သူ Harold Wimmer က ပြောကြားခဲ့သည်။ AZH



# ဩစတြေးလျက လျှပ်စစ်မော်တော်ကားသုံးစွဲမှုမြှင့်တင်နိုင်ရေး လေထုညစ်ညမ်းမှုဆိုင်ရာ ဥပဒေအသစ်ကို မိတ်ဆက်ရန်စီစဉ်နေ

ကင်ဘာရာ မေ ၂၀

ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းသည် လျှပ်စစ်စွမ်းအင်သုံး မော်တော်ကားများသုံးစွဲမှုကို မြှင့်တင်နိုင်ရေးအတွက် လေထုညစ်ညမ်းမှုဆိုင်ရာ ဥပဒေအသစ်ကို မိတ်ဆက်သွားရန် စီစဉ်နေပြီဟု ဩစတြေးလျ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးစီမံချက်များကို အချိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် ပြင်ဆင်လာခဲ့ပြီးနောက် လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းအတွက် ဥပဒေအသစ်များရေးဆွဲလာသည်။ လေထုညစ်ညမ်းမှုလျှော့ချနိုင်ရေးအတွက် ရုပ်ကြွင်းလောင်စာသုံး မော်တော်ကားများနေရာတွင် လျှပ်စစ်စွမ်းအင်သုံးမော်တော်ကားများ အစားထိုးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လာသည်။

"လျှပ်စစ်စွမ်းအင်သုံး မော်တော်ကားတွေဟာ လောင်စာကုန်ကျမှုအပိုင်းမှာ သက်သာသလို ရုပ်ကြွင်းလောင်စာတွေသုံးစွဲမှုကိုလဲ လျှော့ချနိုင်မယ်။ လေထုညစ်ညမ်းမှုကိုလဲ ထိန်းချုပ်နိုင်ဖို့ အလားအလာ အရမ်းကောင်းသွားမယ်။ ဒါကြောင့် လျှပ်စစ်စွမ်းအင်သုံး မော်တော်ကားသုံးစွဲမှု မြှင့်တင်နိုင်ရေးအတွက် လေထုညစ်ညမ်းမှုဆိုင်ရာဥပဒေအသစ်တွေနဲ့ မိတ်ဆက်ပေးသွားဖို့ စီစဉ်နေပါတယ်"ဟု ဩစတြေးလျစွမ်းအင်ဝန်ကြီး ခရစ်ဘိုဝင်က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း လျှပ်စစ်စွမ်းအင်သုံး မော်တော်ကား ရောင်းချနိုင်မှုမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၃ ဒသမ ၈ ရာခိုင်နှုန်းသာရှိခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံတွင် လျှပ်စစ်စွမ်းအင်သုံး မော်တော်ကားရောင်းချနိုင်မှု ပမာဏသည် ဗြိတိန်နိုင်ငံနှင့် အခြားသော ဖွံ့ဖြိုးပြီး ဥရောပနိုင်ငံများထက် နည်းပါးခဲ့သည်။

ဗြိတိန်နိုင်ငံအပါအဝင် အခြားသောဖွံ့ဖြိုးပြီးဥရောပနိုင်ငံများတွင် ၂၀၂၂ ခုနှစ်အတွင်း လျှပ်စစ်စွမ်းအင်သုံးမော်တော်ကားရောင်းချနိုင်မှုပမာဏမှာ ၁၅ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းထိ ရှိနေခဲ့သည်။

နိုင်းဆက်

# မုန်တိုင်းကြောင့် နစ်မြုပ်ခဲ့သည့် အင်ဒိုနီးရှားငါးဖမ်းသင်္ဘောမှ တံငါသည် ၁၁ ဦးကို ရှာဖွေတွေ့ရှိ

ကင်ဘာရာ မေ ၂၀

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ဇရိယာအတွင်း ပြီးခဲ့သောရက်သတ္တပတ်က မုန်တိုင်းဝင်ရောက်ခဲ့သဖြင့် အင်ဒိုနီးရှားငါးဖမ်းသင်္ဘောတစ်စီး နစ်မြုပ်ခဲ့ပြီး တံငါသည်များ ပျောက်ဆုံးနေသည်မှာ ခြောက်ရက်ကြာရှိနေပြီဖြစ်ရာ အဆိုပါတံငါသည်များကို ဩစတြေးလျရေကြောင်းဘေးကင်းရေးအဖွဲ့အစည်းက ရှာဖွေခဲ့ပြီးနောက် မေ ၁၉ ရက်တွင် တံငါသည် ၁၁ ဦးကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩစတြေးလျရေကြောင်း ဘေးကင်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု TVP World သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းအန္တရာယ်ကြောင့် ငါးဖမ်းသင်္ဘောနှစ်စီးထိ ပျက်စီးခဲ့သည်။ ပထမတစ်စီးတွင် သင်္ဘောသားများအပါအဝင် လူ ၁၀ ဦးထိ လိုက်ပါခဲ့ပြီး ဒုတိယသင်္ဘောတစ်စီးတွင် လူကိုးဦး လိုက်ပါလာခဲ့သည်။

ပထမတစ်စီးတွင် လိုက်ပါလာသူ ၁၀ ဦးစလုံးမှာ ဘက်ဝယ်ကျွန်း၌ သောင်တင်နေခဲ့ပြီး ဒုတိယတစ်စီးမှ လူရှစ်ဦးကို အချိန်မီကယ်တင်နိုင်ခဲ့သော်လည်း တံငါသည်တစ်ဦး ပျောက်ဆုံးနေခဲ့သည်။ အဆိုပါ ပျောက်ဆုံးနေသည့် တံငါသည်မှာ သင်္ဘောပေါ်မှ လွင့်စဉ်ခဲ့ပြီး နာရီပေါင်းများစွာ ရေကူးခဲ့ရကာ ဘက်ဝယ်ကျွန်းသို့ ရောက်ရှိခဲ့သည်။

ပထမသင်္ဘောတွင် လိုက်ပါလာသူ ၁၀ ဦးနှင့်အတူ ဒုတိယသင်္ဘောမှ တံငါသည်တစ်ဦး စုစုပေါင်း ၁၁ ဦးထိ ခြောက်ရက်ကြာ အစာရေစာ ပြတ်လပ်ခဲ့ကြောင်း ဩစတြေးလျရေကြောင်းဘေးကင်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ရှာဖွေကယ်ဆယ်ခဲ့သော တံငါသည်များကို လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပြီး လျှင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းထံ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ဩစတြေးလျ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

နိုင်းဆက်

0 w Kv b @

# မေတ္တာအနမ်း နွေအလွမ်း

စိုင်စိုင်




(၁)

ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးက နယ်မြို့လေးတစ်မြို့ရှိ အိမ်မည်းမည်းကြီးရှေ့လမ်းမကြီးမှာ လူသူအသွားအလာကင်းမဲ့လို့။ နွေနေပူက လမ်းမတစ်လျှောက် တရှိန်ရှိန်တက်ပြီး မြေငွေ့တွေက ပြန်တက်လျက်။ ကောင်းကင်မှာ တစ်စတစ်စနဲ့ အပူချိန်များလာတော့ မိုးတိမ်တောင်တွေ ဖြစ်ထွန်းလာရော။ တစ်ညနေလုံး အိမ်ရှေ့လမ်းမကိုငေးရင်း တော်ရာကိုမျှော်မှန်းပြီး တအိအိနဲ့ အလွမ်းလှိုင်းတွေ အဘွားအုန်းရဲ့ရင်ဘတ်ကို ရိုက်ခတ်လျက်။ အသိသတိနဲ့ သံယောဇဉ်တွေလျော့၊ ဘဝနေဝင်ချိန်ကို ဂရုပြုရင်း နေတတ်အောင်နေနေတဲ့ အဘွားအုန်းတစ်ယောက် နွေနေပူပူမှာ ရုတ်တရက်လိမ့်တက်လာတဲ့ အလွမ်းလှိုင်းနောက် တစ်ခဏတော့ မျောချင်သလောက်မျောပေါ့။

"အမေ မိုးချုပ်တော့မယ်။ အောက်ပြတင်းပေါက်တွေ ပိတ်လိုက်မယ်နော်"

"အင်း သကြိန်မိုးရွာအုံးမယ်ထင်ရဲ့"

ပူအိုက်တတ်လွန်းတဲ့ အဘွားအုန်းက အောက်ပြတင်းပေါက်နားမှာထိုင်ပြီး ငေးမောနေတာ။ အဘွားအုန်းက အသက် ၈၅၊ မျက်စိက အတော့်ကိုမှုန်နေပြီ။ သွားတွေကမရှိတော့ အံကပ်လဲတပ်ဖို့ အဆင်မပြေ။ အတူနေ သမီးအပျိုကြီး ဒေါ်ကြည်တောင် အသက် ၆၀ နားနီးလာပြီ။ အဘွားအုန်းရဲ့ ရင်လှိုင်းခတ်သံက-

"လွမ်းလိုက်တာအေ။ လွမ်းလိုက်တာဟဲ့"

(၂)

နောက်ရက်နေ့ခင်းရောက်တော့လဲ အောက်ပြတင်းပေါက်နားလေးထိုင်ပြီး အဘွားအုန်းလွမ်းနေပြန်ပါရော။

"အမေ သီးစုံဓာတ်ဆားလေးသောက်လိုက်အုံး"

"ပူ ပူနိုင်လွန်းအေ။ ငါ့မြေးတွေရော ဒီနွေပူပူမှာ ပန်းနေရှာရော့မယ်"

အလိုမကျတဲ့လေသံနဲ့ သီးစုံဓာတ်ဆားဖန်ခွက်ကို လှမ်းယူပြီး အိမ်ရှေ့လမ်းမကိုငေးနေတဲ့ အဘွားအုန်းမျက်ဝန်းမှာ အလွမ်းငွေ့တွေရစ်သိုင်းလျက်။ နေကပူပူ၊ အလွမ်းမီးကဆူဆူ။ ဟိုအရင်တုန်းကတော့ နွေရာသီနေပူပူက အဘွားအုန်းအတွက် ဆူညံသံအပြည့်နဲ့ ပျော်ရွှင်ဖွယ်နေ့တွေ။

အဘိုး၊ အဘွားခေါ် သံတညံညံနဲ့ မြေးတွေအသံက ကြည်နူးစရာ။ သမီးနှစ်ယောက်၊ သားနှစ်ယောက်က ပေါက်ဖွားလာတဲ့ မြေး ၁၀ ယောက်က ယောကျ်ားလေးခြောက်ယောက်၊ မိန်းကလေးလေးယောက်၊ နွေကျောင်းပိတ်တာနဲ့ ရောက်လာကြတာ။ မြေးတစ်သိုက်ကို ရှင်မီးအကျီလေးဝတ်ပြီး မုန့်မျိုးစုံလုပ်ကျွေးရတာ အဘွားအုန်းမမောနိုင်ပါဘူး။ မနက်ခင်း အဘွားအုန်းနဲ့ ဈေးလိုက်ရမဲ့အလှည့်ကျသူကတော့ငိုမဲ့မဲ့ပဲ။ တစ်ဈေးလုံး ခြေတိုအောင်ပတ်တဲ့ အဘွားအုန်း။ ဈေးဆစ်ကကျွမ်းလွန်းတယ်။ "ရောင်းသူတစ်ကျပ်၊ ဝယ်သူတစ်မတ်" အဲဒီလိုကပြောသေးတာ။ ဈေးသည်ချင်း တူနေရင်တောင် သဘောကောင်းတဲ့ဈေးသည်၊ လတ်လတ်ဆတ်ဆတ်ရောင်းတဲ့ဈေးသည်ဆီ ပြန်ရွေးဝယ်သေးတာ။ ဈေးထဲပတ်နေရင်း မျက်နှာကသနပ်ခါးလေးကနေ စိမ့်ထွက်လာတဲ့ချွေးကို အဘိုးပြားရဲ့ စွပ်ကျယ်ဖြူဖြူကို အနားညီအောင်လုပ်ထားတဲ့ တို့ဖတ်ပဝါလေးနဲ့ပုတ်တတ်တဲ့ ဖြူဖြူဝဝအဘွားအုန်းပုံစံက ချစ်စရာလေး။ တူ၊ တူမတွေအကြိုက်ချက်နေရလို့ မီးဖိုချောင်ကမထွက်နိုင်လဲ အပျိုကြီးဒေါ်ကြည်က ကျေနပ်လျက်ပါပဲ။ သူ့ကိုသာ ပြန်မပြောနဲ့။ ပြန်ပြောမိတဲ့ တူ၊ တူမ နာပြီသာမှတ်။အသားဖြူဖြူနဲ့ အသန့်ကြိုက်လွန်းတဲ့ အပျိုကြီးက တူ၊ တူမ ၁၀ ယောက်အတွက် ကိုယ်တိုင်ချုပ်ထားတဲ့ ခေါင်းအုံးစွပ်တွေမှာ နာမည်အတိုကောက်ကို ချည်နဲ့ ထိုးမှတ်ပေးထားတယ်။ ကိုယ့်ပစ္စည်းသာကိုယ်သုံး။ အဘွားအုန်းရဲ့ ခြံကျယ်ကျယ်ကြီးထဲမှာ အလယ်တည့်တည့်က အိမ်မည်းမည်းကြီး၊ အိမ်ရှေ့ဖျားမှာ ရေတွင်းတစ်တွင်း၊ အိမ်နောက်မှာ ရေတွင်းတစ်တွင်း၊ အိမ်ရှေ့မြေကွက်လပ်ကြီးက အဘိုးပြားရဲ့ လှည်းမီးချထားတဲ့ လှည်းတွေရပ်နားရာနေရာ၊ ရေတွင်းနှစ်တွင်းကြားမှာ မြေတွေပေါင်ထိုးကာ ဇော်စိမ်းပန်းတွေစိုက်ပြီး ဘုရားပန်းရောင်းငွေရ၊ အိမ်ပတ်လည်က အုန်းပင်တွေက အုန်းသီးဖိုးတွေရသရွေ့ စုဘူးထဲထည့်ထားပြီး နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့တိုင်း နှစ်ဦးဆွမ်းကပ်နေကျ။ အဘိုးပြားရဲ့ ဒေါက်လှည်းဖိုလုပ်ငန်းကလဲ တပည့်တပန်းများစွာနဲ့ နာမည်ကြီးမို့ ဟိုးအဝေး ကရင်ရွာတွေကပါ လှည်းတွေလာပြုပြင်ကြတော့ အဆင်ပြေဝင်ငွေကကောင်း။ မြေးအားလုံးကိုလဲ စည်းကမ်းတကျခိုင်းတတ်သေးတယ်။ ခြံထဲအမှိုက်လှည်း ပန်းပင်ရေလောင်းက ယောကျ်ားလေးတစ်သိုက်၊ အိမ်သန့်ရှင်းရေး အဝတ်လျှော်က မိန်းကလေးတစ်သိုက်။ နေ့ခင်းဆိုရင် အိမ်အောက်မှာ ဆန်တစ်ဇန်းစီ ပြောင်အောင်ရွေးခိုင်း။ ရွေးပြီးသားဆန်ဇန်းကို အဘွားအုန်းကစစ်ပြီးမှ ဆန်တိုင်ကီထဲ ထည့်လိုက်တာ။ အမည်းစေ့၊ စပါးစေ့ အဖျင်းစေ့ မပြောင်လို့ကတော့ ပြန်ရွေးခိုင်းတာပဲ။ စည်းကမ်းက တကယ်ကြီးသေးတယ်။ သောက်ရေကန်နား ခြေမဆေးရ။ ယောကျ်ားလေးရေချိုးကန်က အိမ်ရှေ့ရေတွင်းမှာ။ မိန်းကလေးရေချိုးကန်က အိမ်နောက်ရေတွင်းမှာ။ ထဘီလျှော်ဖို့က ရေတွင်းနောက်ချောင်ကျကျနေရာ။ ဆပ်ပြာဆိုသီးသန့်။ ကိုယ်တိုက်ကသတ်သတ်။ ခြေတိုက်ဖို့ကသတ်သတ်။ အဘိုးပြားကလဲ အရာရာ အဘွားအုန်းစိတ်တိုင်းကျပဲ။ "ဘာနေနေ မရွှေအုန်းသဘော"လို့က ပြောတတ်သေးတာ။ သင်္ကြန်အတက်နေ့ဆိုရင် မြေးအားလုံးနဲ့ မိသားစုဝင်အားလုံး ခေါင်းလျှော်၊ ခြေသည်းလက်သည်းညှပ်။ နှစ်ဆန်းတစ်ရက်နေ့မှာ အဝတ်အစားအသစ်ပဲဝတ်။ ဆွမ်းကပ်လှူ။ မိဘ်ဆွေတွေကိုဖိတ်ကျွေး။ နှစ်ဆန်းတစ်ရက်နေ့မှာ ဒေါသမထွက်ရ၊ စိတ်မဆိုးရ၊ ရန်မဖြစ်ရ၊ မငိုရ၊ မဆူရ၊ အဘွားအုန်းရဲ့အမိန့်။ ညရောက်တော့ အဘိုး၊ အဘွားနဲ့ မိဘတွေကို ကန်တော့ကြ။ မောင်နှမတွေ ကြီးစဉ်ငယ်လိုက်ကန်တော့ကြ။ ကလေးတစ်သိုက် မုန့်ဖိုးကိုယ်စီများများရတဲ့ည။

(၃)

အခုများကျတော့လဲ အဘိုးပြားဆုံးခဲ့တာ ၁၀ နှစ်ကျော်။ နွေရာသီ မြေးအစုံရောက်မလာနိုင်တာလဲ ၁၀ နှစ်ကျော်။ တိတ်ဆိတ်နေတဲ့ အိမ်မည်းကြီးပေါ်မှာ အဘွားအုန်းနဲ့ သမီးအပျိုကြီးနှစ်ယောက်သာ။ နှစ်ဦးဆွမ်းကိုလဲ အရင်လို ဘုန်းကြီးပင့်မကပ်နိုင်၊ မိတ်ဆွေတွေ ဖိတ်ကျွေးလဲမလုပ်နိုင်တော့။ ခြောက်ကပ်ကပ် နှစ်ဆန်းတစ်ရက်နေ့ညမှာ အဘွားအိုကြီး အဘွားအုန်းနဲ့ အဘွားအိုပေါက်စ အဘွားဒေါ်ကြည်က ရေနွေးတစ်အိုး၊ ဆီးထန်းလျက်တစ်ပန်းကန်နဲ့ စကားထိုင်ပြောလို့။

"အမေ ရိပ်သာမဝင်နိုင်တော့တာလဲ နှစ်အတော်ကြာပြီနော်"

"အေးအေ။ ကိုယ့်အရိုး ကိုယ်မသယ်နိုင်တော့လဲ ရိပ်သာမဝင်နိုင်တော့ဘူးပေါ့လေ။ ရိပ်သာမဝင်နိုင်တော့လဲ ကိုယ့်ခန္ဓာကိုယ်ရှု၊ မမြဲခြင်းတွေမြင်အောင်ကြည့်ပြီး သေမဲ့နေ့စောင့်ရတာပေါ့အေ။ မသေခင်လေးတော့ မြေးတွေစုံစုံညီညီတွေ့ချင်သေးသား။ ညည်းလဲတရားမှတ်နော်။ သတိပဋ္ဌာန်တရားလေး အားထုတ်။ ကဲ. . . အမေ ဘုရားရှိခိုးတော့မယ်"

"ဟုတ်ကဲ့ပါ အမေ"

အဘွားအုန်းဟာ အရင်က နှစ်စဉ်ရိပ်သာဝင်နိုင်ခဲ့ပေမဲ့ အသက်အရွယ်ရလာတာကြောင့် ရိပ်သာမဝင်နိုင်တော့ဘူး။ အပျိုကြီးဒေါ်ကြည်ကတော့ အမေ့ကိုပြုစုစောင့်ရှောက်နေရတာမို့ မဝင်နိုင်ခဲ့ပါဘူး။ နွေရာသီတိုင်းလာတတ်ကြတဲ့ အဘွားအုန်းရဲ့မြေးတွေက ပညာတတ်ကြီးတွေဖြစ်လာပြီး အလုပ်ကိုယ်စီတွေနဲ့မို့ ရှားရှားပါးပါးတစ်ခါတစ်ရံမှသာ အဘွားအုန်းဆီကို ခဏတစ်ဖြုတ်ရောက်လာတတ်ကြပါတယ်။ အဘွားအုန်းရဲ့ နေ့စဉ်မပျက်မကွက်အလုပ်ကတော့ ည ၇ နာရီထိုးတာနဲ့ ဘုရားကိုသောက်တော်ရေကပ်၊ ဘုရားဝတ်ပြု၊ မေတ္တာပို့အမျှဝေ။ ပြီးတာနဲ့ နံရံမှာ အစီအရီထောင်ထားတဲ့ မြေး ၁၀ ယောက်ရဲ့ဓာတ်ပုံလေးတွေကို တစ်ပုံချင်းစီ နာမည်လေးခေါ်လိုက်။ နမ်းလိုက်။ အသက် ၈၅ ဖြစ်နေလဲ မြေးတစ်ယောက်ချင်းစီရဲ့ နာမည်တွေကို မမေ့သလို တစ်ယောက်ချင်းစီရဲ့ အမူအကျင့်တွေကိုလဲ သတိတရပြန်ပြောပြနေတတ်ပါသေးတယ်။

"မြေးလေးတွေရေ အဘွားလွမ်းလှပေါ့ကွယ်။ ဟိုအရင်လို နွေရာသီရောက်တိုင်း အဘွားဆီကို စုံစုံညီညီရောက်လာစေချင်လှပေါ့"

မြေးလေးတွေကို တမ်းတပြီး အလွမ်းပိုနေတဲ့ မိခင်ကြီးကိုပြုံးကြည့်ပြီး အပျိုကြီးဒေါ်ကြည်က ကျီစယ်ချင်လာပါရော။

"အမေနော် မြေးတွေရဲ့ဓာတ်ပုံလေးတွေကျတော့ နေ့တိုင်းနမ်းနေတာ။ ဒီသမီးကြီးကိုကျတော့ မနမ်းဘူးရယ်"

အဘွားအုန်းလဲ သမီးအပျိုကြီးစကားကြောင့် သွားမရှိတော့တဲ့ပါးစပ်လေးဟကာ အားရပါးရရယ်လိုက်ပြီးမှ-

"အိုအေ ဒီအရွယ်ကြီးကလဲ အနမ်းခံချင်သကိုး။ လာ ရှေ့တိုး ရွှတ်. . ."

❖ အဘွားအုန်းရဲ့ခြံကျယ်ကျယ်ကြီးထဲမှာ အလယ်တည့်တည့်က အိမ်မည်းမည်းကြီး၊ အိမ်ရှေ့ဖျားမှာ ရေတွင်းတစ်တွင်း၊ အိမ်နောက်မှာ ရေတွင်းတစ်တွင်း၊ အိမ်ရှေ့မြေကွက်လပ်ကြီးက အဘိုးပြားရဲ့ လှည်းမီးချထားတဲ့ လှည်းတွေရပ်နားရာနေရာ၊ ရေတွင်းနှစ်တွင်းကြားမှာ မြေတွေပေါင်ထိုးကာ ဇော်စိမ်းပန်းတွေစိုက်ပြီး ဘုရားပန်းရောင်းငွေရ၊ အိမ်ပတ်လည်က အုန်းပင်တွေက အုန်းသီးဖိုးတွေရသရွေ့ စုဘူးထဲထည့်ထားပြီး နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့တိုင်း နှစ်ဦးဆွမ်းကပ်နေကျ။ ❖

# ကန့်ဘလူမြို့နယ်တွင် သရက်နှင့် နဂါးမောက်သီးနံ့များကို GAP အသိအမှတ်ပြုလက်မှတ်ရရှိရေး လျှောက်ထား



**ကန့်ဘလူ ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်၌ ယခုနှစ်တွင် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် သရက်နှင့် နဂါးမောက်သီးနံ့များကို GAP အသိအမှတ်ပြုလက်မှတ်ရရှိရေးလျှောက်ထားကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ်ဧပြီလပထမပတ်မှ ယနေ့ထိ တောင်သူ ၂၇ ဦး၏ စိုက်ဧက ၁၃၅၀ ၌ GAP နည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် သရက်နှင့် နဂါးမောက်သီးနံ့များကို GAP အသိအမှတ်ပြုလက်မှတ်ရရှိရေးလျှောက်ထားကြောင်း သိရသည်။

"GAP နည်းစနစ်နဲ့ စိုက်ပျိုးခဲ့တဲ့အနေအထားမှာ ရောင်းချရင်လဲ ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအစာရရှိလာပြီး စားသုံးနိုင်မယ်။ GAP အသိအမှတ်ပြုလက်မှတ်ရရှိလို့ ဈေးဆိုင်ကြီးတွေမှာ ရောင်းချမယ်ဆိုရင် စိုက်ပျိုးသူအတွက်ကော စားသုံးသူတွေအတွက်ပါ ပိုအဆင်ပြေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ပြီးခဲ့သည့်နှစ်က ကန့်ဘလူမြို့နယ်တွင် တောင်သူ ၂၂ ဦး၏ စိုက်ဧက ၁၃၄၉ ဒသမ ၈၈ ဧက၌ GAP နည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် သရက်နှင့် နဂါးမောက်သီးနံ့များကို ၂၀၂၂ ခုနှစ် မေ ၁၁ ရက်က GAP အသိအမှတ်ပြုလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP စိုက်ပျိုးနည်းစနစ်ကို ဘေးကင်းလုံခြုံ၍ အာဟာရပြည့်ဝသည့်အစားအစာများ ထုတ်လုပ်နိုင်ရန်၊ လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်လုံး၌ စိုက်ပျိုးထုတ်လုပ်သူအပါအဝင် လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများ ပိုးသတ်ဆေး အဆိပ်သင့်မှုအန္တရာယ်ကို လျော့ကျစေရန်၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း GAP နည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် တောင်သူများအနေဖြင့် GAP အသိအမှတ်ပြုလက်မှတ် လျှောက်ထားရာတွင် လွယ်ကူလျင်မြန်စေရန် အတွက် Online မှတစ်ဆင့် လျှောက်ထားနိုင်ရန်လည်း ဆောင်ရွက်ပေးထားကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် မကျီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူရင်းချောက်ကျေးရွာအုပ်စု မကျီးကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမ အကြိမ်ထုတ်ချေးခြင်းကို ဧပြီ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်နှင့် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက မကျီးကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ကြသူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ဒသမ အကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းသန်းရိုး**



# ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဧပြီ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ တိလောကျေးရွာအုပ်စု ရွှေရန်ပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရွှေရန်ပြေကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅ သန်းထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

## နွေ

- တောင်လေမြူးကြွ တိုက်ခတ်ကြ
  နွေလဂိမှာန် ရောက်လေပြီ။

- ရွက်ဟောင်းညာကြွေ ရွက်သစ်ဝေ
  လေပွေ ဝှေ့ယမ်းလာတော့သည်။

- ဆက်ရက်ကမြည် လက်ပံနီ
  ပင်စည်ခိုင်လုံး ပွင့်တော့သည်။

- ချိုသာညက်ညော သံစဉ်နှော
  ဥသြလေးတို့ တွန်တော့သည်။

- ပေါက်လဲငုံစီ ရိုးတံချီ
  နေခြည်အဆင်း ဝင်းတော့သည်။

- ရင်းထောင်ကိုပြင် ထန်းလုလင်
  လုပ်ခွင်တွင်တွင် ဝင်တော့သည်။

- ခေါနိုးထက်အပ် ခါးမှာချပ်
  ထန်းလက်ထန်းခိုင် ချိုင်တော့သည်။

- နွေရဲ့အလှ စာဖွဲ့ပြ
  ခြယ်သမကုန် ရှိတော့သည်။

**ကျော်မင်း(ပုဂံမြေ)**

# တံတားဦးမြို့နယ် ဇီးချောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တံတားဦး ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဇီးချောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဇီးချောင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဇီးချောင်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မ မြေသားတင် ချင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် Mega Glory ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ဇီးချောင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧကများမှ ထွက်ရှိလာသော ဒေသထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

ခရီးသွားဆောင်းပါး

# အဘယဂီရိ သို့မဟုတ် ရန်ကင်းတောင်

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်ထွက်ဖြစ်ခဲ့တဲ့ခရီးက တစ်ညလုံး စဉ်းစားတွေးတောအဖြေထုတ်ခဲ့ရပြီး မဖြစ်မနေ ကြုံကြိုဖန်ဖန်ထွက်ခဲ့ရတဲ့ခရီးပါ။ လောက်ကိုင်မြို့ကနေ ပြန်လာပြီး မကြာခင်မှာ ခရီးတစ်ခုထွက်ဖို့အတွက် စဉ်းစားထားခဲ့တယ်။ ခရီးထွက်ဖို့စဉ်းစားထားတဲ့ အစီအစဉ်က ပြင်ဦးလွင်မြို့နဲ့ မနီးမဝေးမှာရှိနေတဲ့ တောင်တစ်ခုခုကို တက်ရောက်ပြီး ဘုရားဖူးရင်း၊ လေ့လာကြည့်ရှုရင်း၊ စားသောက်ပြန်ကြရမဲ့ နေ့ချင်းပြန် ခရီးစဉ်မျိုးပါ။ ဒါကြောင့်လဲ တစ်ခါတုန်းက တက်ရောက်လေ့လာခဲ့ကြတဲ့ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ထဲက သာခိုတောင်ကို သတိရမိခဲ့ပြီး ဒေသခံစာရေးဆရာ ကိုတေဇဆီကို ဖုန်းနဲ့ဆက်သွယ်မေးမြန်းစုံစမ်းရတော့တယ်။ ပုသိမ်ကြီးမြို့နယ်ထဲမှာ သာခိုတောင်လို အလားတူ တောင်တွေရှိနေသေးလား၊ တက်ရောက်လို့ရလားဆိုတာတွေပါ။

ဆရာကိုတေဇက သာခိုတောင်လို မရှိတော့ကြောင်း၊ ဒါပေမဲ့ မန္တလေးမြို့အနီးမှာ နာမည်ကျော်တောင်တွေဖြစ်တဲ့ သခင်မတောင်၊ ရက်ကန်းစင်တောင်၊ စကျင်တောင် စတဲ့တောင်တွေရှိနေကြောင်း၊ ဒီတောင်တွေကို သွားမယ်၊ တက်မယ်ဆိုရင် ပိုမိုအဆင်ပြေနိုင်ကြောင်းနဲ့ သူတို့တစ်တွေပါ လိုက်ပါကြမည်ဖြစ်ကြောင်း ဖြေကြားအကြောင်းပြန်ပေးခဲ့တယ်။ ဒါကြောင့် တနင်္ဂနွေနေ့ မနက်စောစောကတည်းက ပြင်ဦးလွင်ကနေ ခရီးဖော်တွေနဲ့ ထွက်လာကြမှာဖြစ်ကြောင်း၊ လိုက်ပါကြမဲ့သူတွေက အဆင်ပြေနိုင်တဲ့နေရာတွေမှာ စောင့်နေကြစေလိုကြောင်း၊ လူစုံပြီဆိုတာနဲ့ သတ်မှတ်တောင်တွေရှိရာကို ဆက်လက်သွားကြမှာဖြစ်ကြောင်း စတာတွေကို ကြိုတင်စီစဉ်ထားခဲ့ကြပါတယ်။

ဒါပေမဲ့ စနေနေ့ညနေမှာ ဆရာကိုတေဇဆီက ဖုန်းဝင်လာတယ်။ သွားရောက်ကြရမဲ့ သခင်မတောင်၊ ရက္ကန်းစင်တောင်၊ စကျင်တောင်ဒေသတွေမှာ နယ်မြေအေးချမ်းမှုမရှိတော့တာကြောင့် သွားလာလို့မဖြစ်နိုင်တော့ကြောင်း၊ အန္တရာယ်များပြားနိုင်ကြောင်း၊ နောက်မှအေးအေးဆေးဆေးသွားသင့်ကြောင်း စတဲ့ အချက်တွေကို ပြောပြတယ်။ ပြင်ဦးလွင်ကနေလိုက်ပါကြမဲ့ ခရီးဖော်တွေအားလုံးကို ပြောဆိုထားပြီးလဲဖြစ်နေ၊ ခရီးစဉ်ကို မပျက်စေချင်တဲ့ဆန္ဒလဲရှိနေတာကြောင့် တစ်မျိုးတစ်မည်စဉ်းစားပြောင်းလဲစီစဉ်ရတော့မယ်ဆိုတာကို ချက်ချင်းသိလိုက်ရတယ်။ ဒါကြောင့်လဲ စနေနေ့ည တစ်ညလုံးတွေးတောစဉ်းစားခဲ့ပြီး အခုခရီးစဉ်ဖြစ်ပေါ်လာခဲ့ရတာပါ။ သတ်မှတ်ရက် တနင်္ဂနွေနေ့ မနက်စောစောကတည်းက ပြင်ဦးလွင်ကနေ လိုက်ပါကြမဲ့ ခရီးဖော်တွေကို ခေါ်ယူတင်ဆောင်မောင်းနှင်လာခဲ့ပြီး ဆရာကိုတေဇဆီကိုလဲ ပြင်ဦးလွင်ကနေ ထွက်လာနေပြီဖြစ်ကြောင်းနဲ့ လက်ဖက်ရည်ဆိုင်တစ်ခုခုမှာ ကြိုတင်စောင့်ဆိုင်းပေးစေလိုကြောင်း ဖုန်းနဲ့ဆက်သွယ်ထားလိုက်တယ်။ ခရီးစဉ်အနေအထားနဲ့ ဘယ်နေရာတွေကို သွားကြမယ်ဆိုတာကိုတော့ ဘယ်သူ့ကိုမှမပြောပြရသေးပါဘူး။

ဒီလိုနဲ့ ပုသိမ်ကြီးမြို့ကိုရောက်လာခဲ့ပြီး လက်ဖက်ရည်ဆိုင်ထိုင်တဲ့အချိန်ရောက်မှ သွားလို့မရတဲ့နေရာဒေသတွေကို မသွားရရင် သွားလို့ရတဲ့နေရာတွေကို သွားကြမှာဖြစ်ကြောင်း၊ မိမိဆန္ဒသဘောအရ ဒီနေ့တစ်ရက်တည်းနဲ့ မန္တလေးမြို့ပတ်ဝန်းကျင်မှာရှိနေတဲ့ အထင်ကရတောင်ကြီး ငါးလုံးကို အရောက်သွားတက်ရောက်ချင်ကြောင်း၊ တောင်ကြီးငါးလုံးက ရန်ကင်းတောင်၊ မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ကျောက်ဆည်ရွှေသာလျောင်းတောင်နဲ့ မဟာရွှေသိမ်တော်တောင်တို့ဖြစ်ကြောင်း ပြောပြလိုက်တဲ့အခါ အားလုံးက သဘောတူပြီး အတူတကွလိုက်ပါလာခဲ့ကြတယ်။ မိမိအပါအဝင် ပြင်ဦးလွင်က ခရီးဖော်တွေနဲ့အတူ ပုသိမ်ကြီးနဲ့ မန္တလေးနယ်ခံတွေဖြစ်တဲ့ ဆရာတော်တစ်ပါး၊ ဆရာစောချိုသာ၊ ဆရာကိုတေဇ၊ ဆရာဦးမြင့်သန်းဆိုသူတွေပါ။

ပထမဦးဆုံး စတင်တက်ရောက်ကြမဲ့တောင်က ရန်ကင်းတောင်ဖြစ်တဲ့အတွက် လက်ဖက်ရည်သောက်၊ စကားပြောပြီးကြတာနဲ့ ခရီးစဉ်ကို စလိုက်ကြတော့တယ်။ နယ်ခံဒေသခံလဲဖြစ်၊ ဆရာတော်တစ်ပါးလဲဖြစ်နေတာကြောင့် ခရီးဖော်ဆရာတော်က မိမိနဲ့အတူ ကားရှေ့ခန်းမှာထိုင်ပြီး လမ်းညွှန်တော်မူပါတယ်။ ဒါပေမဲ့ လမ်းညွှန်ဆရာတော်က ရန်ကင်းတောင်ကို အတက်လမ်း၊ အဆင်းလမ်း ပြောင်းပြန်မောင်းနှင်တက်ရောက်စေခဲ့ပြီး စတင်မှားကြတော့တာပါ။ ဒါကလဲ ရန်ကင်းတောင်ပေါ်က မနောရထပူရဏီစေတီတော်ခြေရင်းကိုရောက်ရှိပြီး ကားရပ်လိုက်မှ သိရှိရတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရန်ကင်းတောင်ပေါ်ကို ရောက်ရှိခဲ့ကြပါပြီ။

ရန်ကင်းတောင်ကို ပါဠိဘာသာစကားနဲ့ အဘယဂီရိတောင်လို့လဲ ခေါ်ဆိုကြပါတယ်။ အဘယဆိုတာ ဘေးအန္တရာယ်ကင်းရှင်းတာဖြစ်ပြီး ဂီရိက တောင်လို့ အဓိပ္ပာယ်ရနေတယ်။ ရန်ကင်းတောင်က အမြင့်ပေ ၆၀၄ ပေမြင့်နေပြီး အလျား ၆၆၀၆ ပေရှိပါတယ်။



ရန်ကင်းတောင်ရှိ ငါးရံ့မင်းရုပ်တုကို တွေ့ရစဉ်။

ကားလမ်းကနေမတက်ဘဲ စောင်းတန်းလှေကားတွေအတိုင်း ခြေကျင်တက်မယ်ဆိုရင် တောင်ဘက်လှေကား ၅၆၅ ထစ်၊ မြောက်ဘက်လှေကား ၄၂၉ ထစ်ကို ကျော်လွှားတက်ရောက်ကြရပါမယ်။ ဒါ့ပြင် ငါးရံ့မင်းလိုဏ်ဂူအတွင်းကို ဆက်လက်ဆင်းသက်ကြမယ်ဆိုရင် တွင်းအနက် ပေ ၅၀ ရှိနေပြီး တောင်ဘက်လှေကား ၇၂ ထစ်၊ မြောက်ဘက်လှေကား ၇၂ ထစ်ရှိနေပါတယ်။

ရန်ကင်းတောင်ပေါ်မှာ ဗျာဒိတ်ပေးဘုရား၊ ခမွစကြာဘုရား၊ ဘောဂဝတီနဂါးရုံဘုရား၊ အောင်မြေဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ သိုက်နန်းရှင်နန်း၊ ရှမ်းမောင်နှမနတ်နန်း၊ ရန်ကင်းတောင်ဘိုးဘိုးကြီး၊ တောင်ပိုင်ရှင် အမေယက္ခနတ်နန်းတို့ရှိနေတယ်ဆိုတာကို သိထားရတယ်။ ဂူတွေအနေနဲ့ ဂူကြီးကိုးဂူရှိပါတယ်။ ဖားဂူ၊ ဂူသစ်၊ အောင်သိဒ္ဓိဂူ၊ ခမွသိဒ္ဓိဂူ၊ ငါးရံ့မင်းဂူ၊ နတ်နဂါးဂူ၊ အောင်ဇုဒ္ဒဂူ၊ ဝက်ဘာဂူ၊ ဝိဇ္ဇာညီနောင်ဂူတွေပါ။ ရန်ကင်းတောင်ရဲ့ ထူးခြားချက်ကတော့ ဘယ်အရပ်၊ ဘယ်နေရာကကြည့်ကြည့် တောင်အနေအထားကို အရှည်လိုက်၊ အလျားအတိုင်း တွေ့မြင်နေရတာဖြစ်ပါတယ်။

ရန်ကင်းတောင်ရဲ့ အထင်ကရကျက်သရေဆောင်စေတီတော်ကြီးတစ်ဆူကတော့ အခုမိမိတို့ခရီးဖော်တွေရောက်ရှိနေကြတဲ့ မနောရထပူရဏီစေတီတော်ကြီးပါ။ စေတီတော်ကြီးကို နာမည်ကျော် မြစကြာဆရာတော်က ဦးဆောင်တည်တော်မူခဲ့တာဖြစ်သလို ရန်ကင်းတောင်ကို မြင်တွေ့လိုက်ရတာနဲ့ စေတီတော်ကြီးကို တွေ့မြင်ဖူးမြော်နေရတာကလဲ ထူးခြားနေပါတယ်။ စေတီတော်ကြီးက တောင်ပေါ်မှာ ခံ့ခံ့ထည်ထည်တည်ရှိနေတယ်။ စေတီတော်ကြီးကို ပထမအထပ် ၂၄ ပစ္စည်းနဲ့ ပတ်ရံတည်ထားပြီး ဒုတိယအထပ်ကို မဂ္ဂင်ရှစ်ပါးနဲ့ ပတ်ရံတည်ထားတယ်။ နောက်ဆုံးအထပ်ဖြစ်တဲ့ တတိယထပ်မှာ သစ္စာလေးပါးနဲ့ အထပ်ထပ်ပတ်ရံတည်ထားတာကြောင့် စေတီတော်ကြီးက ထူးခြားနေတယ်လို့ ပြောဆိုရတော့မှာပါ။ စေတီတော်ကြီးကို အတွင်း၊ အပြင်အထပ်တွေမှာ လေ့လာကြည့်ရှုဖူးမြော်ပြီးတာနဲ့ ငါးရံ့မင်းလိုဏ်ဂူတော်ရှိရာကို ဆင်းလာခဲ့ကြတယ်။

ငါးရံ့မင်းလိုဏ်ဂူတော်က မနောရထပူရဏီစေတီတော်ကြီးအနီး အောက်နားမှာရှိနေလို့ သေသပ်လှပတဲ့ လှေကားထစ်တွေအတိုင်း ဆင်းလာကြရတယ်။ လှေကားထစ်တွေက အနည်းငယ် မတ်စောက်ပါတယ်။ ဂူထဲမှာ ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ ငါးရံ့မင်းရုပ်တုကြီးတွေရှိနေကြတယ်။ ငယ်ရွယ်စဉ်အခါရောက်ခဲ့တုန်းက ဂူထဲမှာ ကျောက်စက်ကျရေတွေနဲ့ အေးမြစိုစွတ်နေပေမဲ့ အခုအချိန်မှာ ကျောက်စက်ကျရေတွေကို မတွေ့ရတော့ပါဘူး။ အဲဒီတုန်းက ငါးရံ့မင်းတွေရဲ့ ကိုယ်ပေါ်မှာလဲ ကျောက်စက်ကျရေတွေ တစ်စက်စက်နဲ့ ရွှဲရွှဲစိုနေတာကိုလဲ သတိရနေမိတယ်။ ဂူထဲမှာနေတဲ့ ဆရာတော်ကို မေးမြန်းစုံစမ်းကြည့်တော့ ကျောက်စက်ကျရေတွေမရှိတော့တာ နှစ်အနည်းငယ်ကြာနေပြီဖြစ်ကြောင်း သိလိုက်ရတယ်။

ရန်ကင်းတောင်ပေါ်မှာ နောက်ထပ် သတိရမိတာက ဂူတွေပါ။ ကျောင်းသားဘဝ အသက်အရွယ်ကလဲငယ်၊ သူငယ်ချင်းနှစ်ယောက်တည်းလဲဖြစ်နေတာကြောင့် ဂူတွေအတွင်းကို မဝင်ရဲကြဘူး။ ဂူတွေကလဲ တောင်တက်၊ တောင်ဆင်းလမ်းတစ်လျှောက်မှာ လမ်းညွှန်ဆိုင်းဘုတ်လေးတွေနဲ့ အများအပြားရှိနေကြတယ်။ နှစ်ယောက်တည်းမဆင်းရဲခဲ့တဲ့ ဂူတွေအတွင်းကို နောက်ထပ်တစ်ခါ သူငယ်ချင်းတွေစုပြီးလာကြတဲ့အခါ ဝင်ရောက်ကြမယ်လို့ ကြုံးဝါးကြွေးကြော်ခဲ့ကြပေမဲ့ လူစုမရခဲ့သလို နောက်အခေါက်ဆိုတာလဲ မဖြစ်ခဲ့တော့ပါဘူး။

ရန်ကင်းတောင်က ပုသိမ်ကြီးမြို့နယ်အတွင်းမှာ ပါဝင်နေပြီး မန္တလေးမြို့အရှေ့ဘက် ငါးမိုင်အကွာမှာ တည်ရှိနေတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၈၈၄ ပေ၊ တောင်အမြင့် ၆၀၄ ပေမြင့်ပါတယ်။ ပုဂံခေတ်ကတည်းကအထင်အရှားရှိနေခဲ့သလို အလောင်းစည်သူမင်းကြီးရဲ့ သားတော် မင်းရှင်စော ပြည်နှင်ဒဏ်ခံရစဉ် အောင်ပင်လယ်အရပ်၊ ထွန်းတုံးပူတက်ရပ်မှာ ကန်တွေကို ဆည်ဖို့ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်ခဲ့တယ်လို့ဆိုပါတယ်။ တစ်နှစ်မှာ မိုးခေါင်လွန်းတာကြောင့် ငါးရံ့မင်းပရိတ်ကို ရွတ်ဆိုခဲ့ကြရတယ်။ ဒီလိုငါးရံ့မင်းပရိတ်ကို ရွတ်ဖတ်ပူဇော်ခဲ့ကြလို့ မိုးတွေအဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့သလို မိုးဒဏ်ကြောင့် လူတွေလဲ ဖျားနာခဲ့ကြရတယ်။ ဒီအခါမှာ လူတွေက ကြောက်ရွံ့စိုးရိမ်လာကြပြီး ငါးရံ့မင်းရုပ်တုကို အခု ရန်ကင်းတောင်ရှိရာကို ရွှေ့ပြောင်းထားလိုက်ကြတယ်။ ငါးရံ့မင်းရုပ်တုကို ရွှေ့ပြောင်းထားလိုက်တဲ့အခါ လူတွေ အဖျားအနာကင်း၊ ဘေးရန်ကင်းသွားတာကို အစွဲပြုပြီး ရန်ကင်းတောင်လို့ ခေါ်ဆိုခဲ့ကြတယ်။ တချို့ကလဲ ငါးရံ့မင်းရုပ်တုထားရှိရာတောင်ဖြစ်လို့ ငါးရံ့မင်းတောင်လို့လဲ ခေါ်ဆိုခဲ့ကြတယ်ဆိုပြီး သမိုင်းက ဆိုထားကြပါတယ်။

သမိုင်းထဲမှာ ငါးရံ့မင်းပရိတ်ကို ရွတ်ဆိုကြတယ်လို့သာ ပါရှိနေပြီး ငါးရံ့မင်းရုပ်တုအကြောင်း တိတိကျကျမပါရှိပါဘူး။ ရုပ်တုကို ဘယ်အချိန်မှာ ထုလုပ်လိုက်တာလဲ။ အရင်ကတည်းက ရှိနေတဲ့ ရုပ်တုလား၊ မိုးခေါင်မှ ထုလုပ်တဲ့ ရုပ်တုလား၊ ရုပ်တုရဲ့မူလနေရာက အောင်ပင်လယ်လား၊ ရန်ကင်းတောင်လား ဒါမှမဟုတ် အခြားတစ်နေရာရာကလားဆိုတာတွေ မသဲကွဲဘူးဖြစ်နေတယ်။ အချို့သမိုင်းတွေက မင်းရှင်စောရဲ့နန်းတော်ထဲက ရုပ်တုလို့ဆိုထားပြန်ပါတယ်။ ဒါပေမဲ့ နန်းတော်နဲ့ ရုပ်တုသမိုင်းတွေကို ဖော်ပြထားတာ မတွေ့ရပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ပုသိမ်ကြီးနဲ့ ရန်ကင်းတောင်၊ ရန်ကင်းတောင်နဲ့ ငါးရံ့မင်းရုပ်တုတွေက ခွဲခြားထားလို့မရပါဘူး။ ပုသိမ်ကြီးမြို့ရဲ့ ထင်ပေါ်ကျော်ကြားတဲ့ အမှတ်သင်္ကေတတွေဖြစ်နေကြပါပြီ။

ရန်ကင်းတောင်ပေါ်က မနောရထပူရဏီစေတီတော်ကြီးနဲ့ ငါးရံ့မင်းလိုဏ်ဂူတွေမှာ ဖူးမြော်ကန်တော့လေ့လာပြီးတာနဲ့ တောင်ဆင်းလမ်းအတိုင်း ပြန်ဆင်းလာခဲ့ကြတယ်။ တောင်တက်ကားလမ်းဖောက်လုပ်ပြီးကတည်းက တောင်ပေါ်ကို ကားနဲ့ပဲ တက်လိုက်၊ဆင်းလိုက်လုပ်လာခဲ့ရတယ်။ ငယ်တုန်းကတော့ စောင်းတန်းတွေကအတိုင်း ခြေကျင်တက်ရောက်ခဲ့ရပြီး ချောင်ကြိုချောင်ကြားတွေပါမကျန် ပြေးလွှားဆော့ကစားရင်း ရောက်ရှိခဲ့ရတာလေးတွေကို ပျော်စရာကောင်းနေတယ်။ ဒါပေမဲ့ သူ့ခေတ်နဲ့သူ့အခါ အရာရာပြောင်းလဲကုန်ကြပါပြီ။ တောင်ခြေမှာ တန်းစီပြီး တွေ့မြင်ခဲ့ရတဲ့ အမှတ် (၅)လိုင်းဘတ်စကားနီနီကြီးတွေကို မတွေ့မမြင်ရတော့သလို လမ်းပေါ်မှာ ဥဒဟိုသွားလာနေကြတဲ့ နွားလှည်းတွေလဲမရှိကြတော့ပါဘူး။မန္တလေးမြို့နဲ့ ဆက်သွယ်ထားတဲ့ ၁၉ လမ်းကလဲ အရင်လိုမဟုတ်တော့ဘဲ သွားလာလှုပ်ရှားနေတဲ့ကားတွေ၊ ဆိုင်ကယ်တွေအပြည့်နဲ့ စည်ကားနေပါပြီ။

ဒုတိယတောင်အဖြစ် ဆက်လက်တက်ရောက်ရမဲ့တောင်က မန္တလေးတောင်ပါ။ ဒါကြောင့် ရန်ကင်းတောင်ရှိရာ ပုသိမ်ကြီးမြို့ကနေ ၁၉ လမ်းအတိုင်း တည့်တည့်မောင်းနှင်လာခဲ့တယ်။ မြို့အထွက်တစ်နေရာကိုရောက်တော့ "အတုလမဟာမြကျောက်စေတီတော်သာသနာ"ဆိုတဲ့ ခံ့ခံ့ညားညား၊ ထည်ထည်ဝါဝါ မုခ်ဦးဆိုင်းဘုတ်ကြီးကို တွေ့လိုက်ရလို့ ကားကို အရှိန်သတ်ပြီး စေတီတော်ဝင်းအတွင်း ဝင်ရောက်လာခဲ့တယ်။ သတ်မှတ်ကားရပ်နားကွင်းနေရာမှာ ကားရပ်ပြီးမှ "ခရီးစဉ်မှာမပါပေမဲ့ မရောက်တာကြာနေလို့ပါ ဆရာတို့ရေ"ဆိုပြီး ခရီးဖော်တွေကို တောင်းပန်စကားဆိုရတော့တယ်။ ခရီးဖော်တွေအားလုံးကလဲ "ရပါတယ်၊ ပိုကောင်းတာပေါ့"ဆိုတဲ့ ပြိုင်တူစကားသံတွေနဲ့အတူ စေတီတော်ကြီးရှိရာကို စုဝေးထွက်ခွာလာခဲ့ကြတယ်။

မြကျောက်စေတီတော်ဝင်းအတွင်းမှာ ကြည့်ရှုလေ့လာစရာတွေက အများအပြားပါ။ ဒါပေမဲ့ နောက်ခရီးစဉ်တွေအတွက် အချိန်မမီမှာစိုးတာကြောင့် စေတီတော်ကြီးကို ဖူးမြော်ကန်တော့ပြီး အထင်ကရအဓိကနေရာတွေကိုသာ လေ့လာခဲ့ကြရတယ်။ တစ်ချိန်က သဘာဝရေသန့်ထွက်ခဲ့တဲ့နေရာတစ်ခုဖြစ်ပြီး အထူးကျော်ကြားထင်ရှားခဲ့သလို အလွန်စည်ကားခဲ့ပါတယ်။ အခုအချိန်မှာတော့ အနည်းငယ် တိတ်ဆိတ်ခြောက်ကပ်သလိုဖြစ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မရောက်တာကြာပြီဖြစ်တဲ့ စေတီတော်ကြီးကိုတော့ ဖူးမြော်ကန်တော့ကြရပါပြီ။ ခရီးစဉ်အရ မန္တလေးတောင်ရှိရာကို ဆက်လက်ထွက်ခွာကြပါတော့မယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အမ်းမြို့နယ် ဆန္ဒင်းကျွန်း၊ မြံအုန်းကျွန်းနှင့် ကျားအိုးချောင်းတို့တွင် ဒီရေတောကာကွယ်ရေးသစ်ပင် ၁၅၀၀ ကျော် စိုက်ပျိုး



**အမ်း မေ ၂၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ဆန္ဒင်းကျွန်း၊မြံအုန်းကျွန်းနှင့် ကျားအိုးချောင်းတို့တွင် ဒီရေကာကွယ်ရေးသစ်ပင် ၁၅၀၀ ကျော်ကို မေ ၁၄ ရက်မှ မေ ၁၉ ရက်ထိ စိုက်ပျိုးခဲ့ကြောင်း ရခိုင်ပြည်နယ် အမ်းမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ အဖွဲ့ဝင် ဦးမျိုးလွင်က ပြောပြ၍ သိရသည်။

ဒီရေတောကာကွယ် ထိန်းသိမ်းရေးအတွက် အမ်းမြို့နယ် ဆန္ဒင်းကျွန်း၊ မြံအုန်းကျွန်းနှင့် ကျားအိုးချောင်းတို့တွင် ပန်းပင်၊ ရေအုန်းပင်၊ ပြူးဝိုင်းပင်များကို ဒေသခံလူကြီး၊ လူငယ် ၃၀ ကျော်တို့ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အဓိက ကတော့ ဒီရေတောတွေ ပြုန်းတီးနေတဲ့နေရာတွေကို စိုက်ပျိုးခဲ့ကြတာပါ။ ဆန္ဒင်းကျွန်းမှာဆိုရင် သဲတွေ၊ ကျောက်တွေ ထုတ်ယူတာတွေကြောင့် ဒီရေတောတွေ ပျက်စီးမဲ့ အနေအထားကိုလဲ တွေ့ရတယ်။ ဒါတွေကို ထိန်းသိမ်းချင်တဲ့ ရည်ရွယ်ချက်နဲ့ စိုက်ပျိုးတာပါ။ ဒီရေတောတွေ ပြုန်းတီးလာတာက ထင်း၊ မီးသွေးအဖြစ် လောင်စာအသုံးပြုဖို့ ခုတ်ယူကြတာတွေနဲ့ အဓိကဆိုင်ပါတယ်။ နောက်တစ်ခုက ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ သစ်အဖြစ်အသုံးပြုဖို့ ခိုးပြီး ထုတ်ယူကြတာတွေရှိပါတယ်" ဟု ရခိုင်ပြည်နယ် အမ်းမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ အဖွဲ့ဝင် ဦးမျိုးလွင်ကပြောပြသည်။

ရခိုင်ပြည်နယ်တွင် ဒီရေတောဧက စုစုပေါင်း ၁၉၅၇၂၆ ဧကရှိပြီး မောင်တောခရိုင်တွင် ဧက ၅၃၂၀၊ စစ်တွေခရိုင်တွင် ဧက ၇၄၆၀၊ မြောက်ဦးခရိုင်တွင် ၁၄၈၂၆၈ ဧက၊ ကျောက်ဖြူခရိုင်တွင် ဧက ၈၃၆၆၀ နှင့် သံတွဲခရိုင်တွင် ၈၃၈၇၆ ဧကရှိကြောင်း ရခိုင်ပြည်နယ် သစ်တောဦးစီးဌာနမှ သိရသည်။

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် နှင့် ကျောက်ဖြူမြို့နယ်တို့တွင် တည်ရှိသည့် အကြီးဆုံး ဝန်ဖိုက် ဒီရေတောသည် ဧက ၁၅၀၀၀၀ ကျော်ရှိပြီး လက်ရှိတွင် သစ်ခိုးထုတ်မှုနှင့် ထင်း၊ မီးသွေးအတွက် ခုတ်ယူမှုများ ရှိနေကြောင်း သိရသည်။ ASH

# ဘိုကလေးမြို့နယ် ငွေတောင်စံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘိုကလေး မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ငွေတောင်စံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ငွေတောင်စံပြကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ငွေတောင်စံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း၊ စီမံကိန်းချေးငွေများကို ကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# တမာလမ်းမှာဆုံကြမည်

**မန်းတင့်မော်**



မြန်မာ့နှစ်ဦးသင်္ကြန်အခါနီးလေတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူအားလုံး သင်္ကြန်နှင့်အတူ ပိတောက်ပန်းကို မျှော်တလေ့ရှိကြပါသည်။ သင်္ကြန်နှင့်ပိတောက်က ခွဲခြားမရနိုင်လောက်အောင် အတူယှဉ်တွဲလျက်ရှိသည်မဟုတ်ပါလား။

မန္တလေးအပါအဝင် မြန်မာ့အညာဒေသတွင်မူ သင်္ကြန်နားနီးလျှင် တမာရနံ့လှိုင်လှိုင်ရတတ်သည်။ အညာနှင့်တမာကလည်း ခေါင်းနှင့်ပန်းသဖွယ် တစ်သားတည်းရှိလှသည်။ အညာသူ၊ အညာသားတို့က သင်္ကြန်ကိုချစ်သကဲ့သို့ တမာကိုလည်းမြတ်နိုးလေ့ရှိသည်။ မန္တလေးသူ၊ မန္တလေးသားတို့က သင်္ကြန်နှင့်အတူ မြို့မကိုလည်း မျှော်တကြသည်။ မြို့မတူရိယာအသင်းကြီးနှင့်တွဲဖက်လျက် ခေတ်အဆက်ဆက် ဖျော်ဖြေခဲ့သော ရုပ်ရှင်မင်းသား အဆိုတော်ဝင်းဦးကို အားပေးခဲ့ကြသည်။ ဇော်ဝမ်းကိုလည်း ချစ်ခင်ကြသည်။ သုမောင်ကိုလည်း သြဘာပေးခဲ့ကြသည်။ လက်ရှိ ဖိုးသောကြာထိ မြို့မနှင့်အတူ တစ်ခဲနက်အားပေးမြဲပင်။

သင်္ကြန်နားနီးလျှင် တမာများပွင့်လေ့ရှိသည်။ တမာရနံ့က သင်းသင်းမွှေးမွှေး။ သင်္ကြန်ရေက အေးအေး။ အညာသင်္ကြန်ကျလေတိုင်း ပိတောက်ပွင့်ချိန်နှင့် တိုက်ဆိုင်ချင်မှတိုက်ဆိုင်တတ်သည်။ တမာပွင့်ချိန်နှင့်မူ နှစ်တိုင်းတိုက်ဆိုင်သည်။ ပိတောက်ပန်းအစား တမာခက်များ ပန်ဆင်တတ်ကြသေးသည်။ သင်္ကြန်မဏ္ဍပ်များကိုလည်း တမာကိုင်း၊ အုန်းခက်များနှင့် အလှဆင်ကြသေးသည်။ အညာ၏သင်္ကြန်အတာအိုးများ ပန်းထိုးရာတွင်လည်း တမာပန်း၊ တမာခက်က မပါမဖြစ်ပါဝင်သည်ဖြစ်ရာ သင်္ကြန်အကြိုနေ့ရောက်လျှင် အိမ်တိုင်းအိမ်တိုင်းရှိ သင်္ကြန်အကြိုအတာအိုးများတွင် ပန်းမျိုးစုံနှင့်အတူ တမာပန်းရနံ့ပါ သင်းလှိုင်နေတော့သည်။

တမာဆိုင်ရာ ရိုးရာယုံကြည်မှုတစ်ရပ်လည်း အညာဒေသတွင် ယခုတိုင် ဆောင်ရွက်လျက်ရှိသေးသည်။ "အိမ်ရှေ့တမာ အိမ်နောက်ခံတက် စီးပွားတက်"ဟူသောအဆိုအရ အိမ်ခြံဝင်းများတွင် အိမ်၏မျက်နှာစာ၌ တမာပင်တစ်ပင်စိုက်ပြီး အိမ်ခြံ၏နောက်ဘက်တွင် ခံတက်ပင်တစ်ပင် စိုက်ထားလေ့ရှိသည်။ စီးပွားရေးဆိုင်ရာကို တက်မတက် အတပ်မပြောနိုင်သော်လည်း လက်တွေ့အားဖြင့် တမာရွက်နှင့် ခံတက်ရွက် စားရမည်မှာတော့ သေချာမှုတစ်ခုပင်ဖြစ်သည်။ ရှေးလူကြီးများ အမှာအထား အဆိုအမိန့်များစွာတွင် အကျိုးဖြစ်ထွန်းမှုတစ်စုံတစ်ရာအတွက် ရည်ရွယ်မိန့်ဆိုခဲ့ကြသည်ချည်းဖြစ်ပါသည်။

တမာနှင့်စပ်လျဉ်း၍ မြန်မာ့အသံရွှေခေတ်ကာလများဆီက "မြန်မာ့အစာနှင့် အာဟာရ" ခေါင်းစဉ်ဖြင့် ကျန်းမာရေးဆိုင်ရာဟောပြောချက်ကဏ္ဍတစ်ရပ် ထုတ်လွှင့်ခဲ့ဖူးပါသည်။ ဟောပြောချက်တစ်ခုတွင် စစချင်း "အထက်အညာမှာ အချက်အချာကျတဲ့ အရွက်တမာ"ဟူသော ကာရန်မိမိ အသံသြဇာကောင်းကောင်းဖြင့် ပြောဆိုမှုကို တစ်ကြိမ်ကြားမိရုံနှင့် တစ်သက်တာ မှတ်မိသွားသော စာသားဖြစ်နေတော့သည်။ တကယ်လည်း အချက်အချာကျပါသည်။ တမာရွက်၊ တမာပွင့်၊ တမာသီးတို့က အညာ၏သရုပ် အညာ၏အလှ အညာ၏သဘာဝဟုလည်း ဆိုနိုင်ပါသည်။ နွေဦးနှင့်အတူ တမာရွက်နုနုလေးများကြားတွင် တမာအဖူးများ ငုံစီစီနှင့် ထွက်ပေါ်လာလေ့ရှိသည်။ အညာသူ၊ အညာသားများကတော့ စားတမာ (ဇမာတမာဟုလည်းခေါ်)နှင့် ကုလားတမာဟူ၍ နှစ်မျိုးခွဲလေ့ရှိကြသည်။ စားတမာပင်က အပင်ပို၍ကြီးသည်။ အရွက်လည်းကြီး အခေါက်အပွေးကလည်း ထူထဲ၍ အမြောင်းရှည်သည်။ ကျန်တမာက အရွက်မစားရ။ အရွက်သေး၊ အပင်သေး၊ အခေါက်ပါးပါးရှိသည်။ တမာနှစ်မျိုးစလုံး ပွင့်ချိန်တန်လျှင် မွှေးရနံ့အတူကြိုင်ကြသည်သာ။ တမာရနံ့က နံနက်ခင်းထက် ညနေခင်းနှင့် ညပိုင်းတွင် ပို၍သင်းပျံ့သည်။ တမာရနံ့က အဆုတ်အားကောင်းစေသည်ဟူသော ယူဆချက်များလည်းရှိခဲ့ဖူးသည်။

တမာပင်များ ရွက်နုထွက်ချိန်တွင် ကြက်တူရွေးငှက်များ ဥဥလေ့ရှိပြီး တမာပင်သီးချိန်တွင် ထိုငှက်များ အရွယ်ရောက်လေ့ရှိသဖြင့် "တမာလည်းနုကျေးလည်းဥ၊ တမာလည်းသီး ကျေးလည်းကြီး"ဟူ၍ ဆိုရိုးပြုခဲ့ကြသည်။ "တမာတစ်ခက် သွားတစ်သက်" ဟူသောစကားကမူ တမာရိုးနှင့် သွားတိုက်လျှင် သွားများခိုင်မာကြောင်း ညွှန်းဆိုလျက်ရှိသည်။ မြန်မာစာအဖွဲ့က ထုတ်ဝေထားသော မြန်မာစကားပုံစာအုပ်တွင် "လှစေချင်လို့ သွားကြောင်တိုက်၊ ရေစီးကမ်းပြိုလိုက်"ဟူသောစကားပုံကို "လှချင်လွန်း၍ သွားကိုမဖြူဖြူအောင် တိုက်ခါမှ သွားဖုံးရေစီးကမ်းပြိုလိုက်ပြီး အရုပ်ဆိုးသွားသကဲ့သို့ ကောင်းစေလို၍ အထူးပြုလုပ်ခါမှ မကောင်းဘဲ ပို၍ဆိုးသွားသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ လူမှုနယ်ပယ်အသီးသီးတွင်လည်း ရေစီးကမ်းပြိုအဖြစ်များက ရှိခဲ့၊ ရှိဆဲ၊ ရှိနေဦးမည်မှာလည်း အသေအချာပင်။ တမာအကြောင်းစဉ်းစားရင်း တမာကိုင်းဘယ်လောက်ကြီးကြီး ဆတ်လွယ်၊ ကျိုးလွယ်သော သဘောရှိကြောင်း မှတ်သားမိပါ၏။ မန်ကျည်းကိုင်း ခပ်သေးသေးကမူ သေးပင်သေးငြား မကျိုးလွယ်ဘဲ ခိုင်မာသည်။ ထို့ကြောင့် တမာပေါသော အညာတစ်ကြောက "မန်ကျည်းတစ်ညို့ လူတစ်ကိုယ်၊ တမာတစ်ကိုင်း လူသချိုင်း"ဟူ၍လည်း ပမာပြုတတ်ကြပါသေးသည်။

တမာဆိုင်ရာ မြန်မာစာကဗျာများကလည်း များစွာရေးဖွဲ့ မှတ်တမ်းတင်ခဲ့ကြပါသည်။ ဂန္ထဝင်အဆိုတော်ချိုပြုံး၏ "တမာလမ်းကိုပြန်ခဲ့ပါ"သီချင်းက နှစ်ပေါင်း ၅၀ ကြာခဲ့သည့်တိုင် တေးချစ်သူပရိသတ်၏ရင်ထဲသို့ တိုးဝင်စွဲငြိလျက်ရှိနေသေးသည်။ အဟောင်းတိုင်းလည်း ပစ်ပယ်၍မရသလို အသစ်တိုင်းကိုလည်း နှစ်သက်ချင်မှ နှစ်သက်ကြပါလိမ့်မည်။ လူ့သဘောလူ့သဘာဝနှင့် လူ့စရိုက်များကား အတိုင်းအဆမရှိ ကျယ်ဝန်းနက်ရှိုင်းလှသည်လည်းဖြစ်ပါသည်။ ချိုပြုံး၏တမာတေးထဲတွင် "နှစ်ဦးခွဲခွာဆယ်လီနှစ်များ ကြာခဲ့ပြီမောင်ရေ"ဟူ၍ ချစ်သူနှစ်ဦး ကွဲကွာသောကာလကို ဆယ်စုနှစ်ဟု ဖော်ညွှန်းထားသည်။ တမာလမ်းသာမက ဘဝလမ်းတွင်ပါ ကွဲကွာနေကြရသော ချစ်ရသူ၊ ခင်ရသူ၊ သံယောဇဉ်ကြီးမားကြရသူများ အချင်းချင်းလည်း အမြန်ဆုံးပြန်လည်ဆုံစည်းနိုင်စေကြောင်းကိုလည်း တမာသီချင်းကဲ့သို့ပင် ဆန္ဒပြုချင်လှပါ၏။

မြန်မာ့စာပေ၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်အသီးသီးတွင် မှတ်တိုင်ကောင်းပေါင်းများစွာကို စိုက်ထူသွားပါသော စွယ်စုံရအနုပညာရှင် ဝင်းဦးကလည်း "တမာပန်းကလေးနဲ့ အညာမန်းမရွှေ"ဟူသော တေးသီချင်းကိုသီဆို၍ တမာနှင့်အညာကို မမေ့မလျော့ ဂုဏ်ပြုသီဆိုသွားခဲ့ပါသေးသည်။ ရေဒီယိုအဆိုတော် ခင်မောင်ကြီး၏ "ပန်းတမာလား ချစ်သူလား"သီချင်းကလည်း စွဲလမ်းတမ်းတဖွယ် သီချင်းတစ်ပုဒ်ဖြစ်ပါသည်။ အဆိုတော် ခင်မာစမ်း၏ "ခါးတမာချိုလေမှ" သီချင်းကလည်း ထိုခေတ်ထိုအခါက အမျိုးသမီးထု၏နှုတ်ဖျားတွင် တွဲခိုခဲ့သော သီချင်းကောင်းတစ်ပုဒ်ပါပေ။ အဆိုပါသီချင်းနှင့် ခေါင်းစဉ်တူ ရုပ်ရှင်ကားတစ်ကားပေါ်ထွက်ခဲ့ဖူးသည်ကိုလည်း မှတ်မှတ်ထင်ထင်ရှိနေပါသေးသည်။

ရန်ကုန်တက္ကသိုလ်ကို ကံ့ကော်တောဟု တင်စားကြသကဲ့သို့ မန္တလေးတက္ကသိုလ်ကိုလည်း တမာတောဟု ဆိုနိုင်ပါလိမ့်မည်။ တမာရနံ့များကြိုင်လှိုင်ချိန်တွင် မန္တလေးတက္ကသိုလ် ရွှေမန်းလမ်းတစ်လျှောက်က တမာရနံ့သင်းသင်းမွှေးပုံကိုလည်း ထူးထူးခြားခြားသတိရမိသည်သာ။ မုံရွာတက္ကသိုလ်၌ အမှုထမ်းခဲ့စဉ်ကလည်း တမာပွင့်ချိန်တွင် တက္ကသိုလ်တစ်ဝန်းလုံး တမာရနံ့သင်းပျံ့ခဲ့သည်ကိုလည်း မမေ့နိုင်ပါ။ မုံရွာနှင့်ကျောက်ကာရွာသွားလမ်းတစ်လျှောက် တမာပင်တန်းများက တစ်မျှော်တစ်ခေါ်။ နှစ်ရှည်တမာပင်များဖြစ်ကြောင်း တုတ်ခိုင်ကြီးမားသော ပင်စည်များနှင့်အုပ်ဆိုင်းနေသော အပင်ရွက်အုပ်များက သက်သေခံလျက်ရှိနေပါသည်။ မန္တလေး တံခွန်တိုင်ရပ်က တမာတန်းကလည်း လှပသောလမ်းကလေးအဖြစ် ရပ်တည်နေဆဲ။ အညာမြို့ရွာတိုင်းတွင်လည်း တမာပင်၊ တမာတန်းများက လွှမ်းခြုံလျက်ရှိနေပါသည်။ "အညာတမာလွမ်းရမည်"ဟူသော ဆောင်ပုဒ်ကလည်း တစ်ခါတစ်ခါ ခေါင်းထဲဝင်လာသေးသည်။

"ကတိသစ္စာ တည်သောခါ၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏" ဟူသော အဆိုက စာသားနည်းနည်းဖြစ်သော်လည်း တွေးဆဖွယ်ကား ကြီးမားလှပါသည်။ တမာ၏ဆေးအစွမ်းကလည်း များလှတွေ့တွေ့ဖြစ်တော့သည်။ အိန္ဒိယဆေးကျမ်းနှင့် မြန်မာဆေးကျမ်းများကလည်း တမာ၏ဆေးအသုံးဝင်မှုများကို ခေတ်အဆက်ဆက် သမားအဖိုးဖိုးတို့က မှတ်တမ်းတင်ခဲ့ကြသလို လက်တွေ့ဆေးအသုံးချမှုများလည်း အထင်အရှားပင်။ အနောက်တိုင်းဆေးပညာကလည်း တမာကိုအလေးထား၍ သုတေသနများ လုပ်ဆောင်ခဲ့ လုပ်ဆောင်ဆဲ လုပ်ဆောင်နေပါလိမ့်ဦးမည်။ အခြားတစ်ဖက်ကကြည့်လျှင် တန်ဆေး လွန်ဘေး ဟူသောစကားကလည်း ကျန်းမာရေးအတွက်သာမကဘဲ ကျန်ဆိုင်ရာနယ်ပယ်အားလုံးအတွက်လည်း အလေးထားသင့်သော အချက်တစ်ချက်ဖြစ်ပါသည်။ ဆေးမှန်သမျှ ဘေးထွက်ဆိုးကျိုးရှိကြောင်း ပညာရှင်များ၏ သတိပေးချက်များလည်းရှိပါသည်။

တမာမြေ၊ တမာရိပ်၊ မြတမာ၊ ကျေးတမာ၊ တမာတော စသည့်တမာဆိုင်ရာအမည်များကလည်း တမာချစ်သူများက ချစ်ခင်မြတ်နိုးစွာမှည့်ခေါ်ထားကြောင်း ပေါ်လွင်နေပါသည်။ တမာရွက်နုချိန်နှင့် တမာပွင့်ချိန်ရောက်လေတိုင်း တမာလမ်းကိုလွမ်းရသူများလည်းရှိကြမည်။ တမာလမ်းကို တမ်းတသူများကလည်းမရှား။ တမာလမ်းကို မှန်းဆသူများကလည်း အမှန်တကယ်တည်တံ့နေပါလိမ့်ဦးမည်။

အားလုံးအားလုံးသော တမာချစ်သူများ တမာရနံ့လွှမ်းသော တမာလမ်းတွင် ဆုံစည်းလျက် တမာရိပ်မှာ အတူတကွ အမောပြေခွေးသိပ်နိုင်ကြပါကြောင်းကိုလည်း ဆုတောင်းမေတ္တာပို့သလျက်ရှိနေပါသည်။

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက အိမ်ကွင်းနိုင်ပွဲရှာရမဲ့ လက်စတာ၊ ဒေါ့မွန်နဲ့ ဆိုစီဒက်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L




စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပွဲစဉ်တွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမရှိပေမဲ့ ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းတွေကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပြိုင်ပွဲတွေဟာ ရာသီပိတ်သိမ်းဖို့နီးကပ်လာတာကြောင့် ချန်ပီယံဆုဆွတ်ခူးမဲ့အသင်းတွေကိုတွေ့မြင်နေရပေမဲ့ ပရီးမီးယားလိဂ်၊ ဘွန်ဒက်လီဂါနဲ့ ပြင်သစ်လီဂူးတို့က ဇယားထိပ်ကအသင်းနဲ့ အဆင့်(၄)တွင်း အသင်းတွေက ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် နောက်ဆုံးပွဲစဉ်ထိ အကြိတ်အနယ်ရှိလာမှာသေချာပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်မှာတော့ စီးရီးအေ၊ ပရီးမီးယားလိဂ်နဲ့ လာလီဂါကအသင်းကြီးတွေ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာကြောင့် စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေမှာလဲ အသင်းကြီးတွေကိုရှောင်ပြီး အိမ်ရှင်အားသာချက်နဲ့ မဖြစ်မနေရမှတ်ရှာရမဲ့ အသင်းတွေကိုသာ အဓိကရွေးချယ်ရမှာဖြစ်ပါတယ်။

## လက်စတာအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လက်စတာအသင်းနဲ့ ဝုဗ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်စတာအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ရလဒ်ပိုင်းဆိုးရွားခဲ့တာကြောင့် နည်းပြရော်ဂျာနဲ့လမ်းခွဲခဲ့ပြီး နည်းပြသစ်အဖြစ် အေဗီလာနည်းပြဟောင်းစမစ်ကိုခန့်အပ်ခဲ့ပေမဲ့ လက်ရှိအချိန်ထိ နိုင်ပွဲပျောက်ဆုံးနေဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ ဖေဖော်ဝါရီလလယ်ပိုင်းကစလို့ ပြိုင်ပွဲစုံ ၁၀ ပွဲမှာ နိုင်ပွဲမရရှိတော့ဘဲ သရေရလဒ်တစ်ပွဲသာရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အဆင့် (၁၇) က အဲဗာတန်အသင်းနဲ့ အဆင့် (၁၆)က လိဒ်အသင်းတို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေသလို အဆင့် (၁၅) ဝက်စ်ဟမ်းအသင်းနဲ့လဲ ရမှတ်ခြောက်မှတ်သာကွာဟမှုရှိတာကြောင့် လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းရှာနိုင်မယ်ဆိုရင် ပရီးမီးယားလိဂ်မှာ ဆက်လက်ကစားခွင့်ရရှိမှာသေချာပါတယ်။ လက်ရှိမှာ သူတို့အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားဟာ ဘေးဘန်းဒဏ်ရာရနေပေမဲ့ မက်ဒီဆင်၊ တိုင်လီမန်၊ အီနာချိုတို့အတွဲကိုတော့ ဝုဗ်အသင်းခံစစ်ပိုင်းတားဆီးဖို့ မဖြစ်နိုင်ပါဘူး။ ဒါ့ပြင် ဝုဗ်အသင်းဟာ လက်စတာအသင်းနဲ့ ကစားခဲ့တဲ့ နောက်ဆုံးအဝေးကွင်းငါးပွဲစလုံး နိုင်ပွဲမရဘဲ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။

ဝုဗ်အသင်းဟာ နည်းပြလိုပက်တီဂူ တာဝန်ယူပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာခဲ့ပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ရုန်းကန်နေရဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲဆက်မှာ လီဗာပူးအသင်းကို နှစ်ဂိုးဂိုးမရှိ၊ နယူးကာဆယ်ကိုနှစ်ဂိုး တစ်ဂိုး၊ နော်တင်ဟမ်အသင်းကို တစ်ဂိုးစီသရေသာကစားနိုင်ခဲ့ပြီး နိုင်ပွဲမရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းကပွဲတိုင်းဂိုးရခဲ့ပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးခုနစ်ဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးသုံးပွဲမှာ ရလဒ်ကောင်းခဲ့ပေမဲ့ အဝေးကွင်း ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်သေးပါဘူး။ ဒါ့ပြင် သူတို့အသင်း တိုက်စစ်ပိုင်းက ဆာရာဘီးယား၊ ကန်ဟာ၊ ကော်စတာတို့ကလဲ ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ တန်းဆင်းဇုန်ကလွတ်ဖို့ မဖြစ်မနေနိုင်ပွဲရှာရမဲ့ လက်စတာအသင်းရဲ့ တိုက်စစ်ကစားပုံကို ဝုဗ်အသင်းခံစစ်ပိုင်းပွဲချိန်ပြည့် ထိန်းချုပ်ဖို့မဖြစ်နိုင်လို့ လက်စတာအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### လက်စတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | လက်စတာ |
| ပဲလေ့စ် | ၂ | - | ၁ | လက်စတာ |
| လက်စတာ | ၁ | - | ၂ | အေဗီလာ |
| လက်စတာ | ၀ | - | ၁ | ဘုန်းမောက် |
| မန်စီးတီး | ၃ | - | ၁ | လက်စတာ |

### ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၂ | - | ၁ | ဝုဗ် |
| ဝုဗ် | ၂ | - | ၄ | လိဒ် |
| နော်တင်ဟမ် | ၁ | - | ၁ | ဝုဗ် |
| ဝုဗ် | ၁ | - | ၀ | ချဲလ်ဆီး |
| ဝုဗ် | ၂ | - | ၀ | ဘရန့်ဖို့ဒ် |

## ဒေါ့မွန်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဒေါ့မွန်အသင်းနဲ့ ဖရန့်ဖတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ စတုဂတ်နဲ့ပွဲစဉ်မှာ ဦးဆောင်ဂိုးတွေသွင်းယူနိုင်ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အဆင့်(၁)က ဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်နဲ့ ရမှတ်ကွာဟသွားပေမဲ့ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ အခွင့်အရေးရှိနေဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီအိမ်ကွင်း ၁၃ ပွဲမှာ ဝါဒါဘရီမင် တစ်ပွဲကိုသာ ရှုံးနိမ့်ခဲ့ပြီး ၁၁ ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရမှတ် ၃၄ မှတ်ထိရယူနိုင်ခဲ့တာကြောင့် အိမ်ကွင်းအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာလဲဖြစ်ပါတယ်။ နည်းပြ တာဇစ်ရဲ့ ကစားကွက်ပိုင်းမှာတော့ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဘယ်လင်ဟမ်၊ ဘရန့်ဒ်တို့က ခြေစွမ်းပြနေပြီးဘရန့်ဒ်က သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ခံစစ်ကဟမ်းမဲလ်၊ ရှက်လိုတာဘက်ခ်၊ ဆူလီ၊ မူနီယာတို့ ဒဏ်ရာရနေတာကြောင့် နောက်ဆုံး ရှစ်ပွဲဆက် Clean Sheet မရခဲ့ပေမဲ့ တိုက်စစ်ပိုင်းက အိမ်ကွင်းပွဲစဉ်တွေမှာ ဂိုးသွင်းနှုန်းမြင့်မားတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်းတွေ့ဆုံမှု ၂၆ ကြိမ်မှာလဲ ဒေါ့မွန်အသင်းက ၁၆ ပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာတစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ဖရန့်ဖတ်အသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် ရမှတ်တွေဆုံးရှုံးခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အိမ်ကွင်းကစားပုံကောင်းမွန်ပေမဲ့ နောက်ဆုံးအဝေးကွင်း ၁၀ ပွဲဆက်မှာတော့နိုင်ပွဲမရခဲ့ဘဲ ပေးဂိုးတွေများခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီအမှတ်ပေးပြိုင်ပွဲအဝေးကွင်း ၁၄ ပွဲမှာ လေးပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၂၅ ဂိုးရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ မူနာအာနီဟာ သွင်းဂိုး ၁၃ ဂိုးနဲ့ အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်ပေမဲ့ အဝေးကွင်းမှာတော့ ပုံမှန်ဂိုးသွင်းနိုင်ဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ ဖရန့်ဖတ်အသင်းဟာ ကစားသမားခြောက်ယောက်ထိ ပါဝင်နိုင်မှာမဟုတ်လို့ ကစားကွက်ပိုင်းအားနည်းချက်ရှိမှာ သေချာပါတယ်။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာမဲ့ ဒေါ့မွန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၆ | - | ၁ | ကိုလုံး |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၂ | ဒေါ့မွန် |
| လိုက်ပ်ဇစ် | ၂ | - | ၀ | ဒေါ့မွန် |
| ဒေါ့မွန် | ၂ | - | ၁ | ယူနီယံဘာလင် |
| စတုဂတ် | ၃ | - | ၃ | ဒေါ့မွန် |

### ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၁ | - | ၁ | ဂရူသာဖတ် |
| ဖရန့်ဖတ် | ၁ | - | ၁ | ဘိုချမ် |
| ဖရန့်ဖတ် | ၂ | - | ၀ | ယူနီယံဘာလင် |
| လေဗာကူဆင် | ၃ | - | ၁ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၁ | - | ၁ | ဂလာဘတ် |

## ဆိုစီဒက်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆိုစီဒက်နဲ့ ဗယ်လ်ကာနိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ အခုရာသီမှာ အဓိကတိုက်စစ်မှူး အစ်ဆက်ခ်ကို ရောင်းချခဲ့ပေမဲ့ သူ့နေရာမှာကူဘိုနဲ့ ဆိုးလော့တို့ကို ပြန်လည်အစားထိုးနိုင်ခဲ့တာကြောင့် ကစားအားကျဆင်းသွားခြင်းမရှိပါဘူး။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပွဲ ၂၉ ပွဲအပြီးမှာ ရမှတ် ၅၁ မှတ်ရရှိခဲ့ပြီး အဆင့်(၄)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ပိုင်း အဝေးကွင်းပွဲစဉ်တွေမှာ ရလဒ်မှတ်ဆုံးရှုံးခဲ့ပေမဲ့ အိမ်ကွင်းတွေမှာ နိုင်ပွဲရှာနိုင်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် သေချာသလောက်ရှိနေပြီး အဆင့် (၅) ဘက်တစ်ကို ရမှတ်သုံးမှတ်ဖြတ်ကျော်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့ပေမဲ့ အိမ်ကွင်းသုံးပွဲမှာတော့ ရလဒ်ကောင်းခဲ့တာကို သတိပြုရမှာပါ။ ဒါ့ပြင် ဆိုစီဒက်အသင်းဟာ အခုရာသီအိမ်ကွင်းပွဲစဉ် ၁၄ ပွဲမှာသုံးပွဲသာ ရှုံးပွဲရှိခဲ့ပြီး ရမှတ် ၂၅ မှတ်ထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းတိုက်စစ်ပိုင်းကိုတော့ ဆိုးလော့၊ ကူဘို၊ အိုရာဇာဘယ်တို့ ဦးဆောင်နေပြီး ဆိုးလော့က သွင်းဂိုးကိုးဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ ကစားသမားသုံးယောက် ပါဝင်နိုင်မှာမဟုတ်ပေမဲ့ အိမ်ကွင်းကစားပုံကောင်းတဲ့ သူတို့အသင်းအတွက် အခက်အခဲရှိမှာမဟုတ်ပါဘူး။ ဒါ့ပြင် ဗယ်လ်ကာနိုနဲ့ နောက်ဆုံးရှစ်ကြိမ်တွေ့ဆုံမှုမှာလဲ ဆိုစီဒက်က ငါးပွဲနိုင်၊ သုံးပွဲသရေရလဒ်ရရှိခဲ့တာကို တွေ့ရမှာပါ။

ဗယ်လ်ကာနိုအသင်းဟာ ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ အိုဆာဆူနာကို အနိုင်ရခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာတော့ နိုင်ပွဲပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြဟာ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်အသားပေးကစားခဲ့တာကြောင့် ပေးဂိုးနည်းခဲ့ပေမဲ့ လိုအပ်တဲ့ ရမှတ်တွေကိုတော့ စုဆောင်းနိုင်တာမရှိခဲ့ပါဘူး။ ဒါ့ပြင် အခုရာသီ အဝေးကွင်း ၁၄ ပွဲမှာလဲ လေးပွဲသာအနိုင်ရခဲ့သလိုငါးပွဲသရေ၊ ငါးပွဲရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်း ပုံမှန်ဂိုးသွင်းခြေစွမ်းရှိလာပေမဲ့ ခံစစ်ပိုင်းအမှားများနေတာကြောင့် ပေးဂိုးများခဲ့ပြီး နောက်ဆုံးငါးပွဲဆက် ဂိုးပေးခဲ့ရတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၂၉ ပွဲမှာ ၁၀ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ကိုးပွဲရှုံးခဲ့ပြီး ရမှတ် ၄၀ ရရှိခဲ့တာကြောင့် လာလီဂါမှာဆက်လက်ကစားခွင့်ရခဲ့ပြီး အဆင့်(၆)က ဗီလာရီးရဲလ်နဲ့ ရမှတ်ခုနစ်မှတ်သာ ကွာဟပေမဲ့ လက်ကျန်ပွဲစဉ်တွေဟာ ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်၊ ဗီလာရီးရဲလ်၊ ဘက်တစ်တို့လိုအသင်းတွေနဲ့ ကစားရမှာဖြစ်တာကြောင့် ဥရောပဝင်ခွင့်အတွက် ရုန်းကန်ရမှာဖြစ်ပါတယ်။ ဒါ့ပြင် လာလီဂါမှာ ဆက်လက်ကစားဖို့ သေချာနေတဲ့ သူတို့အသင်းအတွက် လက်ကျန်ပွဲစဉ်တွေကို အာရုံစိုက်ကစားပါ့မလားဆိုတာသတိပြုရမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဆိုစီဒက်က အသာရထားပြီး ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းမှာလဲ သာလွန်နေတာကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်ကိုပဲ အားပေးရမှာပါ။

### ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၀ | - | ၀ | ရိုးမား |
| ဆိုစီဒက် | ၂ | - | ၀ | အယ်ချီ |
| ဗီလာရီးရဲလ် | ၂ | - | ၀ | ဆိုစီဒက် |
| ဆိုစီဒက် | ၂ | - | ၀ | ဂီတာဖေး |
| ဘီလ်ဘာအို | ၂ | - | ၀ | ဆိုစီဒက် |

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆယ်တာဗီဂို | ၃ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၂ | - | ၂ | ဂျီရိုနာ |
| ဗလင်စီယာ | ၁ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၂ | အေတီကို |
| ဗယ်လ်ကာနို | ၂ | - | ၁ | အိုဆာဆူနာ |

# တောင်ငူခရိုင်အတွင်းရှိ သကြားစက်များက ယခုနှစ်ကြံရာသီချိန်တွင် လျာထားချက်ပြည့်မီအောင် ကြိတ်ခွဲဆောင်ရွက်နိုင်ခဲ့



**တောင်ငူ ဧပြီ ၂၀**

တောင်ငူခရိုင်အတွင်းရှိ သကြားစက်များက ယခုနှစ်ကြံရာသီချိန်တွင် လျာထားချက်ပြည့်မီအောင်ကြိတ်ခွဲဆောင်ရွက်နိုင်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ သတင်းများအရ သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးဆောင်ရွက်နေသည့် ကြံသီးနှံများကို ဝယ်ယူကြိတ်ခွဲဆောင်ရွက်နေသည့် သကြားစက်လေးလုံးရှိကြောင်း၊ အဆိုပါသကြားစက်များမှာ ရေတာရှည်မြို့နယ်တွင် အောင်ချမ်းသာ သကြားစက်နှင့် မြို့လှသကြားစက်၊ အုတ်တွင်း မြို့နယ်တွင် ဇောဓိကုန်သကြားစက်နှင့် ဖြူးမြို့နယ်တွင် ဇေယျဝတီ သကြားစက်များဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကြံရာသီ၌ အဆိုပါ သကြားစက်လေးလုံးမှ ကြံတန်ချိန် ၃၀၅၀၀၀ ဝယ်ယူကြိတ်ခွဲနိုင်ရေး လျာထား ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ လျာထားဆောင်ရွက်မှုအရ ရေတာရှည်မြို့နယ်အတွင်းရှိ အောင်ချမ်းသာသကြားစက်က ကြံတန်ချိန် ၆၅၀၀၀၊ မြို့လှသကြားစက်ကကြံတန်ချိန် ၁၂၀၀၀၀ တန်၊ အုတ်တွင်းမြို့နယ်ရှိ ဇောဓိကုန်သကြားစက်မှကြံတန်ချိန် ၇၀၀၀၀ နှင့် ဖြူးမြို့နယ်ရှိ ဇေယျဝတီ သကြားစက်ကကြံတန်ချိန် ၅၀၀၀၀ စုစုပေါင်း ကြံတန်ချိန် ၃၀၅၀၀၀ တန် ဝယ်ယူကြိတ်ခွဲဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ ကြံရာသီကုန်ဆုံးသွားခဲ့ပြီဖြစ်ပြီး အဆိုပါသကြားစက်များကလည်း လျာထားချက်အတိုင်း ပြည့်မီအောင် ကြိတ်ခွဲဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ရေတာရှည်မြို့နယ် အောင်ချမ်းသာသကြားစက်သည် ကြံတောင်သူများကိုကြံ တစ်တန်လျှင် စိုက်စရိတ်အဖြစ် ငွေကျပ် ၃၀၀၀၀၀ ထုတ်ချေးပေးခဲ့ပြီး မြို့လှသကြားစက်သည် ကြံတောင်သူများကို စိုက်စရိတ်ကြိုတင်ငွေ ထုတ်ပေးထားခြင်းမရှိဘဲ စက်အရောက် ငွေချေစနစ်ဖြင့် ဝယ်ယူ ကြိတ်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သကြားစက်များက ကြံကို စက်ရုံအရောက် တစ်တန်လျှင် ငွေကျပ် ၈၅၀၀၀ ဈေးနှုန်းဖြင့် ဝယ်ယူကြိတ်ခွဲခဲ့ကြကြောင်း၊ ထို့အတူ အုတ်တွင်းမြို့နယ် ဇောဓိကုန်းသကြားစက်နှင့် ဖြူးမြို့နယ် ဇေယျဝတီ သကြားစက်တို့ကလည်း ကြံစိုက်ကာလအတွင်း ကြံတောင်သူများကို ထွန်ယက်ချိန်၌ တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀၊ ဗောင်လုံးချိန်၌ ငွေကျပ် ၁၀၀၀၀၀ တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ နှုန်း ထုတ်ပေးခဲ့ကြောင်း၊ အဆိုပါစက်ရုံများက စက်ရုံအရောက် ကြံတစ်တန်လျှင် ငွေကျပ် ၈၅၀၀၀ နှုန်း၊ စိုက်ခင်းအရောက် ကြံတစ်တန်လျှင် ငွေကျပ် ၆၇၀၀၀ နှုန်းဖြင့် ဝယ်ယူကြိတ်ခွဲခဲ့ကြောင်း သိရသည်။

**ချမ်းချမ်း**

# ဧရာဝတီတိုင်းဒေသကြီး၌ သီဟိုဠ်စေ့တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိ ဈေးကောင်းရရှိ

**ပုသိမ် ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသထွက်သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးကြည်ဆွေက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ပြီးခဲ့သည့် မတ်လက သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ၄၈၀၀ ထိသာ ဈေးရရှိခဲ့ပြီး ယခုဧပြီလတွင် သီဟိုဠ်စေ့တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပုသိမ်မြို့နဲ့ သာပေါင်းမြို့မှာ သီဟိုဠ်စေ့ကုန်ချောတွေ ထုတ်လုပ်တဲ့ခွဲစက်တွေရှိပါတယ်။ ကုန်ကြမ်းတွေကိုဝယ်ယူပြီး ကုန်ချောပြုလုပ်ကာ ရန်ကုန်မြို့ကနေတစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ သီဟိုဠ်စေ့တွေက မိုးမရွာခင်အချိန်ထိ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ပါတယ်။ မိုးဖြိုင်ဖြိုင်ရွာသွန်းတဲ့ မေလနဲ့ ဇွန်လတွေမှာ သီဟိုဠ်စေ့မိုးမိရင် ရေဝင်ပြီး အသီးတွေမည်းသွားတတ်ပါတယ်။ အဲဒီအချိန် ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ရာသီ ပြီးဆုံးသွားပါတယ်"ဟု ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဦးကြည်ဆွေက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် သီဟိုဠ်စေ့များကို မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင် စသည့်ခရိုင်များမှ မြို့နယ်များတွင် စုစုပေါင်းဧက ၆၅၀၀၀ ထိ အများဆုံးစိုက်ပျိုးကြကြောင်း၊ အဆိုပါဒေသထွက် သီဟိုဠ်စေ့များကို ပုသိမ်မြို့မှ ပွဲရုံများက ဝယ်ယူကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း ပုသိမ်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဦးကြည်ဆွေက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

**ပလင်းတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**








**Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်**

**Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ...**

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊

လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



**ထာဝရလှပသော အပြုံးအတွက်**

**Fluoride** ပါဝင်သောကြောင့် သွားများကို ခိုင်မာစေပါသည်။ သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားပါသည်။

**DENTOMEC**

FDA အမှတ်-1907 PC 0040




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၁၀၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၈၆၀၁၀၀

KHA YAE PIN MART - ဖက်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



**စာရေးမတစ်ဦးအလိုရှိသည်**

လစာ - ၁၆၀၀၀၀

ဒန်/သတ္တုဆိုင်

ဈေးချိုအနောက်ဘက်

၂၆× ၂၇ ကြား၊ ၈၆×၈၇ ကြား

09-444015552

**ပျောက်ဆုံးကြောင်း**

ချမ်းမြသာစည်မြို့နယ်နေ မောင်ဝင်းမောင်မောင်(ဘ)ဦးဘငွေ (၉/မကန(နိုင်)၁၈၄၇၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၀ ၂၈၁၉၀

**ပျောက်ဆုံးကြောင်း**

ချမ်းမြသာစည်မြို့နယ်နေ မောင်စောမင်းနိုင်(ဘ)ဦးမှကေသါ(၉/ဝမရ(နိုင်)၁၁၈၈၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၆၁၀၉၁၀၀

**ပျောက်ဆုံးကြောင်း**

မြန်အောင်မြို့နေ ဖြိုးပြည့်လင်း(ဘ)ဦးဝင်းမြင့်ဦး (၁၄/မအန(နိုင်)၂၁၁၈၉၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၉၀၁၈၄၅၅

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ ဆောင်ဝေဖြိုး (ဘ)ဦးလှမေအး (၁၄/ပသန(နိုင်)၂၈၁၇၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၄၀ ၂၅၉၃၆

**ပျောက်ဆုံးကြောင်း**

အင်္ဂပူမြို့နေ မသဇင်မိုး (ဘ)ဦးပြည့်သိန်းအောင် (၁၄/အဂပ(နိုင်)၂၁၁၆၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၇၈၄၀၅၇

**ပျောက်ဆုံးကြောင်း**

မြန်အောင်မြို့နေ ဦးဝင်းနိုင် (ဘ)ဦးဝရွှေ (၁၄/မအန(နိုင်)၁၀၇၉၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၀၅၈၅၈၇၇

**ပျောက်ဆုံးကြောင်း**

ဟသ်ာတမြို့နေ အောင်နိုင်သူ(ဘ)ဦးကျော်စိန် (၁၄/ဟသတ(နိုင်)၃၁၂၅၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၄၀၆၆ ၂၃၆၀

**ပျောက်ဆုံးကြောင်း**

ဟသ်ာတမြို့နေ နေလင်းအောင် (ဘ) ဦးထိန်ဝင်း (၁၄/ဟသတ(နိုင်)၃၉၇၁၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၉၃၈၄၈၅၆

**ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ**


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၄ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ တပ်မတော်အနေဖြင့် မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ ပြည်သူသာအမိ၊ ပြည်သူသာအဖဟုခံယူပြီး နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ (Guardian)အနေဖြင့် အစဉ်အမြဲဆက်လက်တည်ရှိနေမည်ဖြစ်...

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃)တွင် ဆွေးနွေးမှုမှ ကောက်နုတ်ချက်)**

## အပူဒဏ်နှင့် ကျန်းမာရေး

ဆောင်းပါး စာမျက်နှာ - ၁၉

### ထူးခြားသည့် နေ့အပူချိန်များ

(၂၀-၄-၂၀၂၃)

| | | |
|---|---|---|
| မြင်းခြံမြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ကလေးဝမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| တမူးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မင်းကင်းမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ရွှေဘိုမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်းမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |

## အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ VUC အသင်း အုပ်စု(က)တွင် ကျရောက်

**ရန်ကုန် ဧပြီ ၂၀**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်များမဲခွဲမှုအပြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် VUC အသင်းသည် အုပ်စု(က)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

VUC အသင်းသည် ပြီးခဲ့သည့် ၂၀၂၂ မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင်

စာမျက်နှာ ၁၈ ကော်လံ ၄ ☆



အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် VUC အသင်းကို တွေ့ရစဉ်။

